ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ဘယ်အခါမှ အကျိုးမဆုတ်ယုတ်**

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေဋ္ဌမြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့။ Sunday, 10 December 2023 ၁၁၃၀၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကော်ဖီစိုက်ပျိုးရေးသည် ပြင်ဦးလွင်ဒေသနှင့် ကိုက်ညီမှုရှိပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသစီးပွားရေးကို အထောက်အကူပြုသည့် လုပ်ငန်းတစ်ခုဖြစ်သဖြင့် ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်ရေး မဖြစ်မနေဆောင်ရွက်

## ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများကို စနစ်တကျ ဆောင်ရွက်မှသာ နောင်လာမည့် ငါးနှစ်မှ ခုနစ်နှစ်အတွင်း ကော်ဖီထုတ်လုပ်မှုများ ပိုမိုတိုးတက်လာမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ဒေသထွက်ကော်ဖီထုတ်ကုန်များနှင့် စားသောက်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ကော်ဖီစိုက်ပျိုးမှုဆိုင်ရာများနှင့် ဒေသထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးဆိုင်ရာများကို ဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာ မျိုးသိန်းကျော်၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

**ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ အင်အား ၃၉၀၀ ကျော် ပါဝင်ဆင်နွှဲ** စာမျက်နှာ » ၇

**အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် (၂၅)နှစ်မြောက် ငွေရတုသဘင် အထိမ်းအမှတ် ကျောက်စာတိုင်ဖွင့်ပွဲနှင့် အောင်ပွဲအခမ်းအနားကျင်းပ** စာမျက်နှာ » ၉

**စက်သုံးဆီပြတ်လပ်တော့မည်ဆိုသည့် ကောလာဟလသတင်းများကြောင့် စိုးရိမ်ပူပန်မှု မဖြစ်စေလို** တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၂

**ထူးကဲပေစွ နှတ်တော်လ** ဆောင်းပါး စာမျက်နှာ » ၁၉

ကြေးမုံ

# တိုင်းရင်းသားအခွင့်အရေးများအလေးထား

ကမ္ဘာပေါ်ရှိနိုင်ငံများသည် ပြဋ္ဌာန်းထားသော ဥပဒေများနှင့်ဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ လွတ်လပ်စွာရှင်သန်နေထိုင်ကြသည်။ လူသားများ လွတ်လပ်စွာရှင်သန်နေထိုင်နိုင်ရန်အတွက် ခံစားပိုင်ခွင့်ရှိသည့် လူ့အခွင့်အရေးများရှိကြသည်။ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများသည် ဘာသာတရားနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာ၊ လူမျိုး၏ပင်ကိုစရိုက်လက္ခဏာများအရ လူအချင်းချင်းလေးစားမှုနှင့် လူ့အခွင့်အရေးတို့ကို တန်ဖိုးထားလေးစားသည့်နိုင်ငံဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များကို ထည့်သွင်းရေးဆွဲ ပြဋ္ဌာန်းထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ပြဋ္ဌာန်းထားသည်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၌ လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူရှိကြသည်ဟု ဖော်ပြထားသည်။

ထို့အပြင် လူ့အခွင့်အရေးကို လက်ခံရယူကျင့်သုံးရာတွင် မိမိ၏လွတ်လပ်ခွင့်နှင့် အခွင့်အရေးများကို ရယူသကဲ့သို့ သူတစ်ပါး၏လွတ်လပ်ခွင့်နှင့်အခွင့်အရေးကိုလည်း လေးစားတန်ဖိုးထားပြီး လိုက်နာဆောင်ရွက်ရမည့်တာဝန်များ၊ ကျင့်ဝတ်များကိုလည်း လျစ်လျူမရှုကြရန်၊ မပျက်ကွက်ကြရန်လိုကြောင်း ဖော်ပြထားသည်။ လူသားအားလုံးအနေဖြင့် မိမိတို့၏အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကိုကျင့်သုံးရာတွင် သူတစ်ပါး၏ဂုဏ်သိက္ခာနှင့် အခွင့်အရေးများကို အသိအမှတ်ပြုပြီး လေးစားတန်ဖိုးထားခြင်း၊ ခွဲခြားမှုမရှိဘဲ တန်းတူညီမျှရှိစေခြင်းတို့သည် လူ့အခွင့်အရေး၏ အရေးပါသည့် အနှစ်သာရများဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့ပြီး ဧပြီလတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့သည်။ သမိုင်းဝင်လူ့အခွင့်အရေးကြေညာစာတမ်းကို အတည်ပြုရန် ကုလသမဂ္ဂအထွေထွေညီလာခံ၌ မဲခွဲဆုံးဖြတ်နိုင်ရန်အတွက် ထိုစဉ်က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၄၈ နိုင်ငံတွင် အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်သည့် မြန်မာနိုင်ငံအနေဖြင့် ထောက်ခံမဲပေးနိုင်ခဲ့ပြီး ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကြေညာစာတမ်းကိုအတည်ပြု အကောင်အထည်ဖော်လျက်ရှိပြီး အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် ယနေ့ထက်တိုင် ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိသည်။


မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားပြီး ကျင့်သုံးလိုက်နာပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူစာချုပ်များဖြစ်သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များနှင့် နောက်ဆက်တွဲစာချုပ်များတွင်ပါ ပါဝင်ချုပ်ဆို၍ လိုက်နာဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံသားများအနေဖြင့် အခြေခံအခွင့်အရေးများကို ရရှိခံစားပြီး လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရန်အတွက် နိုင်ငံတစ်ဝန်းလုံး တရားဥပဒေစိုးမိုးပြီး တည်ငြိမ်အေးချမ်းမှုရှိရေးသည် အဓိကကျသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဖြတ်သန်းလာခဲ့ရသော သမိုင်းအတွေ့အကြုံအရ နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ကိုက်ညီသည့် နိုင်ငံရေးရည်မှန်းချက် (၂)ရပ်ဖြစ်သော "စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး"နှင့် အမျိုးသားရေးရည်မှန်းချက် (၂)ရပ် ဖြစ်သည့် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး" ရည်မှန်းချက်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းသည် နိုင်ငံသူ နိုင်ငံသားများ၏ မျှော်လင့်ချက်ဆန္ဒ အခွင့်အရေးများအပြည့်အဝရရှိအောင် ဖော်ဆောင်ပေးနေခြင်းဖြစ်သည်။

သို့သော် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် လုပ်ဆောင်နေခြင်းများသည် တိုင်းရင်းသားပြည်သူများရရှိမည့် လူ့အခွင့်အရေးများကို ပျက်ပြားအောင် ဖျက်ဆီးနေခြင်းဖြစ်သည်။ တိုင်းရင်းသားပြည်သူများ၏ လူ့အခွင့်အရေးများကို လက်နက်ကိုင်အကြမ်းဖက်နည်းလမ်းများဖြင့် ချိုးဖောက်နေခြင်းဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများ တန်းတူအခွင့်အရေးများရရှိရန်နှင့် အေးချမ်းသာယာဝပြောစွာနေထိုင်နိုင်ရန်အတွက် စည်းလုံးညီညွတ်မှုကို တည်ဆောက်ကြပြီး အဖျက်အမှောင့်လုပ်ရပ်များကို တိုင်းရင်းသားပြည်သူများလက်တွဲ၍ ဆန့်ကျင်တိုက်ဖျက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူပြည်သားများအားလုံး တန်းတူအခွင့်အရေးများ ရရှိစေရန်အတွက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းပါ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းထားသော နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့်တာဝန်များကို လေးစားလိုက်နာဆောင်ရွက်ကြခြင်းဖြင့် တိုင်းရင်းသားပြည်သူများအတွက် အခွင့်အရေးများကို မြှင့်တင်ဖော်ဆောင်ကြရမည်ဖြစ်ပါကြောင်း။ ။

## လားရှိုးမြို့၌ အစိုးရအဘိဓမ္မာ၊ အဘိဓမ္မာဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများ ကျင်းပ



လားရှိုး ဒီဇင်ဘာ ၉

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထေရဝါဒဗုဒ္ဓသာသနာထွန်းကားစေရန် ရည်ရွယ်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော အစိုးရအဘိဓမ္မာစာမေးပွဲ၊ အဘိဓမ္မာ ဂုဏ်ထူးဆောင်စာမေးပွဲနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများကို လားရှိုးမြို့ ပန်အုပ်ကျောင်းတိုက်တွင် ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အစိုးရအဘိဓမ္မာစာမေးပွဲ၊ အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများ ကျင်းပနေမှုအခြေအနေများကို စာမေးပွဲကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပန်အုပ်ကျောင်းဆရာတော် ဘဒ္ဒန္တဇိနောရသာလင်္ကာရနှင့် မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ လားရှိုးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း၊ ပြည်နယ်သာသနာရေးမှူးရုံးခွဲ(လားရှိုး)မှ ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်မောင်မောင်စိုးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ၂၀၂၂ ခုနှစ် အဘိဓမ္မာဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများတွင် မြန်မာတစ်နိုင်ငံလုံးတွင် ပထမဆုနှင့် ဒုတိယဆုများရရှိကြသည့် လားရှိုးမြို့မှ လူပုဂ္ဂိုလ်နှစ်ဦးအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ စာမေးပွဲကို လားရှိုးမြို့ ပန်အုပ်ကျောင်းတိုက်၌ ဒီဇင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ သုံးရက်တိုင် ကျင်းပသွားမည်ဖြစ်ပြီး လားရှိုး၊ ကျောက်မဲနှင့် မိုးမိတ် စာဖြေဌာနများမှ အဘိဓမ္မာ(ရိုးရိုး)စာမေးပွဲဖြေဆိုသူ ၁၃၅ ဦး၊ အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲဖြေဆိုသူ ရှစ်ဦး၊ ဝိသုဒ္ဓိမဂ်စာမေးပွဲဖြေဆိုသူ ၁၁ ဦးတို့က ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။

**စိုင်းထွန်း(လားရှိုး)**

## ကော့မှူးမြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးသည့်မိုးစပါးများ စတင်ရိတ်သိမ်း

ကော့မှူး ဒီဇင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးသည့်သွင်းအားစုများ ရယူ၍ ကန်ထရိုက်လယ်ယာစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေသော ခရိုက္ခနိကျေးရွာ ကွင်းအမှတ်(၅၂၃) တောင်သူ ဦးဇော်ဟန်၏လယ်၌ ဒီဇင်ဘာ ၉ ရက် နံနက် ၁၁ နာရီက မိုးစပါးရိတ်သိမ်းနေကြောင်း သိရသည်။



အဆိုပါမိုးစပါးရိတ်သိမ်းမှုအခြေအနေကို ကော့မှူးမြို့နယ် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စုစုထွေးနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်များ၊ အောင်နိုင်သစ္စာကုမ္ပဏီမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုအားပေးပြီး တောင်သူ ဦးဇော်ဟန်၏လယ်မြေဧက ၂၀ စံကွက်အား ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် အထွက်နှုန်း ၇၅ တင်း ထွက်ရှိကြောင်း သိရသည်။

ကော့မှူးမြို့နယ်တွင် အသင်းလေးသင်းဖြစ်သော ထန်းတပင်စိုက်/ထွေ၊ ခရိုက္ခနိ လယ်/ထွေ၊ ကြာကန်လယ်/ထွေ၊ ရေဖြူတွင်းလယ်/ထွေတို့ဖြင့် အသင်းသား ၁၅၈ ဦး၊ စိုက်ဧက ၁၈၄၃ ဧကအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးသည့်သွင်းအားစုများ ရယူ၍ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ကျော်သူရ(ပြန်/ဆက်)**

## ကန့်ဘလူခရိုင် စုပေါင်းရုံး၌ စားသုံးဆီများ၊ ဆန်၊ ကြက်ဥများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေး

ကန့်ဘလူ ဒီဇင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် ကန့်ဘလူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီမံဆောင်ရွက်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများအား စားသုံးဆီများ၊ ဆန်၊ ကြက်ဥများကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာ ရောင်းချပေးခြင်းကို ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်၍ ဆီကုန်သည်များနှင့်ပူးပေါင်းကာ ဒီဇင်ဘာ ၉ ရက် နံနက် ၈ နာရီခွဲက ခရိုင်စုပေါင်းရုံး၌ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့စားသုံးဆီများ ရောင်းချပေးရာတွင် ဌာနဆိုင်ရာဝန်ထမ်းများ သက်သာသောနှုန်းဖြင့် ဝယ်ယူနိုင်စေရန် လူတစ်ဦးလျှင် စားသုံးဆီ တစ်ပိဿာကို ကျပ် ၅၇၀၀ နှုန်းဖြင့် လူဦးရေ ၁၃၇၀ တို့အတွက် ရောင်းချပေးခြင်းဖြစ်ကြောင်းနှင့် အဆိုပါစုပေါင်းရုံး၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆန်တစ်ပြည်နှင့် ကြက်ဥငါးလုံးတို့ကို ကျပ် ၃၆၀၀ နှုန်းဖြင့် လူဦးရေ ၃၀၀ အတွက် ရောင်းချပေးကာ ဝန်ထမ်းများ၏ နေ့စဉ်စားသောက်ရေးအတွက် အထောက်အကူပြုနိုင်စေရန် ဈေးနှုန်းချိုသာစွာ ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | – | ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | – | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | – | ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | – | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | – | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | – | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | – | ဦးနိုင်လင်းကြည်၊ | **စာပြင်** | – | ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | – | ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကော်ဖီလုပ်ငန်းရှင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

☆ **ရှေ့ဖုံးမှ**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ပြင်ဦးလွင်ခရိုင်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြင်ဦးလွင်မြို့နယ်ရှိ ကော်ဖီလုပ်ငန်းရှင်များနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ပြင်ဦးလွင်မြို့အား ကော်ဖီမြို့တော်ဖြစ်စေရေး ရည်မှန်းဆောင်ရွက်လျက်ရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြင်ဦးလွင်ဒေသအတွင်း၌ ကော်ဖီနှင့် ဒေသထွက်ကုန်ပစ္စည်းများကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးနိုင်ရန် ယခုကဲ့သို့ တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသကို ကော်ဖီဒေသဖြစ်စေရေးအတွက် ယခင်ကတည်းကပင် ကော်ဖီလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံကိန်းမြေနေရာများ ဖော်ဆောင်ပေးခဲ့ကြောင်း၊ သို့သော်လည်း ကော်ဖီလုပ်ငန်းလုပ်ဆောင်ရန် မြေနေရာရယူထားသူများအနက် အမှန်တကယ် အင်ပြည့်အားပြည့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိသူများကိုလည်း စိစစ်ဖော်ထုတ်သိရှိရကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အမှန်တကယ် အလုပ်လုပ်ရန်လိုသကဲ့သို့ အစိုးရတာဝန်ရှိသူများအနေဖြင့်လည်း လုပ်ဆောင်နိုင်ရန် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို အဓိကထားဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ လူတို့၏ နေ့စဉ်ဘဝတွင် စားရေးသည် အရေးကြီးပြီး စားရေးကို အထောက်အကူပြုရန်အတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **စားနပ်ရိက္ခာများကို တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် လိုအပ်မှုများရှိပြီး မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် ရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် ထိထိရောက်ရောက် အသုံးချနိုင်ရန်လို**ကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအဖွဲ့ တာဝန်ယူသည့်အချိန်တွင် စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အမှန်တကယ် ဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

ပြင်ဦးလွင်ဒေသတွင် လွန်ခဲ့သည့် ဆယ်စုနှစ်ကျော်ကတည်းက ကော်ဖီစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း ကော်ဖီလုပ်ငန်းကို အားပေးဆောင်ရွက်မှု အားနည်းခဲ့သောကြောင့် မျှော်မှန်းထားသလောက် အောင်မြင်မှုမရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်ကတည်းက ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများကို အမှန်တကယ် စိုက်ပျိုးထုတ်လုပ်မည်ဆိုပါက ယခုအချိန်တွင် ထုတ်လုပ်မှုများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ **ကော်ဖီစိုက်ပျိုးရေးသည် ပြင်ဦးလွင်ဒေသနှင့် ကိုက်ညီမှုရှိပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသစီးပွားရေးကို အထောက်အကူပြုသည့် လုပ်ငန်းတစ်ခုဖြစ်သဖြင့် ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်ရေး မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပြင်ဦးလွင်ဒေသမှ ကော်ဖီလုပ်ငန်းရှင်များကို မကြာခဏတွေ့ဆုံ၍ အားပေးဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သောကြောင့် ကော်ဖီလုပ်ငန်းသည် အထိုက်အလျောက် တိုးတက်မှုများဖြစ်ပေါ်လာခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့အား ကော်ဖီမြို့တော်ဖြစ်စေရေး ရည်မှန်းဆောင်ရွက်လျက်ရှိပြီး ထုတ်လုပ်သည့်ကော်ဖီများကို ပြည်တွင်း၊ ပြည်ပသို့ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့ရောင်းချနိုင်ရမည်ဖြစ်ကြောင်း၊ ယခုအချိန်မှစ၍ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများကို စနစ်တကျဖြင့် ဆောင်ရွက်သွားမှသာလျှင် နောင်လာမည့် ငါးနှစ်မှ ခုနစ်နှစ်အတွင်း ကော်ဖီထုတ်လုပ်မှုများပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ခေတ်အဆက်ဆက် အားပေးခဲ့ခြင်းမရှိသည်ကိုတွေ့ရကြောင်း၊ ထုတ်ကုန်များ နည်းပါးခြင်းကြောင့် ကုန်သွယ်မှုလိုငွေများ နှစ်စဉ်ပြခဲ့ပြီး လောင်စာဆီနှင့် စားသုံးဆီများကို ပြည်ပမှနှစ်စဉ်တင်သွင်းနေရကြောင်း၊ စားသုံးဆီများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်သည်ဖြစ်သော်လည်း လုံလောက်အောင် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိခြင်းကြောင့် တင်သွင်းနေရခြင်းဖြစ်သဖြင့် ဆီထွက်သီးနှံစိုက်ပျိုးခြင်းကိုလည်း အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် နို့နှင့် နို့ထွက်ပစ္စည်းလိုအပ်ချက်အတွက်လည်း ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပြီး ပြည်ပသွင်းကုန် လျှော့ချနိုင်ရေးနှင့် ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများနှင့် ပတ်သက်၍ ပြင်ဦးလွင်ဒေသတွင် စိုက်ပျိုးရေးထုတ်ကုန် အမြောက်အမြားရှိပြီး ၎င်းတို့ကို အခြေခံသည့် စားသောက်ကုန်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ဒေသတွင်း၌ အောင်မြင်သည့် နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုကိုလည်း အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဒေသခံများက ဆောင်ရွက်နိုင်ရမည်ဖြစ်ပြီး **ကော်ဖီသည် ဒေသအတွက်၊ တိုင်းပြည်အတွက် အကျိုးရှိမည့် လုပ်ငန်းတစ်ခုဖြစ်သဖြင့် ပြင်ဦးလွင်မြို့ကို အပန်းဖြေဒေသအဖြစ် ချယ်ရီမြို့တော်၊ ပန်းမြို့တော် စသည်ဖြင့် နာမည်ခေါ်တွင်ကြသကဲ့သို့ စီးပွားရေးနှင့်ဂုဏ်ယူသင့်သည့် ဒေသထွက်ကုန်အရ ကော်ဖီမြို့တော်အဖြစ် နာမည်တွင်နိုင်ရေးအတွက်လည်း အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန်လို**ကြောင်း၊ ကော်ဖီထုတ်ကုန်များထုတ်လုပ်ရာတွင် အရည်အသွေးကောင်းမွန်ပြီး ထုပ်ပိုးမှုကောင်းမွန်မှသာလျှင် ဈေးကွက်ပိုမိုရရှိနိုင်မည်ဖြစ်သဖြင့် နည်းပညာနှင့် အခြားလိုအပ်သည်များကို နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အခြေခံမှစ၍ မြှင့်တင်ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ယနေ့တွေ့ဆုံမှုသည် ပြင်ဦးလွင်ဒေသ၌ ကော်ဖီလုပ်ငန်းနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးနိုင်ရန် တွေ့ဆုံခြင်းဖြစ်သဖြင့် တက်ရောက်လာကြသူများ အနေဖြင့် လိုအပ်ချက်များနှင့် အကြံပြုချက်များကို တင်ပြကြစေလိုကြောင်း ပြောကြားသည်။

**ပြည်ထောင်စုဝန်ကြီးများက ကော်ဖီစိုက်ပျိုးမှုဆိုင်ရာများအား ရှင်းလင်းတင်ပြ**

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီတို့က ပြင်ဦးလွင်ဒေသတွင် ကော်ဖီစိုက်ပျိုးရေး စီမံကိန်းများ ဆောင်ရွက်ခဲ့မှု၊ မြေအသုံးချမှုအခြေအနေအပေါ် ကွင်းဆင်းစစ်ဆေးချက်အရ စိစစ်တွေ့ရှိချက်များ၊ ကော်ဖီလုံးဝစိုက်ပျိုးခြင်းမရှိသည့် မြေနေရာများကို ကော်ဖီလုပ်ကိုင်ခွင့်များ ရုပ်သိမ်းခဲ့မှု၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရေး ကော်ဖီစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့မှု၊ ကော်ဖီစိုက်ပျိုးပြီးစီးမှု အခြေအနေများနှင့် စိုက်ပျိုးမှုတိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု၊ မြို့မြေပြင်ပ မြေလွတ်၊ မြေရိုင်းအတွင်း အဆောက်အအုံ ပိုမိုအသုံးပြုထားမှုအပေါ် ကွင်းဆင်းစစ်ဆေး၍ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရေး ဆောင်ရွက်လျက်ရှိမှု၊ ပြင်ဦးလွင် ကော်ဖီစီမံကိန်း မြေနေရာများတွင် ကော်ဖီစိုက်ပျိုးမှုများ တိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ ကော်ဖီတိုးချဲ့စိုက်ပျိုးရာတွင် ကော်ဖီထုတ်လုပ်မှုလုပ်ငန်း အထောက်အကူပြုလုပ်သားလိုအပ်ချက်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နှစ်အလိုက် ကော်ဖီ

**စာမျက်နှာ ၄ သို့** ☆

☆ **မိမိတို့နိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကို အဓိကထားဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ လူတို့၏ နေ့စဉ်ဘဝတွင် စားရေးသည်အရေးကြီးပြီး စားရေးကို အထောက်အကူပြုရန်အတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စားနပ်ရိက္ခာများကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လိုအပ်မှုများရှိပြီး မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် ရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် ထိထိရောက်ရောက် အသုံးချနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအဖွဲ့ တာဝန်ယူသည့်အချိန်တွင် စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အမှန်တကယ် ဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်**

☆ စာမျက်နှာ ၃ မှ
စိုက်ပျိုးထုတ်လုပ်နိုင်မှု အခြေအနေများ၊ ပြည်ပသို့တင်ပို့နိုင်မှု အခြေအနေများ၊ ကော်ဖီပင်စည်ထိုးပိုး ကာကွယ်နှိမ်နင်းရေး အဖွဲ့များက ကွင်းဆင်းစစ်ဆေးပညာပေးခြင်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဆောက်အအုံများဆောက်လုပ်ရာတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုအတွက် လိုအပ်သည့် အဆောက်အအုံများကိုသာ ဆောက်လုပ်ရန်လိုပြီး အပန်းဖြေစခန်းနှင့် ကော်ဖီစိုက်ပျိုးခြင်းနှင့် မသက်ဆိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ခြင်း မပြုရန်လိုကြောင်း၊ ကော်ဖီများ အထွက်နှုန်းတိုးတက်စေရေး သွင်းအားစုများ အပြည့်အဝထည့်သွင်းရန်နှင့် စနစ်တကျ ပြုစုဆောင်ရွက်ရန်လိုကြောင်း၊ ကော်ဖီပင်စည်ထိုးပိုးများ ကျရောက်မှုမရှိစေရန် အတွက် စုပေါင်းအားဖြင့် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ထားရန်လိုကြောင်း၊ စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် အသုံးပြုခြင်းများမရှိစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း၊ ကော်ဖီစိုက်ပျိုးမှုနှင့် ပတ်သက်၍ အမှန်တကယ်စိုက်ပျိုးနိုင်သည့် တိုင်းရင်းသား လုပ်ငန်းရှင်များအား ဖိတ်ခေါ်ပါကြောင်း၊ စိုက်ပျိုးမှုအပေါ်မူတည်၍ ငါးကေမှ ကေ ၅၀ အထိ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ ကော်ဖီ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရက လိုအပ်သည်များကို ကူညီဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ ကော်ဖီများ တိုးချဲ့စိုက်ပျိုးရန် အတွက် မျိုးကောင်းသည့် ပျိုးပင်များ ကြိုတင်စုဆောင်းထားရှိရန်လိုကြောင်း နှင့် အခြားလိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

**တက်ရောက်လာကြသူများက လိုအပ်ချက်များ တင်ပြဆွေးနွေး**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကော်ဖီလုပ်ငန်းရှင်များနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များကိုယ်စား ကော်ဖီစိုက်တောင်သူ တစ်ဦးက ကော်ဖီစိုက်ပျိုးထုတ်လုပ်နေမှု နှင့် ဈေးကွက်ရရှိမှု အခြေအနေများ၊ ကော်ဖီခြံများအလိုက် ရောဂါပိုးကာကွယ်မှုများကို အားလုံးဝိုင်းဝန်း ဆောင်ရွက်ကြရန်လိုအပ်သည့် အခြေအနေများကို လည်းကောင်း၊ ကော်ဖီကိုအခြေခံသည့် MSME လုပ်ငန်းရှင်တစ်ဦးက ကော်ဖီစီမံကိန်းနယ်မြေတွင် အဆောက်အအုံ အရွယ်အစားကို သတ်မှတ်မည့်အစား ကော်ဖီစီမံကိန်း စိုက်ပျိုးမြေဧရိယာ ပေါ်တွင်သာ လုပ်ငန်းအပေါ်မူတည်၍ အဆောက်အအုံဧရိယာကို ခွင့်ပြုပေးစေလိုမှု၊ ကော်ဖီစီမံကိန်းအစမှ ဆောင်ရွက်သူများအနေဖြင့် ခြံမြေများကို ဧကများများ ဆောင်ရွက်နိုင်သော်လည်း နောက်ပိုင်း ဆောင်ရွက်သူများအနေဖြင့် စိုက်ပျိုးမြေများ တစ်ဆက်တစ်စပ်တည်း မရရှိခြင်းကြောင့် အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သွားလာရလွယ်ကူသည့်နေရာ၌ အဆောက်အအုံများကို ဆောက်လုပ်ကြမှုအခြေအနေများကို လည်းကောင်း၊ ဒေသထွက်ကုန်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းရှင်တစ်ဦးက ဝိုင်လုပ်ငန်းရှင်များအနေဖြင့် FDA ခွင့်ပြုချက်ရရှိရန် အခက်အခဲများ ကြုံတွေ့နေရမှုနှင့်စည်းကမ်းသတ်မှတ်ချက်များကို လုပ်ငန်းအလိုက် ဖြေလျှော့ပေးစေလိုမှုတို့နှင့်ပတ်သက်၍ တင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြမှုများနှင့်စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်များအား ညှိနှိုင်းဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများကို စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများ၌ ထုတ်ပေးထားရှိမှု အခြေအနေများ၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်ရေးနှင့် ပတ်သက်၍ လိုအပ်သည်များကိုအဆင့်ဆင့် တင်ပြဆောင်ရွက်ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက် ပေးသွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ကော်ဖီလုပ်ငန်းသည် အစုအဖွဲ့နှင့် လုပ်ဆောင်ရသည့် လုပ်ငန်းဖြစ်သဖြင့် ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်း ဆောင်ရွက်ကြရမည်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားရာတွင် မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေး အဓိကထား ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ MSME လုပ်ငန်းများကိုအားပေးဆောင်ရွက်လျက်ရှိပြီး ကုန်ကြမ်းမှ ကုန်ချောများ ထုတ်လုပ်ခြင်းဖြင့် ထုတ်ကုန်များရရှိပြီး ပြည်တွင်း စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာ၌ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်သတ်မှတ်ချက်များမှ ဆောင်ရွက်ခြင်းများကို ခွင့်ပြုပေးထားကြောင်း၊ သို့သော် ပြည်ထောင်စုအဆင့် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များကိုလည်း လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများနှင့်ပတ်သက်၍ အခက်အခဲများဖြစ်ပေါ်ပါက တာဝန်ရှိသူများနှင့် ဆွေးနွေးဆောင်ရွက်ရန်လိုပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ အနေဖြင့်လည်း လုပ်ငန်းများဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စဉ်းစားဆောင်ရွက်ရန် လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာ၌ ရေရှည်အတွက် စေတနာထား၍ ဆောင်ရွက်ရန် လိုကြောင်း၊

စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စိုက်ပျိုးမြေများကို စည်းကမ်းသတ်မှတ်ချက်များအတိုင်း မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမှုများကို အမှန်တကယ်ဆောင်ရွက်လိုသူများအတွက် စိုက်ပျိုးမြေများကို ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ တိုင်းပြည်သာယာဝပြောရေးအတွက် ဆောင်ရွက်ရာတွင် အလုပ်လုပ်ရမည်ဖြစ်ပြီး အလုပ်လုပ်နိုင်ရေး ဖန်တီးပေးရန်လိုကြောင်း၊ ထို့ကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယနေ့တွေ့ဆုံမှုသည် ပြင်ဦးလွင်ဒေသ၌ ကော်ဖီစိုက်ပျိုးမှုများ အောင်မြင်တိုးတက် ဖြစ်ထွန်းစေရေး အတွက်ပင်ဖြစ်ကြောင်း၊ ကော်ဖီလုပ်ငန်းကို ထိခိုက်စေနိုင်မည့် ရောဂါပိုးအန္တရာယ်ကျရောက်မှုများအပါအဝင် အခြားသော စုပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ကော်ဖီသည် နှစ်ရှည်သီးနှံပင် အတွင်း၌ ပါဝင်သည့်အတွက် မျိုးကောင်းမျိုးသန့်များဖြစ်ရန် လိုအပ်ကြောင်း၊ ကော်ဖီစိုက်ပျိုးခြင်းလုပ်ငန်းသည် အရင်းအနှီးများ၍ ကာလရှည်လုပ်ငန်းဖြစ်ပြီး အချိန်တစ်ခုပေးရသည့် လုပ်ငန်းတစ်ခု ဖြစ်သည့်အတွက် အောင်မြင်အောင် လုပ်ဆောင်ရမည်ဖြစ်ကာ ပြည်တွင်း၊ ပြည်ပ ဈေးကွက်များကိုလည်း အမြဲမပြတ် လေ့လာနေရန်လိုကြောင်း၊ အစုအဖွဲ့နှင့် လုပ်ဆောင်ရသည် ဖြစ်သည့်အတွက် ဝိုင်းဝန်းဆောင်ရွက်ရမည့်၊ လိုက်နာရမည့် ကိစ္စရပ်များကို အတူတကွ ညီညီညွတ်ညွတ် ဆောင်ရွက်နိုင်ရန်လိုကြောင်း။

MSME လုပ်ငန်းများနှင့်ပတ်သက်၍ ထုတ်ကုန်များ အရည်အသွေးမြှင့်တင်နိုင်ရေး စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ MSME လုပ်ငန်းများကို အိမ်တွင်းစက်မှုလုပ်ငန်းအဆင့်သာ မဟုတ်ဘဲ ဒေသအဆင့်၊ နိုင်ငံအဆင့် ထုတ်လုပ်သည့် ထုတ်ကုန်များဖြစ်စေရေး ဆောင်ရွက်ရန် လိုကြောင်း၊ ထုတ်လုပ်ခြင်းနှင့် ထုပ်ပိုးခြင်းများကို အရည်အသွေးမြှင့်တင်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်း ကုန်ထုတ်လုပ်မှုများတိုးတက်စေရေး တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လုပ်ငန်းဆောင်ရွက်သူများ ဆွေးနွေးညှိနှိုင်း၍ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

**ကော်ဖီထုတ်ကုန်များနှင့် ဒေသထွက် စားသောက်ကုန်များအား ကြည့်ရှုအားပေး**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ကော်ဖီလုပ်ငန်းရှင်များနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ပြီး ခင်းကျင်းပြသထားသည့် ဒေသထွက် ကော်ဖီထုတ်ကုန်များနှင့် ဒေသထွက် စားသောက်ကုန်ပစ္စည်းများကို စိတ်ဝင်တစားဖြင့်လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှု အခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ဒေသထွက်ကော်ဖီထုတ်ကုန်များနှင့် စားသောက်ကုန်ပစ္စည်းများကိုလေ့လာကြည့်ရှုစဉ်။

❖ **စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စိုက်ပျိုးမြေများကို စည်းကမ်းသတ်မှတ်ချက်များအတိုင်း မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လို**

❖ **စိုက်ပျိုးမှုများကို အမှန်တကယ် ဆောင်ရွက်လိုသူများအတွက် စိုက်ပျိုးမြေများကို ခွင့်ပြုပေးမည်၊ တိုင်းပြည်သာယာဝပြောရေး အတွက် ဆောင်ရွက်ရာတွင် အလုပ်လုပ်ရမည်ဖြစ်ပြီး အလုပ်လုပ်နိုင်ရေး ဖန်တီးပေးရန်လို**

# ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆက်လက်ဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီးနယ်မြေ ခရိုင်လေးခုရှိ မြို့နယ်လေးခုတို့တွင် ဒီဇင်ဘာ ၄ ရက်မှစ၍ မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းအစီအစဉ်ကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် သုံးခွမြို့နယ် ရပ်/ကျေး ၃၈ ခုမှ ပြည်သူ ၅၁၃ ဦး တက်ရောက် လက်တွေ့စမ်းသပ်မဲပေးလေ့လာခဲ့ကြသည်။

အဆိုပါ အီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းအစီအစဉ်ကို တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြီးကြပ်ဆောင်ရွက်ကြပြီး နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် နိုင်ငံရေးပါတီများမှ ပါတီကိုယ်စားလှယ်များ တက်ရောက် လက်တွေ့စမ်းသပ်မဲပေးလေ့လာ အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



☆ ကျောဖုံးမှ

အခမ်းအနားများကို ကမ္ဘာတစ်ဝန်းတွင် ကျင်းပပြုလုပ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း (United Nations Convention Against Corruption –UNCAC) ကို ၂၀၀၅ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုဝင်ရောက်ခဲ့ကြောင်း။

ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၃ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကိုလည်း ဖွဲ့စည်းခဲ့ကာ အဂတိလိုက်စားမှု တားဆီး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲနှင့် ဗီဒီယိုပြိုင်ပွဲတို့တွင် ဆုရရှိခဲ့ကြသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

ကာကွယ်ခြင်းနှင့် ဆန့်ကျင်တိုက်ဖျက်ခြင်းများကို ထိရောက်အောင်မြင်အောင် အလေးထားဆောင်ရွက်လျက် ရှိကြောင်း၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရာတွင် ခိုင်မာအားကောင်းစေရန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် လိုအပ်သည့် နည်းပညာဆိုင်ရာ အထောက်အကူ ပေးရန်နှင့် ပြည်သူပိုင် ပစ္စည်းများကို နည်းလမ်းတကျ စီမံခန့်ခွဲမှုရှိစေရေး တိုးမြှင့်ဆောင်ရွက်ရန်စသည့်အချက်များကို လိုက်နာဆောင်ရွက်ရမည် ဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် ပြည်သူအခြေပြု နည်းလမ်းများနှင့် နိုင်ငံတော်ပြုပြင်ပြောင်းလဲ တည်ဆောက်ရေးတို့အတွက် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၊ ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြုပြင်ပြောင်းလဲရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုပြဿနာသည်ကြီးမားသည့်ခလုတ်တံသင်း ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် အဂတိလိုက်စားမှုများကို ထိထိရောက်ရောက် တိုက်ဖျက်ပြီး အဂတိကင်းစင်သည့် လူ့အသိုက်အဝန်း ဖြစ်ပေါ်လာစေရေး ရည်မှန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

"အဂတိလိုက်စားမှုများလေလေ ဆင်းရဲနွမ်းပါးမှုများလေ" ဖြစ်သည့်အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အနေဖြင့်လည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး၏ အနှစ်သာရများသည် အများပြည်သူ၏ အကျိုးစီးပွားကို ကာကွယ်ပေးရန်နှင့် အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်း ဖြစ်စေရန်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူများအကြား ပေါင်းကူးတံတားများ သဖွယ်ဆက်သွယ်ဆက်ဆံပြီး ယုံကြည်မှုတည်ဆောက်ပေးရသူများ ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများ၏ စည်းကမ်းလိုက်နာမှု၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်စောင့်ထိန်းမှုများ လွဲမှားသွားစေသည့် အဓိကအချက်သည် အဂတိလိုက်စားမှုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ကျင့်ဝတ်များနှင့်အညီ အဂတိကင်းကင်းနှင့် လိုက်နာဆောင်ရွက်ကြမည် ဆိုပါက ပြည်သူများ၏ ယုံကြည်မှုကိုရရှိ၍ ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်ကို ဖြစ်ပေါ်စေပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲမသွေဖြစ်ကြောင်း။

**အဟန့်အတားတစ်ခုဖြစ်**

အဂတိလိုက်စားမှုသည် နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ အုပ်ချုပ်ရေး နယ်ပယ်များတွင် ငွေကြေး၊ ပစ္စည်း၊ လုပ်ပိုင်ခွင့်ဆိုင်ရာ အဂတိလိုက်စားမှုများကို ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပွားတတ်ကြောင်း၊ အဂတိလိုက်စားမှုသည် နိုင်ငံစီးပွားရေးကို ထိခိုက်စေသည့် အဓိကအကြောင်းရင်းတစ်ခု ဖြစ်သည့်အပြင် ဆင်းရဲနွမ်းပါးမှု လျော့ကျစေရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင်လည်း အဟန့်အတားတစ်ခု ဖြစ်ကြောင်း၊ ထိုသို့ အဂတိလိုက်စားမှု ဖြစ်ပွားရခြင်း၏ အရင်းခံ အကြောင်းတရားများသည် စိတ်စေတနာနည်းပါးခြင်းနှင့် အကျိုးစီးပွားပဋိပက္ခများ၏ အကျိုးဆက်များပင် ဖြစ်ကြောင်း။

အဂတိလိုက်စားမှုသည် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အဓိကအဟန့်အတားတစ်ခု ဖြစ်ပြီး လူတစ်ဦးချင်းစီ၏ အကျင့်စာရိတ္တကို ပျက်ပြားစေသည့်အပြင် မျှတမှုရှိသည့် ယှဉ်ပြိုင်လိုစိတ်၊ ကိုယ်ရည်ကိုယ်သွေးများကိုလည်း ကျဆင်းစေနိုင်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ မူဝါဒများနှင့်ဆန့်ကျင်ပြီး ပုဂ္ဂိုလ်ရေးအကျိုးအမြတ် ရယူဆောင်ရွက်မှုများ၊ နိုင်ငံတော်ကချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို သွေဖည်ပြီး နိုင်ငံတော် သစ္စာဖောက်ဖျက်မှုကို ကျူးလွန်သည့် မည်သူ့ကိုမဆို ကျောသားရင်သား မခွဲခြားဘဲ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ဆောင်ရွက်လျက်လည်း ရှိပါကြောင်း။

အဂတိလိုက်စားမှု လျော့နည်းကျဆင်းစေရေး ဆောင်ရွက်ရာတွင် စုံစမ်းစစ်ဆေးအရေးယူမှုတစ်ခုတည်းနှင့် ဆောင်ရွက်မည်ဆိုပါက လုံလောက်မှုမရှိနိုင်ကြောင်း၊ အဂတိလိုက်စားမှုကို လုံးဝလက်မခံသည့် ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးနှင့် အကျင့်ပျက်ခြစားမှုများ မရှိစေရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် **စာမျက်နှာ ၆ သို့** ○

☆ **အဂတိလိုက်စားမှုသည် နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ အုပ်ချုပ်ရေးနယ်ပယ်များတွင် ငွေကြေး၊ ပစ္စည်း၊ လုပ်ပိုင်ခွင့်ဆိုင်ရာ အဂတိလိုက်စားမှုများကို ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပွားတတ်ကြောင်း၊ အဂတိလိုက်စားမှုသည် နိုင်ငံစီးပွားရေးကို ထိခိုက်စေသည့် အဓိကအကြောင်းရင်းတစ်ခုဖြစ်သည့်အပြင် ဆင်းရဲနွမ်းပါးမှုလျော့ကျစေရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင်လည်း အဟန့်အတားတစ်ခုဖြစ်**

○ စာမျက်နှာ ၅ မှ

အသိပညာပေးရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကို ပါ ဟန်ချက်ညီညီ ချဉ်းကပ်ပြီး အချိန်နှင့်တစ်ပြေးညီ အလေးထားလုပ်ဆောင်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

တားဆီးကာကွယ်ခြင်းလုပ်ငန်းအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များတွင် ဖွဲ့စည်းထားသည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU)များကလည်း မိမိတို့ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို သေချာစွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မည်ဆိုပါက အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းလာပြီး နိုင်ငံတော်အစိုးရနှင့် ပြည်သူများအကြား ယုံကြည်မှုကို ပိုမိုခိုင်မာလာမည်ဖြစ်ကြောင်း။

**စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိ**

စုံစမ်းစစ်ဆေးခြင်း လုပ်ငန်းအနေဖြင့် လုပ်ပိုင်ခွင့်အာဏာရှိသူများ၏အဂတိလိုက်စားမှုကျူးလွန်ခြင်းကြောင့် ဆုံးရှုံးနစ်နာမှုများကို စုံစမ်းစစ်ဆေး ဖော်ထုတ်လျက်ရှိရာတွင် နိုင်ငံတော်အစိုးရဘက်မှလည်း အဂတိအမှုများကို ကျောသားရင်သား မခွဲခြားဘဲ ပြင်းပြင်းထန်ထန် ထိရောက်စွာအရေးယူရန် ညွှန်ကြားထားပါကြောင်း၊ ကော်မရှင်အနေဖြင့်လည်း ဥပဒေနှင့်အညီ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ နိုင်ငံတော်ကို ပြန်လည်အပ်နှံခြင်း၊ နိုင်ငံပိုင်ငွေကြေး၊ ပစ္စည်းများဆုံးရှုံးနစ်နာမှုမရှိအောင် ကာကွယ်ဆယ်တင်ပေးနိုင်ခဲ့ခြင်းများအပြင် ဥပဒေနှင့်အညီ ထိရောက်စွာ တရားစွဲဆို အပြစ်ပေးအရေးယူသည့် အဆင့်အထိကို စနစ်တကျဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် စုံစမ်းစစ်ဆေး တရားစွဲတင်ဆောင်ရွက်ခဲ့သည့်အမှုများမှ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းနိုင်မှုနှင့် နိုင်ငံ့ဘဏ္ဍာသို့ ပြန်လည်ပေးသွင်းနိုင်မှုမှာ မြန်မာငွေကျပ် ၂၃ ဘီလီယံကျော်၊ အမေရိကန်ဒေါ်လာ လေးသန်းကျော်ရှိပြီး နိုင်ငံတော်ဘဏ္ဍာ ဆုံးရှုံးမှုမရှိစေရေး ကာကွယ်နိုင်ခဲ့မှုမှာ မြန်မာငွေကျပ် ၁၅၅ ဘီလီယံကျော်နှင့် ယူရိုငွေ သုံးသန်းကျော်တို့အပြင် နိုင်ငံတော်ကရရန်ရှိသည့် ငွေကြေး၊ ပစ္စည်း၊ အခွန်အခများကိုလည်း သက်ဆိုင်ရာကုမ္ပဏီများက ပြန်လည်ပေးသွင်းနိုင်ရေး ဆောင်ရွက်နိုင်ခဲ့သည်ကိုတွေ့ရှိရကြောင်း။

အဂတိလိုက်စားမှုသည် နိုင်ငံဖြတ်ကျော်မှုခင်းများကို ဖြစ်ပေါ်စေသည့်အပြင် နိုင်ငံတိုင်း၏ စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ လူမှုရေးဖြစ်စဉ်များကို ထိခိုက်စေကြောင်း၊ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် နိုင်ငံတကာနှင့် ပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN–Parties Against Corruption – ASEAN–PAC) ကဲ့သို့ ဒေသတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းများနှင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းများနှင့် လည်းကောင်း၊ နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ MoU များ ရေးထိုးပြီးလည်းကောင်း ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း။

ထို့ပြင် ယခုနှစ်အတွင်းတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်၊ အိန္ဒိယ၊ ကိုရီးယားနိုင်ငံများနှင့် MoU လက်မှတ်ရေးထိုး ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ကော်မရှင်အနေဖြင့် ရှေ့ဆက်ပြီး နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍကို တိုးမြှင့် ဆောင်ရွက်သွားရန်မှာကြားလိုကြောင်း။

**ပူးပေါင်းဆောင်ရွက်**

အဂတိ လိုက်စားမှုသည် ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်ကို လျော့ပါးစေပြီး တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံသားအခွင့်အရေးတို့ကို ခြိမ်းခြောက်လာစေပါကြောင်း၊ ထို့ပြင် လူ့အဖွဲ့အစည်းအတွင်း စောင့်ထိန်းရမည့် ကျင့်ဝတ်၊ စံတန်ဖိုးများနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ခိုင်မာမှုတို့အတွက် အဟန့်အတားလည်း ဖြစ်ပေါ်လာကြောင်း၊ ထို့ကြောင့် အဂတိလိုက်စားမှု အသိပညာပေးရေး၊ တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အစိုးရဌာန/ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများအပြင် ပြည်သူလူထုတစ်ရပ်လုံးကလည်း စုပေါင်းအင်အားဖြင့် တက်ညီလက်ညီ အတူတကွ ပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားမှ စ၍ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၏ "အဂတိပယ်ခွာ ပြည်သာယာ" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော် ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်စေရေးအတွက် တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် ပြည်သူလူထုအားလုံးက အဂတိလိုက်စားမှုအကျင့်ဆိုးကို လုံးဝလက်မခံ ဝိုင်းဝန်းတိုက်ဖျက်သည့် မူဝါဒ Zero Tolerance Policy ချမှတ်ပြီး အဂတိကင်းစင်သည့် လူ့ဘောင်ကို အတူတကွ ထူထောင်ကြပါရန် အလေးအနက်ဆန္ဒပြု တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက ကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲနှင့် ဗီဒီယိုပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် Video Clip ကို ကြည့်ရှုကြပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

# ဆည်တာတမံများ၏ အရည်အသွေးစံချိန်စံညွှန်းမြင့်မားစေရန် အဆင့်မြင့်နည်းပညာများ အသုံးပြုစီမံဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် လယ်ယာကုန်ထုတ်လုပ်ငန်းများအတွက် အရေးပါသော ရေချိုအရင်းအမြစ်များ ဖူလုံစွာသုံးစွဲနိုင်ရန် နိုင်ငံတစ်ဝန်းတွင် တည်ဆောက်အသုံးပြုလျက်ရှိသည့် ဆည်တာတမံများ၏ ဘေးကင်းလုံခြုံမှုနှင့် ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်စေရန်၊ ဆည်မြောင်းတည်ဆောက်ရေးလုပ်ငန်းများတွင် အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲ (ပုသိမ်ကြီး) အနေဖြင့် ဆည်မြောင်းလုပ်ငန်းများ၏ စံချိန်စံညွှန်းများ ကိုက်ညီစေရန်၊ ဆည်မြောင်းတည်ဆောက်ရေးလုပ်ငန်းများတွင် အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းများအား စနစ်တကျဆောင်ရွက်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး မြေနှင့်ကွန်ကရစ် အရည်အသွေးစမ်းသပ်စစ်ဆေးခြင်း၊ ရေအရည်အသွေးဓာတ်ခွဲစမ်းသပ်ခြင်း၊ တည်ဆောက်ရေးပစ္စည်းများ စမ်းသပ်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျွမ်းကျင်မှုဆိုင်ရာ စာရင်းကိုင် အဆင့်(၃) လုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၅၇)တွင် တက်ရောက်လျက်ရှိကြသည့် သင်တန်းသား သင်တန်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီးသည် ပြည်ကြီးတံခွန်မြို့နယ်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးရုံး စက်မှုတိုင်း(၄) သို့ ရောက်ရှိပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆည်တာတမံထိန်းသိမ်းရေးလုပ်ငန်းသုံး စက်ယာဉ်ယန္တရားများနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ကျွမ်းကျင်မှုဆိုင်ရာ စက်မှုကျွမ်းကျင်အဆင့် သင်တန်းလုပ်ငန်းဆောင်ရွက်ချက်များ၊ နောက်တွဲယာဉ်တွင် တပ်ဆင်အသုံးပြု ရွှေ့လျားဆိုလာစနစ်ဖြင့် Rain Gun တပ်ဆင်ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ကျောက်ဆည်မြို့နယ် အင်းကုန်း မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံသို့ရောက်ရှိပြီး တာဝန်ရှိသူက လယ်ယာသုံးစက်ကိရိယာများ ပိုမိုထုတ်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး လက်ဆွဲစပါးမျိုးစေ့ချကိရိယာ ထုတ်လုပ်နေမှုအခြေအနေများနှင့် လယ်ယာ (၁၆/၂၂) လက်တွန်းထွန်စက် တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ အင်အား ၃၉၀၀ ကျော် ပါဝင်ဆင်နွှဲ

**နေပြည်တော် ဒီဇင်ဘာ ၉**

ဒီဇင်ဘာလ ဒုတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် ခွန်စံလွင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင် စုစုပေါင်းအင်အား ၃၉၀၀ ကျော် ပျော်ပျော်ရွှင်ရွှင်ဖြင့်စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၏ သတ်မှတ်လမ်းကြောင်းများအတိုင်း ပျော်ပျော်ပါးပါး လမ်းလျှောက်ကာ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းအတွဲ(၁)၊ (၂)နှင့် Physical Fitness Dance Exercises လေ့ကျင့်ခန်းများကို စုပေါင်းလှုပ်ရှား ဆောင်ရွက်ခဲ့ကြပြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရေသန့်ဘူးနှင့် အာဟာရမုန့်များ ပေးဝေခဲ့ကြသည်။

**"၂၀၂၃ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲ"** များကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်လျက်ရှိပြီး လူတစ်ဦးချင်းမှအစပြု၍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးနှင့် မြန်မာ့အားကစားလောက အဆင့်အတန်း တိုးတက်မြင့်မားစေရန် ရည်ရွယ်ကြောင်း၊ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ၏ အပတ်စဉ် စနေနေ့တိုင်း ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများအပြင် ဝန်ထမ်းမိသားစုဝင်များပါ ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**






ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုစုပေါင်းလမ်းလျှောက်ပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် ခွန်စံလွင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ ပျော်ပျော်ရွှင်ရွှင်ဖြင့် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြစဉ်။



## တောင်ကြီးမြို့၌ လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲများ ကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၉**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၉ ရက် နံနက် ၆ နာရီက တောင်ကြီးမြို့ စူဠာမုနိဘုရားအနီးရှိ လမ်းဆုံမှ ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း လျှောက်လာကြပြီး ပြည်နယ်အားကစားကွင်း၌ သွေးပူလေ့ကျင့်ခန်း ပြုလုပ်ကြောင်း သိရသည်။

အဆိုပါ လူထုစုပေါင်းလမ်းလျှောက်ခြင်းကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ဦးဆောင်ပြီး စူဠာမုနိဘုရားမှ ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း လမ်းလျှောက်ကြ၍ ပြည်နယ်အားကစားကွင်း၌ စုပေါင်းကိုယ်လက်သွေးပူလေ့ကျင့်ခန်း အတွဲ(၁) အမှတ်(၂) ပြုလုပ်ကြပြီး အကြောဖြေလေ့ကျင့်ခန်းများ ဆောင်ရွက်ကြသည်။

ဒီဇင်ဘာ လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တောင်ကြီးပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများ၊ အားကစားနှင့် ကာယပညာ(သိပ္ပံ)မှ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ တပျော်တပါး ပါဝင်လမ်းလျှောက်ကြပြီး အားကစားပြိုင်ပွဲများ ကျင်းပ၍ ကံစမ်းမဲများဖောက်ပေးကာ ဆုမဲပေါက်သူများအား ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ရေဝတီတိုင်းဒေသကြီး ဒီဇင်ဘာလူထုအားကစားလ ဒုတိယပတ်စုပေါင်းလမ်းလျှောက်ပွဲ ပြည်သူများ ပါဝင်ဆင်နွှဲ

**ပုသိမ် ဒီဇင်ဘာ ၉**

တစ်မျိုးသားလုံးကျန်းမာသန်စွမ်းပြီး ကိုယ်လက်ကြံ့ခိုင်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဒီဇင်ဘာလအား လူထုလှုပ်ရှားအားကစားလအဖြစ်သတ်မှတ်၍ နှစ်စဉ်နှစ်တိုင်း စုပေါင်းလမ်းလျှောက်ပွဲကို ပြုလုပ်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင်လည်း စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းက ရွှေရုပ်တုအဝိုင်းရှေ့၌ ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သေနတ်ပစ်ဖောက်၍ စုပေါင်းလမ်းလျှောက်ပွဲအား ဖွင့်လှစ်ပေးပြီးနောက် ရွှေရုပ်တုအဝိုင်းရှေ့မှစတင်၍ မဟာဗန္ဓုလလမ်းမကြီးအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး ကိုးသိန်းအားကစားကွင်းတွင် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ၊ Physical Fitness dance များအား အတူတကွ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဒီဇင်ဘာလဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၂၀၀၀ ခန့်က တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများသည် ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ပြုလုပ်သည့် ဒီဇင်ဘာလူထုအားကစားလ ဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၃၂)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ကျင်းပ

**ရန်ကုန်  ဒီဇင်ဘာ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၃၂) ကြိမ်မြောက်နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ ကျင်းပသည်။

ဦးစွာ သဘာပတိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

**အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်**

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က မျက်မှောက်ကာလမှာလည်း အသင်းချုပ်အနေဖြင့် ပုဂ္ဂလိကကဏ္ဍတစ်ရပ်လုံးကို မြှင့်တင်ပေးမည့် ကမ္ဘာ့အဆင့်မီ ဦးဆောင်အဖွဲ့အစည်းတစ်ခုအဖြစ်ရောက်ရှိရေး မျှော်မှန်းပြီး ညီနောင်အသင်းများ၊ စီးပွားရေးအသင်းအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်နေသည်ကို သိရှိရကြောင်း၊ ပုဂ္ဂလိကကဏ္ဍတွင် ရင်းနှီးမြှုပ်နှံနိုင်စွမ်းသာမက တီထွင်နိုင်စွမ်း၊ လူ့စွမ်းအားအရင်းအမြစ်နှင့် နည်းပညာဆိုင်ရာ စွမ်းအားများရှိသည့်အတွက် ပုဂ္ဂလိကကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကမောင်းနှင်အား တစ်ရပ်ဖြစ်ကြောင်း၊ ထို့ပြင် ရေရှည်တည်တံ့သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပုဂ္ဂလိကကဏ္ဍက တန်ဖိုးဖန်တီးပေးနိုင်သည့် (value creation) အခွင့်အလမ်းများရှိရုံသာမက အလုပ်အကိုင်များလည်း ဖန်တီးပေးနိုင်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ဖွံ့ဖြိုးမှုလမ်းကြောင်းမှာ ပုံစံမျိုးစုံနှင့် ပါဝင်နေပြီး အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုကလည်း အရေးပါသည့် လမ်းကြောင်းတစ်ခုဖြစ်ကြောင်း၊ မြန်မာ့စီးပွားရေးတွင်လည်း ပုဂ္ဂလိကကဏ္ဍသည် အဓိကအချက်အချာကျသည့်အခန်းမှ ပါဝင်နေကြောင်း၊ ထို့ကြောင့် ပြည်တွင်းပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရန် ကဏ္ဍအလိုက် လိုအပ်ချက်များကို နိုင်ငံတော်က အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့အတူ နိုင်ငံတော်တွင်ကြုံတွေ့ရင်ဆိုင်နေရသည့် အခက်အခဲအကျပ်အတည်းများကို ဖြေရှင်းဆောင်ရွက်ရာတွင် ဘဏ္ဍာရေးနှင့် ငွေကြေးမူဝါဒများကို ချိန်ညှိဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားအတွက် အခက်အခဲများကြားမှ ဆောင်ရွက်ပေးမှုများကို အသင်းချုပ်နှင့် ညီနောင်အသင်းများအနေဖြင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများနှင့် စီးပွားရေးရေရှည် တည်တံ့ခိုင်မာစေရေးကို ရှေးရှုပြီး ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ပို့ကုန်ဈေးကွက်ရရှိရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့နောက် ပုဂ္ဂလိကလုပ်ငန်းရှင်များဘက်ကလည်း မိမိတို့အကျိုးစီးပွားတစ်ခုတည်းသာမက နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် စီးပွားရေးကျင့်ဝတ်များနှင့်အညီ နိုင်ငံတော်နှင့် ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ နိုင်ငံတော်၏ ငွေရေးကြေးရေး၊ ဘဏ္ဍာရေးနှင့် စီးပွားရေးတည်ငြိမ်စေရေးအတွက် နိုင်ငံတော်ကဆောင်ရွက်လျက်ရှိရာ အသင်းချုပ်နှင့် ညီနောင်အသင်းများအနေဖြင့်လည်း နိုင်ငံ့စီးပွားရေးရေရှည်ဖွံ့ဖြိုးရန် နိုင်ငံတော်နှင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။




ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အမှာစကားပြောကြားစဉ်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက အမှာစကားပြောကြားသည်။

ထို့နောက် နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်က ဖတ်ကြားတင်ပြပြီး ပြင်ပစာရင်းစစ် JF Group-Certified Public Accountants & Auditors ၏ စာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားတင်ပြကာ ကြိုတင်ပေးပို့ထားသည့်မေးခွန်းနှင့် အကြံပြုချက်များကို ဖြေကြားသည်။

ဆက်လက်၍ နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို အတည်ပြုပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်ကို ခန့်အပ်သည်။

ယင်းနောက် သဘာပတိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက နိဂုံးချုပ်စကားပြောကြားပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အသင်းချုပ်ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ ခင်းကျင်းပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

အစည်းအဝေးသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၊ ညီနောင်မိတ်ဖက်အသင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ထိုင်းနိုင်ငံခရီးစဉ်အတွင်း မြန်မာ MoU လုပ်သားများအား တွေ့ဆုံအားပေးစကားပြောကြား

**နေပြည်တော်  ဒီဇင်ဘာ ၉**

အလုပ်သမားရေးရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်နိုင်ရေး မြန်မာ-ထိုင်း နှစ်နိုင်ငံ အလုပ်သမားဝန်ကြီးများ တွေ့ဆုံဆွေးနွေးရန်အတွက် ထိုင်းနိုင်ငံသို့ရောက်ရှိစဉ်အတွင်း ယမန်နေ့ ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာသံအမတ်ကြီး ဦးချစ်ဆွေတို့သည် ဗန်ကောက်ရှိ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးတွင် မြန်မာအလုပ်သမားများ ထိုင်းနိုင်ငံတွင် တရားဝင်နေထိုင်အလုပ်လုပ်ကိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံ MoU အရ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(CI) ထုတ်ပေးရေးစခန်းများ ဖွင့်လှစ်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းသည်။

**သွားရောက်စစ်ဆေး**




ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် တာ့ခ်ခရိုင် မဲဆောက်မြို့သို့ ရောက်ရှိ၍ ၎င်းမှတစ်ဆင့် မြန်မာနိုင်ငံ မြဝတီမြို့ နှစ်နိုင်ငံနယ်စပ် ချစ်ကြည်ရေးတံတားအမှတ်(၂)တွင် ဖွင့်လှစ်ထားသည့် MoU U-turn အလုပ်သမားများကို (Overseas Worker Identification Card-OWIC) ထုတ်ပေးရေးစခန်းသို့ သွားရောက်စစ်ဆေးသည်။

စစ်ဆေးစဉ် မြန်မာဘက်မှ ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာဘက်အနေဖြင့် မြဝတီမြို့နှင့် ကော့သောင်းမြို့တို့၌ အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုခြင်းနှင့် OWIC ထုတ်ပေးခြင်းဆိုင်ရာ MoU U-turn လုပ်ငန်းစဉ်ကို One Stop Service ဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ထိုင်းအလုပ်အကိုင်ဌာနမှ work permit နှင့် ဗီဇာကို အမြန်ဆုံးထုတ်ပေးနိုင်ရေး ထိုင်းနိုင်ငံဘက်နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း။

ဝန်ထမ်းများအနေဖြင့် မြန်မာအလုပ်သမားများအတွက် U-turn လုပ်ငန်းစဉ်များ နေ့ချင်းပြီး ဆောင်ရွက်ပေးနိုင်ရေးအတွက် စည်းစည်းလုံးလုံးနှင့် ညီညီညွတ်ညွတ် ဆောင်ရွက်ပေးစေလိုကြောင်း၊ MoU အလုပ်သမားများအနေဖြင့် အချိန်နှောင့်နှေးကြန့်ကြာမှုမရှိစေရန် မြန်မာနိုင်ငံဘက်သို့ရောက်ရှိပြီး နေ့တစ်ဝက်ခန့်အချိန်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးအောင်ဆောင်ရွက်ပြီး ယင်းနေ့အတွင်း ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန်အတွက် ရည်ရွယ်ဆောင်ရွက်သည့် လုပ်ငန်းစဉ်ဖြစ်၍ တာဝန်ထမ်းဆောင်သည့်ဝန်ထမ်းများသည် ဝန်ကြီးဌာန၏ ရည်မှန်းချက်အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားခဲ့ပြီး MoU U-turn လုပ်ငန်းစဉ်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု၍ MoU U-turn မြန်မာအလုပ်သမားများနှင့် ပြည်တော်ပြန် မြန်မာအလုပ်သမားများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တာ့ခ်ခရိုင် မဲဆောက်မြို့ရှိ SAHA Inter-Holding ခြေအိတ်စက်ရုံသို့ သွားရောက်ရာ စက်ရုံတာဝန်ရှိသူများက မြန်မာအလုပ်သမားများဖြင့် အလုပ်လုပ်ကိုင်နေကြသည့် လုပ်ငန်းခွင်အတွင်း လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်ရုံတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများကို ၎င်းတို့၏ သက်ဆိုင်ရာမိသားစုများထံ ရရှိလစာ ၂၅ ရာနှုန်းပေးပို့ကြရန်၊ Remmittance Management System Mobile Application ဖြင့် မြန်မာနိုင်ငံရှိမိသားစုများထံ တရားဝင်လမ်းကြောင်းမှ အလွယ်တကူ ငွေလွှဲစနစ်အား ရှင်းလင်းပြောကြား၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ကိုယ်စားလှယ်က အခွန် နှစ်ရာခိုင်နှုန်းအကြောင်း ရှင်းလင်းခြင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကိုယ်စားလှယ်က EID စနစ်အကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၂၅) နှစ်မြောက် ငွေရတုသဘင်အထိမ်းအမှတ် ကျောက်စာတိုင်ဖွင့်ပွဲနှင့် အောင်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၉**

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၂၅)နှစ်မြောက် ငွေရတုသဘင်အထိမ်းအမှတ် မော်ကွန်းကမ္ပည်းကျောက်စာတိုင် ဖွင့်ပွဲအခမ်းအနားကိုယနေ့နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ ကျောက်စာတိုင် မြေမြတ်နေရာမွန်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် တက္ကသိုလ်ဒုတိယအဓိပတိ သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ဦးစီးတည်ထောင်သူ (Founder) တက္ကသိုလ်ဩဝါဒါစရိယဖြစ်တော်မူသော နိုင်ငံတော်ဩဝါဒါစရိယ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တညာဏိဿရနှင့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာန ချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ငွေးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာန ချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ငွေးနှင့် သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ငြိမ်း) သီရိပျံချီ ဦးစိန်ထွားတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး မင်္ဂလာအချိန်တွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်သည်။ ထိုအချိန်တွင် ဆရာတော်ကြီးများနှင့် အကြီးအကဲများအားလုံးက "ဇယန္တော ဗောဓိယာ မူလေ" အစချီသော အောင်ဂါထာကို ရွတ်ဆိုပူဇော်ကြပြီး မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းချီးမြှင့်တော်မူကြသည်။

ယင်းနောက် နံနက် ၈ နာရီတွင် (၂၅) နှစ်မြောက် ငွေရတုသဘင် အထိမ်းအမှတ် အောင်ပွဲအခမ်းအနားကို ကမ္ဘာအေးကုန်းမြေ မဟာပါသာဏသိမ်လိုဏ်ဂူတော်ကြီးအတွင်း၌ ဆက်လက်ကျင်းပရာ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဆရာတော်ကြီးများ၊ သီတဂူဆရာတော်နှင့် ပြည်ပနိုင်ငံများမှ သံဃာရာဇာ ဆရာတော်ကြီးများအား အခမ်းအနားဖြင့် ဦးစွာပင့်ဆောင်တော်မူကြသည်။

ထို့နောက် သန်လျင်မြို့ မင်းကျောင်းပရိယတ္တိစာသင်တိုက် ပဓာနနာယက ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ညာဏိဿရနှင့် အိန္ဒိယနိုင်ငံ ဓမ္မဒီပဗုဒ္ဓတက္ကသိုလ် အဓိပတိ ဒေါက်တာဘဒ္ဒန္တဓမ္မပီယ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒတို့က သိမ်လိုဏ်ဂူတော်ကြီးအတွင်းရှိ ဗုဒ္ဓမြတ်စွာရုပ်ပွားတော်မြတ်အား ဆီမီးအလင်းတိုင်များဖြင့် ထွန်းညှိပူဇော်ကြသည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်က တက္ကသိုလ်ငွေရတုခရီးမှတ်တမ်းကို ဖတ်ကြားသည်။

ဆက်လက်၍ သန်လျင်မြို့ မင်းကျောင်းပရိယတ္တိစာသင်တိုက် ပဓာနနာယက ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက တက္ကသိုလ်ဖွင့်လှစ်တည်ထောင်ခြင်း (၂၅)နှစ်ပြည့် ငွေရတုသဘင်အထိမ်းအမှတ် ဂုဏ်ပြုဝမ်းမြောက် စကားမိန့်ကြား၍ အခမ်းအနားကို ချီးမြှင့်ဖွင့်လှစ်တော်မူကာ လိုဏ်ဂူတော်ကြီးအတွင်းရှိ ခေါင်းလောင်းတော်အား ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် တီးခတ်ပူဇော်ရာ ဥပသကာများက လိုဏ်ဂူတော်ပတ်လည်ရှိ ခေါင်းလောင်းတော် ၁၀၈ လုံးတို့အား တစ်ပြိုင်နက်တည်း (၉) ကြိမ် တီးခတ်ပူဇော်ကြသည်။

**မိန့်ကြားချီးမြှင့်**

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ဦးစီးတည်ထောင်သူ (Founder) တက္ကသိုလ် ဩဝါဒါစရိယ နိုင်ငံတော်ဩဝါဒါစရိယ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တညာဏိဿရက တက္ကသိုလ် ဖွင့်လှစ်တည်ထောင်ခြင်း (၂၅)နှစ်ပြည့် ငွေရတုသဘင် အထိမ်းအမှတ် ဂုဏ်ပြုဝမ်းမြောက် စကားမိန့်ကြားချီးမြှင့်သည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ် (သင်ကြား)ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနောဓိညာဏက တက္ကသိုလ် ဖွင့်လှစ်တည်ထောင်ခြင်း (၂၅)နှစ်ပြည့် ငွေရတုသဘင်အထိမ်းအမှတ် ဂုဏ်ပြုဝမ်းမြောက်စကား မိန့်ကြားချီးမြှင့်သည်။

**ဖတ်ကြားကြေညာ**

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ကိုးကွယ်မှုဘာသာရေးနှင့် သာသနာပြုမဟာဌာန ဌာနကြီးမှူးဆရာတော် ဒေါက်တာ ဘဒ္ဒန္တဇနက က ဒီဇင်ဘာ ၇ ရက်တွင် Buddhist Studies in the 21st Century: Challenges and Opportunities ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ် ငွေရတုအထိမ်းအမှတ် စာတမ်းဖတ်ပွဲရလဒ် ကြေညာချက် စာတမ်းကို ဖတ်ကြားကြေညာသည်။

ထို့နောက် သီရိလင်္ကာနိုင်ငံ အမရပူရဂိုဏ်း သံဃရာဇာ သဘာဥက္ကဋ္ဌဆရာတော်၊ လာအိုနိုင်ငံ သံဃရာဇာအဖွဲ့ အမြဲတမ်းအဖွဲ့ဝင်ဆရာတော်၊ ဗီယက်နမ်နိုင်ငံ သံဃရာဇာအဖွဲ့ဝင် ဆရာတော်၊ ကမ္ဘောဒီးယားနိုင်ငံ သံဃရာဇာ အဖွဲ့ဝင် ဆရာတော်တို့က တက္ကသိုလ် ဖွင့်လှစ်တည်ထောင်ခြင်း အထိမ်းအမှတ် ဂုဏ်ပြုဝမ်းမြောက်စကားများ မိန့်ကြားချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဂုဏ်ပြုစကားပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး H.E Mr. Janaka Bandara က ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားကာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြသည့် ပြည်တွင်း ပြည်ပနိုင်ငံအသီးသီးမှ သံဃရာဇာ ဆရာတော်ကြီးများအား တက္ကသိုလ်ဖွင့်လှစ်တည်ထောင်ခြင်း (၂၅)နှစ်ပြည့် ငွေရတုသဘင် အထိမ်းအမှတ် တက္ကသိုလ်ပုံ ရွှေဇဝါယွန်း ပန်းချီကားချပ်များကို ပြည်ထောင်စုဝန်ကြီးအမှူးပြုသော အကြီးအကဲများက ဆက်ကပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

**သင်ကြားပေးလျက်ရှိ**

အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သည် မြတ်ဗုဒ္ဓ၏ ထေရဝါဒဗုဒ္ဓဓမ္မစစ်စစ်ကို ကမ္ဘာသို့ပျံ့နှံ့စေရန် သင်ကြားပေးလျက်ရှိသည့် တက္ကသိုလ်ကြီးတစ်ခုဖြစ်ပြီး ယခုပြည့်မြောက်သော ငွေရတုကာလအထိ တက္ကသိုလ်သို့ တက်ရောက်အောင်မြင်ခဲ့သည့် ပြည်တွင်း/ပြည်ပ သင်တန်းသားများအနက် ပါရဂူဘွဲ့ရရှိသူ ၄၅ ပါး/ဦး၊ မဟာဝိဇ္ဇာဘွဲ့ရရှိသူ ၂၃၃ ပါး/ဦး၊ ဝိဇ္ဇာဘွဲ့ရရှိသူ ၈၄၁ ပါး/ဦး၊ ဒီပလိုမာအောင်လက်မှတ်ရရှိသူ ၁၂၇၆ ပါး/ဦး စုစုပေါင်း ၂၃၉၅ ပါး/ဦး မွေးထုတ်ပေးနိုင်ခဲ့ကာ ယခု ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ပြည်တွင်း/ပြည်ပသင်တန်းသား စုစုပေါင်း ၃၁၁ ပါး/ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၂၅)နှစ်မြောက် ငွေရတုသဘင်အထိမ်းအမှတ် အောင်ပွဲအခမ်းအနားကျင်းပစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၂၅)နှစ်မြောက် ငွေရတုသဘင် အထိမ်းအမှတ် မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

# ဆက်ပြီး မိုက်တွင်းနက်နေဦးမှာလား အကြမ်းဖက်အဖွဲ့တွေ .....

ကိုပြည်

**အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်လိုက်တဲ့ အကြမ်းဖက်မှုဆိုင်ရာ နိုင်ငံအလိုက်အစီရင်ခံစာ ၂၀၂၂ (Country Reports on Terrorism 2022) နဲ့ပတ်သက်ပြီး ပြည်တွင်း၊ ပြည်ပ မီဒီယာတချို့မှာ ဖော်ပြလာတာတွေ့ရပါတယ်။ ဒီအစီရင်ခံစာဟာ မြန်မာနိုင်ငံမှာ အကြမ်းဖက်မှုတွေ ကျူးလွန်နေတဲ့အဖွဲ့အစည်းတွေနဲ့ သူတို့ကို ဦးဆောင်မှုပေးနေသူတွေအတွက် အတော်လေးတုန်လှုပ်စရာ ဖြစ်သွားပုံရပါတယ်။ အစီရင်ခံစာမှာ အခြားသောအကြောင်းကဏ္ဍတွေ ပါဝင်ပေမယ့် အခုကတော့ သူတို့ရဲ့ အစီရင်ခံစာပါအတိုင်း အကြမ်းဖက်အဖွဲ့တွေနဲ့ပတ်သက်လို့ပဲ ထောက်ပြရေးသားဖော်ပြသွားပါမယ်။**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ အကြမ်းဖက်မှုဆိုင်ရာ နိုင်ငံအလိုက် အစီရင်ခံစာ ၂၀၂၂ ထုတ်ပြန်ရတာနဲ့ပတ်သက်လို့ အကြမ်းဖက်မှုတိုက်ဖျက်ရေးနဲ့ပတ်သက်တဲ့ အရေးကြီးကိစ္စရပ်တွေမှာ တိတိကျကျနဲ့ လေးလေးနက်နက် နားလည်နိုင်ဖို့၊ ကမ္ဘာတစ်ဝန်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေး စွမ်းဆောင်ရည်နဲ့ ခံနိုင်ရည်ရှိမှု တည်ဆောက်ရာမှာ အရင်းအမြစ်ခွဲဝေပေးနိုင်မှု၊ မူဝါဒချမှတ်ရာမှာလည်း ခိုင်မာပြည့်စုံတဲ့ သတင်းအချက်အလက်တွေအပေါ်မှာ အခြေခံပြီး ချမှတ်နိုင်ဖို့ဆိုတဲ့ရည်ရွယ်ချက်နဲ့ ထုတ်ပြန်ခဲ့တာ ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

## အကြမ်းဖက်မှု ၃၉၁ မှုဖြစ်ပွားခဲ့တယ်လို့ ဖော်ပြထား

Country Reports on Terrorism – CRT အစီရင်ခံစာမှာ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး ၂၀၂၂ ခုနှစ် အတွင်း အကြမ်းဖက်မှု ၃၉၁ မှု ဖြစ်ပွားခဲ့ပြီးတော့ သေဆုံးသူ ၂၁၃၀ (ကမ္ဘာ့သေဆုံးမှုစုစုပေါင်းရဲ့ ၁၀ ရာခိုင်နှုန်း) ရှိတယ်လို့ ဖော်ပြထားပါတယ်။ အကြမ်းဖက်မှုဖြစ်စဉ်တွေအနက် ၁၉၈ မှု (ဖြစ်စဉ်အားလုံးရဲ့ ၅၀ ရာခိုင်နှုန်း)ကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) အမည်ခံအကြမ်းဖက်အဖွဲ့တွေက ကျူးလွန်ခဲ့တယ်လို့ ဖော်ပြထားပါတယ်။ ဒါ့အပြင် ချင်းပြည်ကာကွယ်ရေးတပ်ဖွဲ့ (CDF) က ၂၉ မှု (၇ ရာခိုင်နှုန်း)၊ ကရင်နီတိုင်းရင်းသားများကာကွယ်ရေးတပ်ဖွဲ့ (KNDF) က ၂၇ မှု (၇ ရာခိုင်နှုန်း)၊ ဘယ်အဖွဲ့က ကျူးလွန်မှန်း တိကျစွာမသိတဲ့ အကြမ်းဖက်မှု ၁၄ ရာခိုင်နှုန်းရှိတယ်လို့ ဖော်ပြထားတာ တွေ့ရပါတယ်။

မြန်မာနိုင်ငံမှာ အများဆုံးတွေ့ရတဲ့ အကြမ်းဖက်မှုအမျိုးအစားတွေကတော့ ပစ်ခတ်မှု ၃၈ ရာခိုင်နှုန်း၊ မြေမြှုပ်မိုင်း သို့မဟုတ် Improvised explosive device (IED) ၂၁ ရာခိုင်နှုန်းနဲ့ ဗုံးခွဲမှု ၁၉ ရာခိုင်နှုန်း ဖြစ်ပွားခဲ့တယ်လို့လည်း ဖော်ပြထားပါတယ်။ အကြမ်းဖက်မှုအများဆုံးဖြစ်တဲ့ ဒေသတွေကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ ကချင်ပြည်နယ်တို့ဖြစ်ပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီးမှာ ၁၀၇ မှု (၂၇ ရာခိုင်နှုန်း)၊ ရန်ကုန်တိုင်းဒေသကြီးမှာ ၄၂ မှု (၁၁ ရာခိုင်နှုန်း) နဲ့ ကချင်ပြည်နယ်မှာ ၃၆ မှု (၉ ရာခိုင်နှုန်း) တို့ ဖြစ်တယ်လို့လည်း ဖော်ပြထားပါတယ်။

၂၀၂၂ ခုနှစ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှု အများဆုံး ၁၀ နိုင်ငံစာရင်းကို ဖော်ပြရာမှာတော့ မြန်မာနိုင်ငံဟာ နံပါတ် (၈) နေရာမှာရှိတယ်လို့ ဖော်ပြထားပါတယ်။ မြန်မာနိုင်ငံရဲ့ အပေါ်မှာတော့ နံပါတ် (၁) ကနေ နံပါတ် (၇) အထိ ကွန်ဂို၊ ဆီးရီးယား၊ နိုင်ဂျီးရီးယား၊ ပါကစ္စတန်၊ အိန္ဒိယ၊ အီရတ်နဲ့ ယီမင်နိုင်ငံတို့ကို အသီးသီးဖော်ပြထားတာ တွေ့ရပါတယ်။

အမေရိကန်အစိုးရအနေနဲ့ မြန်မာနိုင်ငံမှာဖြစ်နေတဲ့ အခြေအနေတွေနဲ့ပတ်သက်လို့ လက်ရှိနိုင်ငံတော်တာဝန်ကိုယူထားတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုပဲ တစ်ဖက်သတ်ပြောဆိုနေတာမျိုးကိုသာ တွေ့ခဲ့ရပြီးတော့ တစ်ဖက်က လက်နက်ကိုင်ပြီး စစ်ရေးပစ်မှတ်မဟုတ်တာတွေကို ပစ်ခတ်တိုက်ခိုက်တာတွေ၊ အကြမ်းဖက်မှု ကျူးလွန်နေတာတွေနဲ့ ပတ်သက်လို့ တစ်ကြိမ်တစ်ခါမှ ထုတ်ပြန်ပြောဆိုတာမျိုး မတွေ့ခဲ့ရသေးပါဘူး။

> **“အကြမ်းဖက်မှုတွေ ကျူးလွန်နေတဲ့ PDF ၊ CDF ၊ KNDF အမည်ခံ အဖွဲ့အစည်းတွေကို အကြမ်းဖက်အဖွဲ့အစည်းတွေအဖြစ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာလိုက်ခြင်းပါပဲ။ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာခံရပြီဆိုရင်တော့ အဲဒီအကြမ်းဖက်အဖွဲ့အစည်းတွေနဲ့ သူတို့ကို ထောက်ခံအားပေးနေတဲ့သူတွေအတွက် နောက်ဆက်တွဲအကျိုးဆက်တွေ လာပါလိမ့်မယ်။ ကျူးလွန်ခဲ့တဲ့အကြမ်းဖက်မှုတွေဟာ ပျောက်ပျက်သွားမှာ မဟုတ်ပါဘူး။ ဒီပြစ်မှုတွေဟာ နောက်ကနေ ထက်ကြပ်မကွာလိုက်နေမှာဖြစ်”**

## စောင့်ကြည့်မှတ်တမ်းယူနေ

အခုတစ်ကြိမ်မှာတော့ ၂၀၂၂ ခုနှစ်အတွက် Country Reports on Terrorism – CRT ရဲ့ အစီရင်ခံစာမှာ ဖော်ပြလာတာတွေ့ရပါတယ်။ ဒါက ဘာကိုရည်ညွှန်းနေသလဲဆိုရင် တစ်ဖက်မှာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF)လို့ အမည်ခံထားတဲ့ အဖွဲ့အစည်းအမျိုးမျိုးဟာ စစ်ရေးနဲ့မဆိုင်ဘဲ အကြမ်းဖက်မှုတွေ ကျူးလွန်နေတာကို သူတို့သတိထားပြီး စောင့်ကြည့်မှတ်တမ်းယူနေတယ်ဆိုတာကို ပြသလိုက်တာပဲ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ အမေရိကန်နိုင်ငံဟာ ခဲမှန်ဖူးတဲ့ စာသူငယ်လို အကြမ်းဖက်မှုရဲ့ဒဏ်ကို ကောင်းကောင်း ခံစားရဖူးတဲ့ နိုင်ငံဖြစ်ပါတယ်။

၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်ရပ်က အမေရိကန်တွေအတွက် အခုထိ ခြောက်လှန့်နေဆဲ အိပ်မက်ဆိုးတစ်ခု ဖြစ်နေပါတယ်။ အဲဒီကတည်းက အကြမ်းဖက်မှုကိုစောင့်ကြည့်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးကို အာရုံစိုက်လုပ်ဆောင်လာခဲ့တာဖြစ်တယ်။ စက်တင်ဘာလ ၁၁ တိုက်ခိုက်မှုကို ကြိုးကိုင်ခဲ့သူဟာ တစ်ချိန်က အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီ CIA က မွေးထုတ်ထားတဲ့ အိုစမာဘင်လာဒင် ဖြစ်နေတာပါပဲ။ ကိုယ်မွေးတဲ့မျောက်က ကိုယ့်ပြန်ခြောက်ရုံတင်မဟုတ်ဘဲ ပြန်ပြီးတော့ ကိုက်သွားခဲ့တာဆိုတော့ အမေရိကန်တို့အတွက် နာကြည်းခံပြင်းမယ်ဆိုလည်း ဖြစ်စရာပါပဲ။

**အမေရိကန်အစိုးရက ထုတ်ပြန်ထားတဲ့ Burma Act မှာလည်း “technical and non–lethal support for the EAOs, PDFs, and pro–democracy movement organizations” ဆိုပြီး ပြဋ္ဌာန်းထားပါတယ်။ အဲဒီမှာလည်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) အမည်ခံ အကြမ်းဖက်အဖွဲ့တွေကို နည်းပညာပိုင်းဆိုင်ရာနဲ့ လူကိုသေစေနိုင်လောက်တဲ့ အရာတွေနဲ့မဆိုင်တဲ့ အထောက်အပံ့တွေပေးမယ်လို့ ထည့်သွင်းထားပါတယ်။ အခုတော့ အမေရိကန်အစိုးရကိုယ်တိုင်က သူတို့ထောက်ပံ့နေတဲ့အဖွဲ့အစည်းတွေဟာ အကြမ်းဖက်မှုတွေ ကျူးလွန်နေကြောင်း အစီရင်ခံစာမှာ ထည့်သွင်းထုတ်ပြန်လာတာဖြစ်ပါတယ်။**

## အကြမ်းဖက်အဖွဲ့အစည်းများ

ကမ္ဘာမှာ အကြမ်းဖက်အဖွဲ့အစည်းတွေ အများအပြားရှိပါတယ်။ အဲဒီအထဲက လူသိထင်ရှားရှိတဲ့ အဖွဲ့အစည်းတွေကတော့ Al–Qaeda၊ ISIS (Islamic State of Iraq and Syria)၊ Boko Haram ၊ Al–Shabaab၊ Hamas၊ Hezbollah၊ FARC (Revolutionary Armed Forces of Colombia)၊ Abu Sayyaf Group (ASG)၊ Lashkar–e–Taiba (LeT)၊ Jaish–e–Mohammed (JeM)၊ Al–Nusra Front ၊ Houthi Rebels ၊ New People's Army (NPA) ၊ PKK (Kurdistan Workers' Party)၊ Tehrik–i–Taliban Pakistan (TTP)၊ Tehrik–i–Taliban Pakistan (TTP)၊ Jihadist နဲ့ LTTE (Liberation Tigers of Tamil Eelam) စတဲ့ အဖွဲ့တွေ ဖြစ်ပါတယ်။

တစ်ဖွဲ့နဲ့တစ်ဖွဲ့တော့ ရည်ရွယ်ချက်ချင်း မတူကြပါဘူး။ တချို့က ဘာသာရေးအခြေခံတဲ့ အကြမ်းဖက်အဖွဲ့တွေဖြစ်ပြီးတော့ တချို့ကတော့ လူမျိုးစုကိုအခြေခံတဲ့ အကြမ်းဖက်အဖွဲ့တွေဖြစ်ပါတယ်။ ဘယ်လိုကြောင့်ပဲ အကြမ်းဖက်မှုကို ကျူးလွန်သည်ဖြစ်စေ စံနှုန်းတွေအရ လက်မခံနိုင်တဲ့ အကြမ်းဖက်မှုကို ကျူးလွန်ရင် အကြမ်းဖက်အဖွဲ့ဖြစ်သွားတာပါပဲ။ အခုလည်း မြန်မာနိုင်ငံအတွင်းမှာ အကြမ်းဖက်မှု ကျူးလွန်နေတဲ့ အဖွဲ့အစည်းတွေကို နာမည်၊ အကြမ်းဖက်မှုကျူးလွန်တဲ့အကြိမ်အရေအတွက်၊ ရာခိုင်နှုန်းနဲ့တကွ ထုတ်ပြန်လိုက်တာဟာ အကြမ်းဖက်အဖွဲ့အစည်းလို့ ပြောလိုက်တာပါပဲ။

**အကြမ်းဖက်မှုတွေ ကျူးလွန်နေတဲ့ PDF ၊ CDF ၊ KNDF အမည်ခံ အဖွဲ့အစည်းတွေကို အကြမ်းဖက်အဖွဲ့အစည်းတွေအဖြစ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာလိုက်ခြင်းပါပဲ။ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာခံရပြီဆိုရင်တော့ အဲဒီအကြမ်းဖက်အဖွဲ့အစည်းတွေနဲ့ သူတို့ကို ထောက်ခံအားပေးနေတဲ့သူတွေအတွက် နောက်ဆက်တွဲအကျိုးဆက်တွေ လာပါလိမ့်မယ်။ ကျူးလွန်ခဲ့တဲ့ အကြမ်းဖက်မှုတွေဟာ ပျောက်ပျက်သွားမှာ မဟုတ်ပါဘူး။ ဒီပြစ်မှုတွေဟာ နောက်ကနေ ထက်ကြပ်မကွာ လိုက်နေမှာဖြစ်ပါတယ်။**

အစီရင်ခံစာထဲမှာတော့ အကြမ်းဖက်မှုကျူးလွန်ခဲ့တဲ့ အမျိုးအစားကို ဖော်ပြရာမှာ ပစ်ခတ်မှု၊ မိုင်းခွဲမှုနဲ့ ဗုံးခွဲမှုဆိုပြီး သုံးမျိုးလောက်သာ ဖော်ပြထားပေမယ့် တကယ်တော့ မြန်မာနိုင်ငံမှာ PDF တွေ ကျူးလွန်ခဲ့တဲ့ အကြမ်းဖက်မှုတွေဟာ အမျိုးအစားခွဲဖို့ ခက်လောက်အောင်ကို ရှုပ်ထွေးများပြားပါတယ်။ PDF လက်နက်ကိုင်အဖွဲ့အစည်းထဲရောက်နေတဲ့သူတစ်ယောက်က သူနဲ့ပုဂ္ဂိုလ်ရေး အဆင်မပြေတဲ့သူကို တပ်မတော်ကို သတင်းပေးနေတဲ့ ဒလန်ဆိုပြီး ခေါင်းစဉ်တပ်သတ်ဖြတ်တာမျိုး၊ ငွေလိုရင် ပြန်ပေးဆွဲ ငွေတောင်းတာမျိုး၊ တာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို email၊ SMS ပေးပို့ခြိမ်းခြောက်တာမျိုး၊ လူမှုမီဒီယာကနေ ကြေညာချက်ထုတ်ပြီး ဘယ်နေ့ ဝန်ထမ်းအဖြစ်ကနေ အပြီးနုတ်ထွက်၊ ဘယ်ဒေသကနေထွက်ခွာစတဲ့ အကြမ်းဖက်မှုမျိုးတွေ နည်းပေါင်းစုံနဲ့ ကျူးလွန်နေကြတာဖြစ်ပါတယ်။

အစီရင်ခံစာပါ အချက်တွေဟာ ၂၀၂၂ ခုနှစ်အတွက်သာ ထုတ်ပြန်ထားတာ ဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ်ထဲမှာ PDF အမည်ခံအဖွဲ့အစည်းတွေ ကျူးလွန်ခဲ့တဲ့ အကြမ်းဖက်မှုတွေ အများကြီးရှိပါသေးတယ်။ အဲဒီအထဲက မှတ်မိသလောက် တချို့ကိုပြောရရင် အဆိုတော်လီလီနိုင်ကျော် ပစ်ခတ်သတ်ဖြတ်ခံရမှု၊ အမျိုးသားဒီမိုကရေစီပါတီသစ်ဥက္ကဋ္ဌ ဦးသန်းထွန်း လုပ်ကြံသတ်ဖြတ်ခံရမှု၊ လောင်းလုံးမြို့နယ် စခန်းကြီးကျေးရွာရှိ

စာမျက်နှာ ၁၁ သို့ ✻

> **“အမေရိကန်နိုင်ငံဆိုတာကလည်း သိချင်ရင် ဘာမဆိုသိနိုင်တဲ့ နိုင်ငံမျိုး၊ မသိချင်ယောင်ဆောင်ချင်ရင်လည်း ဆောင်နေနိုင်တဲ့နိုင်ငံမျိုးပါ။ အခုတော့ မြန်မာနိုင်ငံမှာ သူတို့ထောက်ခံအားပေးပါတယ်ဆိုတဲ့ အဖွဲ့အစည်းတွေက အကြမ်းဖက်မှုတွေ ကျူးလွန်နေတာကို မသိချင်ယောင်ဆောင်နေလို့ မရတော့တဲ့အချိန်ကာလတစ်ခုကို ကျော်လွန်လာခဲ့ပြီဖြစ်တာကြောင့် အခုလိုထုတ်ဖော်လာခဲ့တာ ဖြစ်ပါလိမ့်မယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အခုလိုထုတ်ပြန်လာပြီဆိုရင် အီးယူလို အဖွဲ့အစည်းတွေလည်း နောက်ကနေ ကပ်လိုက်လာကြတော့မှာဖြစ်ပါတယ်။ အကြမ်းဖက်မှုကျူးလွန်နေတဲ့ ဒီအဖွဲ့အစည်းတွေကို အမေရိကန်မှာနေပြီး ရန်ပုံငွေရှာပေးနေတဲ့ လူပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေအတွက်လည်း နောက်ဆက်တွဲအကျိုးသက်ရောက်မှုတွေ ရောက်လာပါလိမ့်မယ်”**

# ပြည်ထောင်စုဝန်ကြီးဦးတင်ဦးလွင် ဆံတော်ရှင်ဆူးလေစေတီတော်ကြီး၏ ဒွါဒသမအကြိမ်မြောက် ရွှေထီးတော်နှင့်လုံးတော်ပြည့်ရွှေစင်ရွှေပြား၊ မျက်ပါးရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ခြင်းနှင့် ဘက်စုံမွမ်းမံပြုပြင်ခြင်းတို့အတွက် ရေစက်ချမင်္ဂလာအခမ်းအနား တက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၉

ဆံတော်ရှင်ဆူးလေ စေတီတော်ကြီး၏ ဒွါဒသမအကြိမ်မြောက် ရွှေထီးတော်နှင့် လုံးတော်ပြည့် ရွှေစင်ရွှေပြား၊ မျက်ပါးရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ခြင်းနှင့် ဘက်စုံမွမ်းမံပြုပြင်ခြင်းတို့အတွက် ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆံတော်ရှင်ဆူးလေစေတီတော်ရင်ပြင် ကျက်သရေဆောင်ခန်းမ၌ ကျင်းပသည်။



**တက်ရောက်ကြည်ညို**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန် စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူး ဦးညွန့်ဖေနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များနှင့် စေတနာသဒ္ဓါအလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ရာ ဆံတော်ရှင်ဆူးလေစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ဗဟန်းမြို့နယ်၊ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် တိပိဋက ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ အရှင်သူမြတ်ထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူအပ်သော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် ဒွါဒသမအကြိမ်မြောက် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခြင်း၊ ဘက်စုံမွမ်းမံပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီးအောင်မြင်ခြင်းအတွက် ဦးစီးကော်မတီကိုယ်စား အလှည့်ကျ ဂေါပကအဖွဲ့ဝင်(စီမံ) ဦးငွေးဝင်းက ဆရာတော်ကြီးများအား လျှောက်ထားလွှာ ဖတ်ကြားလျှောက်ထားသည်။

ဆက်လက်၍ ကြွရောက်လာသည့် ဆရာတော်၊ သံဃာတော်များအား ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး လှူဒါန်းမှုအစုစုတို့အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အရှင်သူမြတ်ထံမှ အနုမောဒနာတရား နာကြား၍ ရေစက်သွန်းလောင်းအမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်အတွင်း လှည့်လည်ကြည်ညိုပြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များကို စေတီတော်ကြီး ကြည်ညိုဖွယ်ဖြစ်စေရေးနှင့် သာသနိကအဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲစေရေး စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒခံယူပြီး ဩဝါဒနှင့်အညီ ဆောင်ရွက်စေရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ပြဋ္ဌာန်းထားသော စည်းမျဉ်းများနှင့်အညီ စနစ်တကျဆောင်ရွက်သွားရန် စသည်ဖြင့် လမ်းညွှန်မှာကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်ပပို့ကုန်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်စက်ရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၉

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြို့ကုန်းရှိ ရေထွက်ကုန်လုပ်ငန်းများ ထုတ်လုပ်တင်ပို့လျက်ရှိသည့် Golden Bay Limited နှင့် ရွှေပြည်သာစက်မှုဇုန်ရှိ ပဲမျိုးစုံ ပြည်ပသို့တင်ပို့လျက်ရှိသည့် New Golden Gate (1991) Co., ltd. သို့ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက စက်ရုံမှထုတ်လုပ်နေမှုများနှင့် ပြည်ပသို့တင်ပို့နေမှုများကို ရှင်းလင်းတင်ပြပြီး စက်ရုံအတွင်း ပြည်ပသို့တင်ပို့ရန် ရေထွက်ကုန်ပစ္စည်းများနှင့် ပဲများထုတ်လုပ်နေမှုအဆင့်ဆင့်နှင့် ပြည်ပသို့တင်ပို့ရန် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက စက်ရုံထွက် ကုန်ပစ္စည်းများ ပြည်တွင်းဈေးကွက်တည်ငြိမ်ရေးကို ဦးစွာဆောင်ရွက်ပြီး ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ပြည်ပဈေးကွက်ပိုမိုရရှိအောင်ဆောင်ရွက်ရေး၊ မှန်ကန်သည့်ကုန်သွယ်မှုဖြစ်ပေါ်စေရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက် အစိုးရနှင့်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်မှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေး၊ ပုဂ္ဂလိကကဏ္ဍ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ဒေသတွင်းနိုင်ငံများနှင့်သာမက နိုင်ငံတကာနှင့်ပူးပေါင်း၍ တိုးမြှင့်တင်ပို့နိုင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးပြည့်ဝရေး၊ ပြည်ပတင်ပို့မှုတွင် နိုင်ငံတကာမှ အသိအမှတ်ပြုပြီး ပြည်ပဈေးကွက်များတွင် တိုးချဲ့ဝင်ရောက်နိုင်မည့် Hazard Analysis and Critical Control Point (HACCP) ကဲ့သို့ နိုင်ငံတကာသတ်မှတ်စံချိန်စံညွှန်းမီ ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားဇာတ်ရုံ မြို့မကျောင်းလမ်း၌ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၏ (၃၂) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပန်းဘဲတန်းမြို့နယ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ထုတ်ကုန်တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးများကို ဆွေးနွေးပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❋ စာမျက်နှာ ၁၀ မှ

စိုက်ပျိုးရေးသိပ္ပံကျောင်း (ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီး အပါအဝင် ခုနစ်ဦးဖမ်းဆီးခံရပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးတစ်ဦး ပစ်သတ်ခံရမှု၊ သန်လျင်မြို့နယ် ဥပဒေအကြံပေး ဦးမင်းတေဇာညွန့်တင် သတ်ဖြတ်ခံရမှု၊ လှိုင်ကော်တက္ကသိုလ်မှာလည်း ပါမောက္ခချုပ်အပါအဝင် ဆရာ ဆရာမများ၊ ဝန်ထမ်းများကို ဖမ်းဆီးခေါ်ဆောင်မှုစတဲ့ အမှုတွေဟာလည်း ခွင့်လွှတ်လို့မရနိုင်တဲ့ အကြမ်းဖက်မှုတွေဖြစ်ပါတယ်။ လက်နက်မဲ့ အရပ်သားကို ပစ်ခတ်သတ်ဖြတ်တာကို ဘယ်နိုင်ငံက ဘယ်စံနှုန်းနဲ့ပဲ တိုင်းတာတိုင်းတာ လက်ခံလို့မရနိုင်ပါဘူး။

တစ်နည်းအားဖြင့်တော့ အမေရိကန်ဟာ Burma Act အရ PDFs ကို technical and non-lethal support အရပါ ထောက်ခံအားပေးနေခြင်းမျိုးကနေ နောက်ဆုတ်တော့မယ်ဆိုတာကို အချက်ပြလိုက်တာပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက်ရော၊ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုအတွက် ဘာမျှအကျိုးမရှိနိုင်တော့ဘူးဆိုတာ ကောင်းကောင်းတွက်မိသွားပုံရပါတယ်။ စာရေးသူထင်မြင်ချက်အရပြောရရင် အမေရိကန်လိုချင်တဲ့ China Containment အရ တစ်စုံတစ်ရာ အကျိုးရှိမလားဆိုတဲ့ မျှော်မှန်းချက်နဲ့ ထောက်ခံအားပေးခဲ့ပေမယ့် ဒီအဖွဲ့တွေဟာ အကြမ်းဖက်မှုတွေကိုသာ တွင်တွင်ကြီးကျူးလွန်လာခဲ့တာ တွေ့လာရတော့ အမေရိကန်တန်ဖိုး (America Value)အရ လက်မခံနိုင်တဲ့ အခြေအနေလည်း ဖြစ်လာပုံရပါတယ်။

## နောက်ဆက်တွဲအကျိုးသက်ရောက်မှုတွေ ရောက်လာပါလိမ့်မယ်

**အမေရိကန်နိုင်ငံဆိုတာကလည်း သိချင်ရင် ဘာမဆိုသိနိုင်တဲ့ နိုင်ငံမျိုး၊ မသိချင်ယောင် ဆောင်ချင်ရင်လည်း ဆောင်နေနိုင်တဲ့ နိုင်ငံမျိုးပါ။ အခုတော့ မြန်မာနိုင်ငံမှာ သူတို့ ထောက်ခံအားပေးပါတယ်ဆိုတဲ့ အဖွဲ့အစည်းတွေက အကြမ်းဖက်မှုတွေ ကျူးလွန်နေတာကို မသိချင်ယောင်ဆောင်နေလို့ မရတော့တဲ့အချိန်ကာလတစ်ခုကို ကျော်လွန်လာခဲ့ပြီဖြစ်တာကြောင့် အခုလိုထုတ်ဖော်လာခဲ့တာ ဖြစ်ပါလိမ့်မယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အခုလိုထုတ်ပြန်လာပြီဆိုရင် အီးယူလို အဖွဲ့အစည်းတွေလည်း နောက်ကနေကပ်လိုက်လာကြတော့မှာဖြစ်ပါတယ်။ အကြမ်းဖက်မှု ကျူးလွန်နေတဲ့ ဒီအဖွဲ့အစည်းတွေကို အမေရိကန်မှာနေပြီး ရန်ပုံငွေရှာပေးနေတဲ့ လူပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေအတွက်လည်း နောက်ဆက်တွဲ အကျိုးသက်ရောက်မှုတွေ ရောက်လာပါလိမ့်မယ်။**

ဒါ့အပြင် မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး အမေရိကန်ရဲ့မူဝါဒဆိုင်ရာ အစိတ်အပိုင်းတချို့ ပြောင်းလဲလာတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ Strategic Studies at the New Delhi–based Center for Policy Research and Fellow at the Robert Bosch Academy in Berlin ရဲ့ ပါမောက္ခတစ်ဦးဖြစ်တဲ့ Brahma Chellaney ဘန်ကောက်ပို့စ်မှာ America's Myanmar policy is simply all wrong ဆောင်းပါးထဲမှာ ရေးထားသလိုပါပဲ။ အမေရိကန်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ မူဝါဒတွေဟာ မှားယွင်းနေပါတယ် ။ အဲဒီအတွက် အပြောင်းအလဲတစ်ခုခု လုပ်လာတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ အမေရိကန်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ မူဝါဒတွေဟာ လက်တွေ့မှာ အလုပ်မဖြစ်ပါဘူး။ အမေရိကန်တို့ရဲ့ မူလတန်ဖိုးတွေနဲ့လည်း မကိုက်ပါဘူး။

အချုပ်ပြောရရင်တော့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်လိုက်တဲ့ အကြမ်းဖက်မှုဆိုင်ရာ နိုင်ငံအလိုက်အစီရင်ခံစာ ၂၀၂၂ (Country Reports on Terrorism – CRT)ဟာ အချက်ပြမှုတစ်ခုပဲ ဖြစ်ပါတယ်။ အကြမ်းဖက်သမားတွေအတွက် မီးစာကုန်ဆီခန်းဖြစ်မယ့်အချိန်ဟာ မကြာမီ ရောက်လာတော့မှာ ဖြစ်ပါတယ်။ သတိမူရင် မြူကိုတောင် မြင်နိုင်သလို သတိမမူရင် ဂူကိုတောင် မမြင်နိုင်ဘူးဆိုတာလိုပါပဲ။ အကြမ်းဖက်သမားဟာ တစ်သက်တာ အကြမ်းဖက်သမား ဖြစ်နေရမှာမဟုတ်ဘဲ သတိမူမိတဲ့အချိန်မှာ အကျိုးမရှိတဲ့ အကြမ်းဖက်လုပ်ရပ်တွေကို စွန့်လွှတ်လိုက်ကြဖို့ပါပဲ။ ရိုးရှင်းတဲ့သတင်းစကားပါးရမယ်ဆိုရင်တော့ ဆက်ပြီး မိုက်တွင်းမနက်ကြဖို့နဲ့ ဆက်ပြီးတော့ မအကြွတော့ဖို့ သတိပေးလိုက်ပါရစေ။ ။

# စက်သုံးဆီပြတ်လပ်တော့မည်ဆိုသည့် ကောလာဟလသတင်းများကြောင့် စိုးရိမ်ပူပန်မှု မဖြစ်စေလို

**ခရီးသွားရာသီဖြစ်သည့် ဒီဇင်ဘာလတွင် စက်သုံးဆီပြတ်လပ်တော့မည်ဆိုသည့် ကောလာဟလသတင်းများကြောင့် အများပြည်သူစိုးရိမ်ပူပန်မှု မြင့်တက်ကာ စက်သုံးဆီဝယ်ယူမှု ပိုမိုများပြားခဲ့သည်။ လိုသည်ထက်ပို၍ ဝယ်လိုအားများပြားခဲ့ခြင်းကြောင့် တန်းစီစောင့်ဆိုင်း ဝယ်ယူခဲ့ရသည့် အခြေအနေများ ဖြစ်ပေါ်ခဲ့ရသည်။**

**တွေ့ဆုံမေးမြန်း - မျိုးဆက်သစ်**
**ဓာတ်ပုံ - ပြည့်စုံ**




စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးသန်းဇော်။

လက်ရှိဆောင်ရွက်နေသည့် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးမှု အခြေအနေနှင့် ပတ်သက်၍ စက်သုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးသန်းဇော်နှင့် ယခုကဲ့သို့တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး။** နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အချို့က စက်သုံးဆီအရောင်းဆိုင်တွေမှာ စက်သုံးဆီဝယ်ယူဖို့ တန်းစီစောင့်ဆိုင်း ဝယ်ယူနေရပါတယ်။ ဒီလိုအခြေအနေတွေဖြစ်ပေါ်ရတဲ့ အကြောင်းရင်းကို သိရှိလိုပါတယ်။

**ဖြေ။** အခုလတ်တလောမှာ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနဲ့ တိုင်းဒေသကြီး/ပြည်နယ်အချို့မှာရှိတဲ့ စက်သုံးဆီအရောင်းဆိုင်တွေမှာ တန်းစီဝယ်ယူနေတာတွေ အများကြီး ဖြစ်ပေါ်နေပါတယ်။ မကြာမီစက်သုံးဆီပြတ်လပ်တော့မယ်၊ ဈေးတွေလည်း တက်တော့မယ်ဆိုတဲ့ ကောလာဟလသတင်းတွေနဲ့ လတ်တလော လူမှုကွန်ရက်က မဟုတ်မမှန်သတင်းတွေကြောင့် ပြည်သူလူထုအနေနဲ့ စိုးရိမ်ပူပန်မှုတွေ ဖြစ်ပေါ်ပြီး ပုံမှန်သုံးစွဲမှုပမာဏထက် ကျော်လွန်ဝယ်ယူနေတာတွေကြောင့် ဖြစ်တယ်လို့ သုံးသပ်တွေ့ရှိရပါတယ်။ သုံးစွဲသူတချို့ကလည်း ကိုယ်ချင်းစာနာစိတ်မရှိဘဲ အခေါက်ခေါက် ထုတ်ယူသိုလှောင်ပြီး တစ်ဆင့်ပြန်လည် အမြတ်တင်ရောင်းချနေတာမျိုးတွေလည်းရှိတယ်လို့ ကြားသိရပါတယ်။ ဒီအပြင် CNG Taxi တွေကလည်း စက်သုံးဆီကို မလိုအပ်ဘဲ အခြားနည်းအသုံးပြုဖို့ ဝယ်ယူနေကြတယ်လို့ ကြားသိရတဲ့အတွက် CNG Taxi တွေကို စက်သုံးဆီ လုံးဝမရောင်းဖို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ အဓိကမြို့ကြီးတွေရဲ့ အရောင်းဆိုင်အချို့မှာ ယာဉ်တွေတန်းစီ ဝယ်ယူမှုများပြားနေရတဲ့ နောက်ထပ်အကြောင်းရင်းကို ဆန်းစစ်ကြည့်တဲ့အခါ သုံးစွဲသူတွေအနေနဲ့ မိမိတို့ရဲ့ သွားလာရာလမ်းကြောင်းအရလည်းကောင်း၊ လိုအပ်တဲ့ အချိန်နဲ့ ပမာဏအရလည်းကောင်း နီးစပ်ရာလမ်းကြောင်းသင့်တဲ့ဆိုင်တွေ၊ Brand, Incentive, Service ကောင်းတဲ့ဆိုင်တွေမှာပဲ အဓိကတန်းစီ ဝယ်ယူလိုကြတာကြောင့်လည်းဖြစ်ပါတယ်။ ဒီအပြင် ပွင့်လင်းရာသီမှာခရီးသွားလာမှုတွေ၊ မီးစက်သုံးစွဲမှုတွေများပြားလာတာကြောင့် ဝယ်ယူမှုမြင့်တက်လာရတဲ့ အကြောင်းရင်းတစ်ခုလည်းဖြစ်ပါတယ်။

ဒီလိုအခြေအနေတွေကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုရင် ဒီဇင်ဘာ ၁ ရက်မှ ၈ ရက်အထိ ရှစ်ရက်တာကာလအတွင်း 92 Ron ဂါလန် ၆ သန်း ၇ သိန်းနီးပါး၊ 95 Ron ဂါလန် ၁ သန်း ၇ သိန်းခန့်၊ HSD ဂါလန် ၆ သန်းကျော်၊ PD ဂါလန် ၇ သန်း ၁ သိန်းကျော် ဖြန့်ဖြူးပေးခဲ့ရပါတယ်။ တစ်ရက်ပျမ်းမျှအနေနဲ့ 92 Ron ဂါလန် ၈ သိန်း ၃ သောင်းကျော်၊ 95 Ron ဂါလန် ၂ သိန်း ၁ သောင်းကျော်၊ HSD ဂါလန် ၇ သိန်း ၅ သောင်းကျော်၊ PD ဂါလန်၈သိန်း၉သောင်းကျော်ဖြန့်ဖြူးပေးခဲ့ရပါတယ်။ အထူးသဖြင့် အခုရက်ပိုင်းအတွင်းမှာ ပြည်ထောင်စုနယ်မြေနေပြည်တော်အပါအဝင် ရန်ကုန်တိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးတွေမှာ ဖွင့်လှစ်ထားတဲ့ လိုင်စင်ရအရောင်းဆိုင်တွေကို ယခင်ဖြန့်ဖြူးပေးနေတဲ့ ပမာဏထက် 92 Ron ဂါလန် ၂ သိန်း ၃ သောင်းကျော်၊ 95 Ron ဂါလန် ၁ သိန်း ၂ သောင်းကျော်၊ HSD ဂါလန် ၁ သိန်း ၃ သောင်းကျော်နဲ့ PD ဂါလန် ၂ သိန်း ၄ သောင်းကျော် ပိုမိုဖြန့်ဖြူးပေးခဲ့ရတာဖြစ်ပါတယ်။

စက်သုံးဆီ ပုံမှန်ဝယ်ယူသုံးစွဲမှုပမာဏထက် ပိုမိုဖြန့်ဖြူးပေးနေပေမယ့်လည်း အခုရက်ပိုင်းမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးမှာရှိတဲ့ စက်သုံးဆီအရောင်းဆိုင်တွေအပြင် အချို့တိုင်းဒေသကြီး၊ ပြည်နယ်တွေက စက်သုံးဆီ အရောင်းဆိုင်တွေမှာလည်း ကားတွေ၊ ဆိုင်ကယ်တွေ အများကြီးတန်းစီဝယ်ယူနေကြတာကြောင့်ဖြည့်တင်းပေးနိုင်မှု စွမ်းအားထက်ကျော်လွန်တဲ့ အရောင်းဆိုင်အချို့မှာ ဆီဖြည့်တင်းဖို့ ထွက်ခွာလာတဲ့ ဆီသယ်ယာဉ် မရောက်မီကာလအတွင်း ခေတ္တအရောင်းရပ်ဆိုင်းထားရတဲ့ အခြေအနေမျိုးတွေရှိပေမယ့် အချိန်မီဖြည့်တင်းနိုင်ရေး ဆောင်ရွက်နေပါတယ်။

ကျွန်တော့်အနေနဲ့ ပြောကြားချင်တာက စက်သုံးဆီတွေကို လိုအပ်တာထက် ပိုမိုဝယ်ယူပြီး တရားမဝင်သိုလှောင်ထားတာ၊ တစ်ဆင့်ပြန်လည်ရောင်းချတာ၊ အခေါက်ခေါက် တန်းစီဝယ်ယူတာမျိုး မပြုကြဖို့နဲ့ မိမိတို့လိုအပ်သလောက်ကိုသာ စိတ်အေးချမ်းသာစွာ ဝယ်ယူသုံးစွဲကြပါလို့ ပြောလိုပါတယ်။

ဒီလိုတရားမဝင်သိုလှောင်ထားတာ၊ တစ်ဆင့်ပြန်လည်ရောင်းချတာတွေက ဥပဒေနဲ့မညီတဲ့အပြင် မီးဘေးအန္တရာယ်အတွက်လည်း အင်မတန်စိုးရိမ်စရာဖြစ်တဲ့အတွက် မိမိအကျိုးစီးပွားကြောင့် အများပြည်သူထိခိုက်နစ်နာမှာကို မပြုလုပ်ကြဖို့ မေတ္တာရပ်ခံလိုပါတယ်။

**မေး။** စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးရေး လုပ်ငန်းကြီးကြပ်ရေး ကော်မတီက စက်သုံးဆီရည်ညွှန်းဈေးတွေကို နေ့စဉ်ထုတ်ပြန်နေတာ တွေ့ရပါတယ်။ လက်ရှိ စက်သုံးဆီဈေးနှုန်း အခြေအနေကို သိရှိလိုပါတယ်။

**ဖြေ။** ပြည်တွင်းစက်သုံးဆီရောင်းဈေးအတက်/အကျက ကမ္ဘာ့ရေနံဈေးနှုန်း၊ အဓိကဝယ်ယူတင်သွင်းတဲ့ စင်ကာပူနိုင်ငံရဲ့ MOPS ဈေးနှုန်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းတို့အပေါ်မှာ မူတည်ပြီး အပြောင်းအလဲဖြစ်ပေါ်တာဖြစ်ပါတယ်။ အခုအပတ်မှာဆိုရင် ပြည်တွင်းစက်သုံးဆီရောင်းဈေးနှုန်းက ကမ္ဘာ့ရေနံဈေးနှုန်းနဲ့ စင်ကာပူနိုင်ငံရဲ့ MOPS ဈေးနှုန်းကျဆင်းမှုကြောင့် အရင်အပတ်ထက်စာရင် တစ်လီတာအပေါ် ဓာတ်ဆီ 92 Ron က ၄၅ မှ ၅၀ ကျပ်အထိ၊ 95 Ron က ၆၅ မှ ၇၀ ကျပ်အထိ၊ HSD (50 ppm) နဲ့ HSD (10 ppm)က ၃၅ မှ ၄၀ ကျပ်အထိ ကျဆင်းခဲ့ပါတယ်။ HSD(500 ppm)ကသာ တစ်လီတာကို ငါးကျပ် မြင့်တက်မှု ဖြစ်ပေါ်ခဲ့ပါတယ်။

နိုင်ငံတွင်းကုန်သွယ်မှုနဲ့ ကုန်စည်စီးဆင်းမှု ပိုမိုမှန်ကန်မြန်ဆန်စေရေးနဲ့ ကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ တွင်းထွက်တူးဖော်ရေးလုပ်ငန်းတွေနဲ့ ရေလုပ်ငန်းတွေမှာ အဓိကသုံးစွဲတဲ့ ဒီဇယ်ဆီကို လုံလုံလောက်လောက်ဈေးနှုန်းသက်သာစွာနဲ့ သုံးစွဲနိုင်ဖို့ နိုင်ငံတော်အနေနဲ့ ပိုမိုအလေးထား ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်တွင်းစက်သုံးဆီ ရောင်းဈေးနှုန်းတွေအနေနဲ့ အာဆီယံဒေသတွင်းနိုင်ငံတွေမှာ ဓာတ်ဆီက စင်ကာပူ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနိုင်ငံတို့ထက် များစွာလျော့နည်းသက်သာနေပြီး ဒီဇယ်ဆိုရင် စင်ကာပူ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနိုင်ငံတို့ထက် များစွာလျော့နည်းသက်သာနေတာကို နှိုင်းယှဉ်တွေ့ရှိရမှာ ဖြစ်ပါတယ်။

**မေး။** လက်ရှိအချိန်မှာ စက်သုံးဆီကို အများပြည်သူတွေ ဝယ်ယူသုံးစွဲနိုင်ဖို့ ဘယ်လိုဖြန့်ဖြူးနေတယ်ဆိုတာကိုလည်း ပြောကြားပေးစေလိုပါတယ်။

**ဖြေ။** ပြည်ပက တင်သွင်းရောက်ရှိလာတဲ့ စက်သုံးဆီတွေကို သီလဝါဆိပ်ကမ်းက သက်ဆိုင်ရာ သိုလှောင်ကန်စခန်းတွေမှာ စက်သုံးဆီအမျိုးအစားအလိုက် သိုလှောင်ပြီး မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း MPTA ရဲ့ စီမံခန့်ခွဲမှုနဲ့ အများပြည်သူသုံးစွဲနိုင်ဖို့ နိုင်ငံတစ်ဝန်းကအရောင်းဆိုင်တွေနဲ့ လယ်ယာစိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်းနဲ့ ရေလုပ်ငန်းတွေ အပါအဝင် အခြားလုပ်ငန်းကဏ္ဍတွေအတွက် သုံးစွဲဖို့ စက်သုံးဆီတွေကို စနစ်တကျ ဖြန့်ဖြူးပေးပါတယ်။ စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးရေးလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေနဲ့ ဖြန့်ဖြူးရေးလုပ်ငန်းတွေအပါအဝင် ရေကြောင်းက စက်သုံးဆီ သယ်ယူပို့ဆောင်တာ၊ ဆီတင်ယာဉ်ဘောက်ဆာနဲ့ သယ်ယူပို့ဆောင်တာတွေကို လုပ်ငန်းစဉ်တစ်လျှောက် အဆင်ပြေချောမွေ့စေဖို့ သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

အထူးသဖြင့် စက်သုံးဆီအဓိကဖြန့်ဖြူးပေးနေတဲ့ သီလဝါဆိပ်ကမ်းက သိုလှောင်ကန်စခန်းရှစ်ခုမှာ တစ်နေ့ကို ဘောက်ဆာအစီးရေ ၁၅၀၀ ကနေ ၁၈၀၀ ကြား ဝင်ထွက်ပြီးလုပ်ငန်းတွေ ဆောင်ရွက်နေတာကြောင့် ယာဉ်ကြောပိတ်ဆို့မှုမရှိစေဖို့ ယာဉ်ထိန်းရဲတပ်ဖွဲ့အပါအဝင် သက်ဆိုင်ရာဌာနတွေနဲ့ပူးပေါင်းပြီး ဖြေရှင်းဆောင်ရွက်တာ၊ သိုလှောင်ကန်ကနေ ဘောက်ဆာကို ဆီဖြည့်တင်းတဲ့လုပ်ငန်းတွေ အဆင်ပြေချောမွေ့မြန်ဆန်စွာ လုပ်ငန်းပြီးမြောက်နိုင်ဖို့နဲ့ လောင်စာဆီ ဖြည့်တင်းတာဖြစ်တဲ့အတွက် မီးဘေးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းစဉ်တွေနဲ့အညီ ဆောင်ရွက်ပေးနိုင်ဖို့ စက်သုံးဆီဖြည့်တင်းရေးဝန်ထမ်းတွေကို နှိုးဆော်ကြပ်မတ်တာ၊ စနစ်တကျကြီးကြပ်တာတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။** ပြည်တွင်းမှာ စက်သုံးဆီပြတ်လပ်မှုမရှိစေဖို့ ဝယ်ယူတင်သွင်းနေတဲ့ အခြေအနေကိုလည်း ပြောပြပေးစေလိုပါတယ်။

**ဖြေ။** ပြည်တွင်းသုံးစွဲမှုပမာဏရဲ့ ၉၀ ရာခိုင်နှုန်းကျော်က အဓိက စင်ကာပူနိုင်ငံကနေ အချိန်နဲ့တစ်ပြေးညီဝယ်ယူတင်သွင်းသိုလှောင်ဖြန့်ဖြူးပေးနေတာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ တစ်လပျမ်းမျှ မက်ထရစ်တန် ၅ ဒသမ ၀ သန်းဝန်းကျင် တင်သွင်းဖြန့်ဖြူးပေးနေပါတယ်။ လစဉ်ပြည်တွင်းမှာ ဖူလုံစွာသုံးစွဲနိုင်ဖို့လိုအပ်တဲ့ စက်သုံးဆီအမျိုးအစားအလိုက် ပမာဏကိုတွက်ချက်ပြီး အဲဒီပမာဏအတိုင်း သင်္ဘောတွေကို ခန့်မှန်းရောက်ရှိလာမယ့်အချိန်၊ ဆိုက်ကပ်ရမယ့် Jetty တွေရဲ့အခြေအနေ၊ Terminal တွေရဲ့ သိုလှောင်နိုင်မှုပမာဏ၊ ဘောက်ဆာတွေ ဝင်/ထွက် ထုတ်ယူဖြန့်ဖြူးပေးနိုင်မှုအခြေအနေတို့နဲ့ ကိုက်ညှိပြီး ပြည်ပနိုင်ငံက ဆီတင်ယာဉ်သင်္ဘောတွေအတွက် Shipment Plan ကို ရေးဆွဲတင်သွင်းနေတာဖြစ်ပါတယ်။ ဒီအပြင် ရာသီအလိုက်၊ ပွဲတော်တွေအလိုက်၊ စိုက်ပျိုးရေးနဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေအလိုက် လိုအပ်ချက်တွေကိုလည်း ထည့်သွင်း သုံးသပ်ရေးဆွဲပြီး တင်သွင်းနေတာဖြစ်ပါတယ်။

**မေး။** တစ်နိုင်ငံလုံးသုံးစွဲမှု အခြေအနေအရ စက်သုံးဆီဖူလုံမှုရှိအောင် ဘယ်လိုတွေဆောင်ရွက်နေတယ်ဆိုတာကို သိရှိလိုပါတယ်။

**ဖြေ။** ဒီဇင်ဘာ ၈ ရက်အထိ သီလဝါသိုလှောင်ကန်စခန်းတွေ၊ အခြားဒေသက သိုလှောင်ကန်စခန်းတွေမှာ စက်သုံးဆီလက်ကျန်အခြေအနေနဲ့ ပြည်တွင်းလမ်းခရီး

စာမျက်နှာ ၁၃ သို့ ★

- **အခုလတ်တလောမှာ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနဲ့ တိုင်းဒေသကြီး/ပြည်နယ်အချို့မှာရှိတဲ့ စက်သုံးဆီအရောင်းဆိုင်တွေမှာ တန်းစီဝယ်ယူနေတာတွေ အများကြီးဖြစ်ပေါ်နေ**
- **မကြာမီစက်သုံးဆီပြတ်လပ်တော့မယ်၊ ဈေးတွေလည်း တက်တော့မယ်ဆိုတဲ့ ကောလာဟလသတင်းတွေနဲ့ လတ်တလော လူမှုကွန်ရက်က မဟုတ်မမှန်သတင်းတွေကြောင့် ပြည်သူလူထုအနေနဲ့ စိုးရိမ်ပူပန်မှုတွေ ဖြစ်ပေါ်ပြီး ပုံမှန်သုံးစွဲမှုပမာဏထက် ကျော်လွန်ဝယ်ယူနေတာတွေကြောင့် ဖြစ်တယ်လို့ သုံးသပ်တွေ့ရှိရ**
- **သုံးစွဲသူတချို့ကလည်း ကိုယ်ချင်းစာနာစိတ်မရှိဘဲ အခေါက်ခေါက်ထုတ်ယူသိုလှောင်ပြီး တစ်ဆင့်ပြန်လည်အမြတ်တင်ရောင်းချနေတာမျိုးတွေလည်း ရှိတယ်လို့ ကြားသိရ**







# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် ( ၁၃ / ၂၀၂၃)

၁။ လွတ်လပ်မှု၊ တရားမျှတမှု၊ ငြိမ်းချမ်းမှုနှင့် လူ့ဂုဏ်သိက္ခာများကို အခြေခံထားပြီး လူသားများအားလုံးအတွက် လူ့အခွင့်အရေးစံနှုန်းများပါဝင်သော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့၌ ကုလသမဂ္ဂက ထုတ်ပြန်ကြေညာခဲ့ပါသည်။ ယင်းနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့ရာ ယနေ့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် (၇၅) နှစ်ပြည့်စိန်ရတုသို့ ရောက်ရှိပြီ ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံသည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာရရှိသည့် ၁၉၄၈ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး ထိုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့ ပါရီမြို့တွင် ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံ၌ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အတည်ပြုချမှတ်ချိန်တွင် ပါဝင်ထောက်ခံမှုပြုခဲ့ပါသည်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းသည် မြန်မာဘာသာအပါအဝင် ဘာသာစကားပေါင်း ၅၀၀ ကျော်ဖြင့် ကမ္ဘာပေါ်တွင် ဘာသာပြန်ဆိုမှုအများဆုံးစာတမ်းဖြစ်ပြီး ယင်းကြေညာစာတမ်းကို ကမ္ဘာ့မိသားစုဝင် နိုင်ငံအချင်းချင်း ဆက်ဆံရေးနယ်ပယ်တွင်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များ ချုပ်ဆိုကြရာတွင်လည်းကောင်း၊ နိုင်ငံခြားရေးမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းတို့တွင်လည်းကောင်း စံပေတံအဖြစ် အလေးအနက် ရည်ညွှန်းကိုးကားလေ့ရှိပါသည်။ ထိုနည်းတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင်လည်း ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခြေခံလူ့အခွင့်အရေးများကို ထည့်သွင်းပြဋ္ဌာန်းထားပါသည်။

၃။ ကုလသမဂ္ဂက အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ်ဆောင်ပုဒ်များချမှတ်လေ့ရှိရာ ယခု ၂၀၂၃ ခုနှစ်တွင် ကျရောက်သည့် (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ဆောင်ပုဒ်မှာ **“လူ့ဂုဏ်သိက္ခာ၊ လွတ်လပ်မှုနှင့် အားလုံးအတွက် တရားမျှတမှု”၊ “Dignity, Freedom and Justice for All”** ဖြစ်ပါသည်။

၄။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အဖြစ် ၂၀၂၃ ခုနှစ် ကာလပတ်လုံး ကမ္ဘာတစ်ဝှမ်းရှိ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ပိုမိုအသိအမှတ်ပြု ကျင့်သုံးဖော်ဆောင်နိုင်ရေး လှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်ကြပါသည်။ ထိုနည်းတူ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကလည်း ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းနှင့်စပ်လျဉ်း၍ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲနှင့် ဟောပြောပွဲများပြုလုပ်ခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများကို ရုံးတွင်းဌာနအလိုက် အင်္ဂလိပ်ဘာသာဖြင့် ဆွေးနွေးတင်ပြခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း အသိပညာပေးသင်တန်းများ ဖွင့်လှစ်သင်ကြားခြင်း၊ (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်တေးသီချင်း ရေးဖွဲ့သီဆို ရိုက်ကူးခြင်းတို့ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး သဘောတူစာချုပ်များဖြစ်သော စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights– ICESCR)၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် ယင်းတို့၏ မိသားစုဝင်များ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (International Convention on the Protection of the Rights of all Migrant Workers and Members of Their Families – CMW) နှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Elimination of All Forms of Discrimination against Women – CEDAW) တို့ကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုပုံနှိပ်ခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအား နာဂတိုင်းရင်းသားနှင့် လော်ဝေါ်တိုင်းရင်းသားဘာသာများသို့ ပြန်ဆိုပုံနှိပ်ခြင်းတို့ဖြင့် အားပေးမြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

၅။ (၇၅) နှစ်မြောက်စိန်ရတု အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အခါသမယတွင် ပြည်သူတစ်ရပ်လုံးကလည်း ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ လူတစ်ဦးချင်းစီ၏ မွေးရာပါအခွင့်အရေး၊ ဥပဒေပါ အခွင့်အရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သူတစ်ပါး၏ ဂုဏ်သိက္ခာနှင့် အခွင့်အရေးများကို အသိအမှတ်ပြုလေးစားခြင်းအားဖြင့် လူ့အခွင့်အရေးကို လေးစားလိုက်နာကျင့်သုံးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းလာစေရေး ဝိုင်းဝန်းကြိုးပမ်းကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်

★ စာမျက်နှာ ၁၂ မှ

သယ်ယူပို့ဆောင်နေမှုတွေ အပါအဝင် သီလဝါဒေသ Jetty တွေမှာ ဆိုက်ကပ်ထားတဲ့ ဆီတင်သင်္ဘော ခြောက်စင်း၊ ပင်လယ်ဝ Pilot Station မှာဆိုက်ကပ်ထားတဲ့ ဆီတင်သင်္ဘော ကိုးစင်း၊ စင်ကာပူကနေ ဆီတင်ပြီးထွက်လာတဲ့ ဆီတင်သင်္ဘော တစ်စင်း၊ စုစုပေါင်း ၁၆ စင်းရှိတာကြောင့် ပြည်တွင်းသုံးစွဲမှုပမာဏအရ အများပြည်သူတွေအနေနဲ့ စက်သုံးဆီပြတ်လပ်မှာကို စိုးရိမ်ပူပန်စရာမလိုကြောင်း သတင်းစကားပါးလိုပါတယ်။ ဒီအပြင် နောက်ထပ် ဒီဇင်ဘာလအတွင်းမှာပဲ ပြည်ပက ဆီတင်သင်္ဘော ၂၇ စင်းနဲ့ ထပ်မံတင်သွင်းဖို့ Supplier တွေနဲ့ ညှိနှိုင်းဆောင်ရွက်ထားရှိပြီးလည်း ဖြစ်ပါတယ်။

မေး။ လတ်တလော စက်သုံးဆီပြတ်လပ်နေပြီ ဆိုတဲ့ ကောလာဟလသတင်းတွေနဲ့ ပတ်သက်ပြီး ပြည်သူလူထုက စိုးရိမ်ပူပန်မှုမြင့်တက်နေတဲ့အပေါ် ကော်မတီအနေနဲ့ ဘယ်လိုသတင်းစကား ပါးလိုပါသလဲ။

ဖြေ။ စက်သုံးဆီသိုလှောင်ကန်စခန်းတွေမှာရှိတဲ့ စက်သုံးဆီတွေကို ဆီသယ်ယာဉ်ဘောက်ဆာတွေနဲ့ နေ့စဉ်ဖြန့်ဖြူးပေးနေတဲ့အတွက် လတ်တလောပျံ့နှံ့နေတဲ့ စက်သုံးဆီပြတ်လပ်နေပြီဆိုတဲ့ ကောလာဟလသတင်းတွေက မှန်ကန်မှုမရှိကြောင်း ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။ လက်ရှိမှာ ပြည်ပကမှာယူထားတဲ့ ဆီတင်သင်္ဘောတွေအနေနဲ့ သီလဝါဆိပ်ကမ်းမှာ ခြောက်စင်းဆိုက်ကပ်ထားပြီး ဓာတ်ဆီတန်ချိန် ၂၄၃၁၉ ကျော်၊ ဒီဇယ်ဆီတန်ချိန် ၅၃၃၁၅ ကျော်ကို သက်ဆိုင်ရာသိုလှောင်ကန်တွေဆီကို ချယူနေပြီဖြစ်ပါတယ်။ ဒါ့အပြင် ပင်လယ်ဝမှာ အသင့်ရောက်ရှိနေတဲ့ ဓာတ်ဆီတန်ချိန် ၆၇၇၃၇ ကျော်၊ ဒီဇယ်ဆီတန်ချိန် ၆၅၃၅၉ ကျော် သယ်ဆောင်လာတဲ့ သင်္ဘောကိုးစင်းလည်း သီလဝါဆိပ်ကမ်းကို ဆိုက်ကပ်နိုင်ဖို့ အသင့်စောင့်ဆိုင်းလျက်ရှိပါတယ်။ ပြည်ပမှာလည်း မြန်မာနိုင်ငံအတွက် ဝယ်ယူထားပြီးဖြစ်တဲ့ စက်သုံးဆီတွေကို ဆီတင်သင်္ဘောတွေပေါ် တင်ဆောင်ဖြည့်တင်းလျက်ရှိတဲ့အပြင် ဆီဖြည့်တင်းပြီးလာရောက်ဆဲ ဆီတင်သင်္ဘောတွေလည်းရှိနေပါတယ်။ မြန်မာနိုင်ငံအတွက် စက်သုံးဆီဝယ်ယူထားပြီး ဆီတင်သင်္ဘောတွေပေါ် တင်ဆောင်တာ၊ လမ်းခရီးသယ်ယူတာ၊ မြန်မာနိုင်ငံပင်လယ်ဝမှာ အသင့်စောင့်ဆိုင်းတာနဲ့ ဆိပ်ကမ်းတွေမှာဆိုက်ကပ်ချယူတဲ့ လုပ်ငန်းစဉ်တွေ စဉ်ဆက်မပြတ်ရှိနေတယ်ဆိုတာကိုလည်း အသိပေးလိုပါတယ်။

ဒါကြောင့် အများပြည်သူအနေနဲ့ စက်သုံးဆီပြတ်လပ်နေပြီဆိုတဲ့ ကောလာဟလသတင်းတွေအပေါ် မယုံကြည်ကြဖို့နဲ့ စက်သုံးဆီအရောင်းဆိုင်တွေမှာ မိမိလိုအပ်သလောက်သာ ဝယ်ယူဖြည့်တင်းကြဖို့ အသိပေးလိုပါတယ်။ ဒါမှသာ အခုလိုအရောင်းဆိုင်တွေမှာ ကားတွေတန်းစီပြီးဝယ်ယူရတဲ့အတွက် ကုန်ဆုံးရတဲ့အချိန်တွေ သက်သာမှာဖြစ်ပါတယ်။ အများပြည်သူကို အထူးအသိပေးလိုတာက ၂၀၁၇ ခုနှစ် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေပုဒ်မ ၃၀ အရ “မည်သူမျှ ဤဥပဒေအရလိုင်စင်ရယူရန်လိုအပ်သည့်လုပ်ငန်း သို့မဟုတ် ဆောင်ရွက်မှုတစ်ခုကို သက်ဆိုင်ရာလိုင်စင်ရယူခြင်းမရှိဘဲ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ”ဟု ပြဋ္ဌာန်းထားတဲ့အတွက် စက်သုံးဆီတွေကို လိုင်စင်မဲ့သယ်ယူပို့ဆောင်တာ၊ သိုလှောင်တာ၊ ရောင်းချတာတွေ စစ်ဆေးတွေ့ရှိရင် အနည်းဆုံးဒဏ်ငွေကျပ် သုံးသိန်းမှ အများဆုံးဒဏ်ငွေကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ ပြစ်ဒဏ်အပြင် ပြစ်ဒဏ်နှစ်ရပ်လုံး စီရင်ခြင်းခံရမယ့်အပြင် ပြစ်မှုကျူးလွန်ခြင်းနှင့်သက်ဆိုင်သော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမှာ ဖြစ်ပါတယ်။ ဒါကြောင့်ဆီဆိုင်တွေမှာ ဆီတွေတိုးဝယ်ပြီး အပြင်မှာလိုင်စင်မဲ့ရောင်းချတာ၊ နေအိမ်၊ ခြံဝင်းတွေ၊ ဘယ်နေရာမဆို လိုင်စင်မဲ့ရောင်းချတာတွေကို စစ်ဆေးကြပ်မတ်ပြီး ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လောင်စာဆီတွေကို အများပြည်သူကြားမှာ လိုင်စင်မဲ့ရောင်းချတာက မီးဘေးအန္တရာယ် အထူးစိုးရိမ်ရတာကြောင့် အများပြည်သူအနေနဲ့ သက်ဆိုင်ရာဌာနတွေသို့ သတင်းပေးတိုင်ကြားဖို့ မေတ္တာရပ်ခံ တိုက်တွန်းလိုပါတယ်။

အခုရက်ပိုင်းအတွင်းမှာ စက်သုံးဆီတွေကို ပုံမှန်ထက်ပိုမိုဖြန့်ဖြူးပေးခဲ့ပါတယ်။ Supply chain တစ်ခုလုံးမှာ ကျွန်တော်တို့နိုင်ငံအတွက် ဝယ်ယူထားတဲ့ စက်သုံးဆီတွေ စဉ်ဆက်မပြတ်ရှိနေပါတယ်။ ဒါကြောင့် အခုလို စက်သုံးဆီပြတ်လပ်နေပြီဆိုတဲ့ ကောလာဟလသတင်းတွေနဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်မှုတွေမရှိစေဖို့ ကျွန်တော်တို့ ကော်မတီက စက်သုံးဆီ တင်သွင်းဖြန့်ဖြူးတဲ့လုပ်ငန်းတွေ လက်တွေ့ဆောင်ရွက်နေတဲ့ အခြေအနေမှန်ကို အများပြည်သူသိရှိအောင် ရှင်းလင်းပြောကြားခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ပြောကြားလိုပါတယ်။

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်

# မဟာဗျူဟာအမြင်၊ နည်းဗျူဟာအမြင်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများ၊ ယခင်အတိတ်သမိုင်းကြောင်းမှာဖြစ်ပေါ်ခဲ့သော အခြေအနေများနှင့် နောင်တွင်ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများ၊ ပြည်ဖျက်မီဒီယာများမှ ကောလာဟလ သတင်းတု၊ သတင်းမှားများ ထုတ်လွှင့်၍ ပြည်သူလူထုအား အကြောက်တရားဖြင့် ခြိမ်းခြောက်သွေးထိုးလှုံ့ဆော်နေမှုများ၊ ၉-၁၂-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့၊ လောက်ကိုင်မြို့၊ ကယားပြည်နယ် လွိုင်ကော်မြို့နှင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများနှင့် PDF အကြမ်းဖက်သောင်းကျန်းသူများက အများပြည်သူများအသုံးပြုလျက်ရှိသည့် လမ်းများ၊ တံတားများနှင့် လျှပ်စစ်တာဝါတိုင်များ ဖောက်ခွဲဖျက်ဆီးမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ မဟာဗျူဟာအမြင်၊ နည်းဗျူဟာအမြင်တွေနဲ့ပတ်သက်ပြီး နည်းနည်းလေး အသိပေးပြောကြားချင်ပါတယ်။ မဟာဗျူဟာအမြင်၊ နည်းဗျူဟာအမြင်နဲ့ ပတ်သက်ပြီး ပြောကြားချင်တာကတော့ ကျွန်တော်တို့နိုင်ငံနဲ့ပတ်သက်ပြီး အခုအချိန်မှာ လက်ရှိဖြစ်ပေါ်နေတဲ့အခြေအနေတွေရှိတယ်။ ယခင်က အတိတ်သမိုင်းကြောင်းမှာ ဘာတွေဖြစ်ပေါ်ခဲ့တယ်ဆိုတဲ့ အခြေအနေရှိတယ်။ နောင်မှာ ဘာတွေဖြစ်ပေါ်လာနိုင်တယ်ဆိုတဲ့ အခြေအနေတွေရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကမ္ဘာကြီးနဲ့ချီပြီးတော့ မပြောပါဘူး။ မြန်မာနိုင်ငံနဲ့ အဓိကဆက်စပ်နေတဲ့နေရာတွေ၊ အရှေ့တောင်အာရှနေရာလောက်ပဲ ကျွန်တော်ပြောချင်ပါတယ်။ ဒီအရှေ့တောင်အာရှပေါ့၊ ကျွန်တော်တို့ပြောနေတဲ့ အခု ASEAN ဒေသပေါ့၊ အဲဒီကွက်ကွက်ကလေး အမြင်နဲ့ပဲ ကျွန်တော်တို့ကြည့်ပါမယ်။ လွန်ခဲ့တဲ့ ရှေ့အနှစ်နှစ်ဆယ်နီးပါးပေါ့။ အနှစ်နှစ်ဆယ်နီးပါးမှာ ASEAN ဒေသမှာ ကမ္ဘောဒီးယားလို၊ လာအိုလို အရှေ့မှာ ဗီယက်နမ်လိုဒေသတွေမှာ မငြိမ်မသက်မှုတွေ ဖြစ်ခဲ့တယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့က တည်ငြိမ်အေးချမ်းတဲ့နိုင်ငံတစ်ခုဖြစ်ခဲ့တယ်ဆိုတာ သမိုင်းမှာရှိခဲ့ပါတယ်။ အဲဒီတော့ အဲဒီနယ်မြေဒေသတွေမှာ မတည်မငြိမ်၊ မအေးမချမ်းဖြစ်ခဲ့တယ်။ ဖြစ်ခဲ့တဲ့အချိန်မှာ ဘယ်သူ့ရဲ့ ဝင်ရောက်နှောင့်ယှက်မှုကြောင့် မတည်မငြိမ်၊ မအေးမချမ်းဖြစ်ခဲ့တာလဲ ဒါကိုအားလုံးသိပြီးသားဖြစ်ပါတယ်။ အနီးစပ်ဆုံး ပြောရမယ်ဆိုရင် ကိုရီးယားစစ်ပွဲ၊ ဗီယက်နမ်စစ်ပွဲ ဘယ်သူ့ကြောင့်ဖြစ်ခဲ့တာလဲဆိုတာ အားလုံးမြင်ပြီးသား ဖြစ်လိမ့်မယ်။ ဟိုးအဝေးကနေပြီး ဘယ်သူကဝင်ရောက်နှောင့်ယှက်တာလဲဆိုတာ အကုန်လုံးမြင်နိုင်ပါတယ်။ အဲဒီ ဗီယက်နမ်စစ်ပွဲ၊ ကိုရီးယားစစ်ပွဲတွေကြောင့် ဘယ်သူတွေ ချမ်းသာသွားသလဲ။ ဘယ်သူတွေချမ်းသာသွားသလဲလို့ ဆိုတဲ့နေရာမှာ ကမ္ဘာမှာရှိတဲ့ ဘယ်သူတွေချမ်းသာသွားသလဲလို့ ကျွန်တော်တို့ဆိုလိုတာမဟုတ်ဘူး။ ကျွန်တော်တို့ပတ်ဝန်းကျင်မှာရှိနေတဲ့ ဘယ်သူတွေကချမ်းသာသွားသလဲ တွေ့နိုင်ပါလိမ့်မယ်။ ဒီနေ့အထိ အရှေ့တောင်အာရှတစ်ခွင်မှာ စွမ်းအင်နဲ့ပတ်သက်ပြီး ခေတ်ဆီ၊ ဒီဇယ်၊ ရေနံနဲ့ပတ်သက်ပြီး ဘယ်သူက ဈေးကွက်ခြယ်လှယ်ထားသလဲ၊ အဲဒီဈေးကွက်ခြယ်လှယ်မှုရဲ့ အခြေခံအဆောက်အအုံတွေ ဘယ်ကနေရရှိခဲ့သလဲဆိုရင် ဒီစစ်ပွဲတွေကနေပဲ အများဆုံးရခဲ့တာပါ။ ဒီစစ်ပွဲတွေကနေပဲ ထားခဲ့တာ။ ဒါတွေကို ကြည့်မြင်နိုင်မယ်ဆိုရင် ကျွန်တော်တို့နဲ့ ကျွန်တော်တို့ပတ်ဝန်းကျင်ရဲ့ အခြေအနေကို ကျွန်တော်တို့ သိမြင်နိုင်လိမ့်မယ်လို့ ပြောချင်ပါတယ်။ ဒီနေ့တွေမှာ ယခုလက်ရှိအခြေအနေမှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ လက်နက်ကိုင်ပဋိပက္ခအချို့ ဖြစ်ပွားနေတာရှိတယ်။ ဒီရဲ့နောက်ကွယ်မှာ ဘာရှိလဲ၊ ဘယ်သူရှိလဲ ဆိုတာကိုလည်း သိနိုင်မှာပဲဖြစ်ပါတယ်။ ဒီရဲ့နောက်ကွယ်မှာရှိနေတဲ့ လွှမ်းမိုးချင်နေတဲ့ အဖွဲ့အစည်းက ဒါပဲဖြစ်တယ်။ ဒါပေမဲ့ ဒီအဖွဲ့အစည်းက အရှေ့တောင်အာရှမှာတော့ အခြေမခံတော့ဘူး။ အခုအချိန်မှာ အခြေခံအနေနဲ့ အရှေ့အာရှမှာ အခြေခံလာတာကို အံ့ဩဖွယ်တွေ့ရပါတယ်။ အဲဒီတော့ NUG၊ PDF အမည်ခံ အဓိကကတော့ NUG အမည်ခံ အကြမ်းဖက်အဖွဲ့အနေနဲ့ အခုအချိန်မှာ ကျွန်တော်တို့ဒေသအတွင်းက ဘယ်နိုင်ငံတွေကို သွားလာနေလဲ၊ နောက်ဆက်တွဲမှာ အမေရိကန်ရဲ့အထောက်အပံ့လူပုဂ္ဂိုလ်တွေက ဘယ်နိုင်ငံကို အမြဲတမ်းသွားလာနေလဲဆိုရင် အရှေ့အာရှနိုင်ငံ တစ်နိုင်ငံကို သွားလာနေပြီး လှုံ့ဆော်နေတာတွေ၊ စည်းရုံးနေတာတွေ လုပ်နေတာကို အခုအမြဲတမ်းတွေ့နေရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ သတိရှိရမှာဖြစ်တယ်လို့ ပြောချင်ပါတယ်။

နောက်တစ်ခုကတော့ သတင်းတု၊ သတင်းမှားတွေကိစ္စ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်မှာရှိတဲ့ မုန်းဒေသက မုန်းတိုက်နယ်ပေါ့။ တိုက်ပွဲတောင် ပြီးခဲ့တာကြာပါပြီ။ ဒါပေမဲ့ အနောက်အားကိုး မီဒီယာတွေအနေနဲ့ အခုချိန်အထိ တိုက်ပွဲကမပြီးသေးဘူး။ အဲဒီမှာ ဖြစ်နေတုန်းပဲ။ ဘယ်နေရာမှာတော့ သိမ်းလိုက်ပြီ၊ ဘယ်နေရာမှာတော့ မီးရှို့လိုက်ပြန်ပြီဆိုတာ လုပ်နေတုန်းပဲဖြစ်ပါတယ်။ ဒါတွေက ဘာကိုလုပ်နေတာလဲဆိုတော့ ကျွန်တော်မနေ့ကပြောခဲ့သလိုပဲ အဓိကကတော့ သူတို့ရဲ့ပုံရိပ်ကို ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေမြှင့်တင်နေတာ၊ ပြည်သူလူထုကို အကြောက်တရားနဲ့ ခြိမ်းခြောက်နေတာ ဖြစ်ပါတယ်။ အဲဒီတော့ ဗကပအထဲမှာ ကျွန်တော်တို့ ရဲဘော်သုံးကျိပ်ဝင်ဖြစ်ခဲ့တဲ့ ဗိုလ်မှူးချုပ်ကျော်ဇော တောခိုသွားတယ်။ တောခိုပြီးသိပ်မကြာဘူးဗျ အမြင်နှစ်မျိုးပဲ ထွက်ပေါ်လာတယ်။ ဗကပရဲ့အမြင်ပဲ။ ဗကပအထဲမှာ ရောက်နေတဲ့ တောခိုကျောင်းသားတွေရဲ့အမြင်က ဗိုလ်မှူးချုပ်ကျော်ဇောကို ဗကပအထဲမှာရောက်နေတဲ့ ရုပ်သေးရုပ်ဆိုပြီး ပြောကြတယ်။ သူ့မိန်းမကိုယ်တိုင်က ဘာပြောခဲ့လဲဆိုတော့ ဗကပဆိုတာ အဝေးကကြည့်ရင်တော့ ရွှေတောင်ကြီးပဲတဲ့၊ အနီးကပ်ကြည့်မှ နွားချေးပုံမှန်း သိရပါတယ်တဲ့။ ဒါက ဥပမာတစ်ခုပဲပြောတာပါ။ အဲဒီခေတ်တုန်းက ဗိုလ်မှူးချုပ်ဆိုတဲ့ရာထူးက တော်တော်ကြီးကြီးမားမား ရာထူးဖြစ်ပါတယ်။ အဲဒီလို တောခိုခဲ့တဲ့လူတောင်မှ ဒီလိုမျိုးဖြစ်တယ်။ အဲဒီတုန်းက ဗကပရဲ့ လွှမ်းမိုးမှုဘယ်လောက်ကြီးတယ်ဆိုတာ အားလုံးက သိရှိမှာဖြစ်ပါတယ်။ အခုအချိန်မှာ ဘာတွေလုပ်နေလဲဆိုရင် ပြည်သူလူထုကို ဘယ်သူ့ကိုဘယ်လို သတ်လိုက်ပြီ၊ ဘယ်သူ့ကိုဘယ်လို ဖုံးခွဲလိုက်ပြီ၊ ဘယ်နေရာမှာဘယ်လိုဖုံးခွဲလိုက်ပြီဆိုပြီး ပြည်သူလူထုကို အကြောက်တရား ရိုက်သွင်းပေးနေတာဖြစ်တယ်။ ဒီအကြောက်တရားရိုက်သွင်းပေးပြီးမှ ဆွဲဆောင်မှုပေ့ါ။ အစောပိုင်းကပြောသလို ဘယ်သူတွေကတော့ ဘယ်လိုဖြစ်လို့ ဘယ်လိုပူးပေါင်းတယ်ပေ့ါ။ ကျွန်တော်တို့ တပ်မတော်သားတွေအနေနဲ့ ဘယ်သူမှ သူရဲဘောကြောင်သူမရှိဘူး။ သွားပြီးပူးပေါင်းတဲ့လူမရှိဘူး။ မိသားစုတွေရဲ့ လုံခြုံရေးအရ၊ မိသားစုတွေရဲ့ အသက်အန္တရာယ်အရ ဖမ်းဆီးခံရတာတွေ ရှိကောင်းရှိနိုင်တယ်။ ဘယ်သူမှ သူရဲဘောကြောင်ပြီး သွားပြီးအညံ့ခံတဲ့သူ မရှိဘူး။ ရှိစရာလည်း အကြောင်းမရှိဘူး။ အရင်တုန်းက အကြောင်းအမျိုးမျိုးကြောင့် တပ်ကနေကင်းကွာသွားတဲ့ ခွင့်မဲ့ပျက်ကွက်သူတွေလည်း ရှိလိမ့်မယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရှိလိမ့်မယ်။ ရဲတပ်ဖွဲ့ဝင်တွေ ရှိလိမ့်မယ်။ ဒီလိုလူမျိုးတွေကို ဒီအချိန်မှာ အခွင့်ကောင်းယူပြီးတော့ ပြယုဂ်အနေနဲ့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒါတွေကိုကျွန်တော်တို့တပ်မတော်သားတွေ၊လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ အားလုံးသတိရှိရမှာဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။

ဒီနေ့မှာတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမှာ ထိတွေ့တိုက်ပွဲ ဖြစ်ပွားမှုရှိပါတယ်။ ဒီနမ့်ခမ်းကို MNDAA အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ တိုက်ခိုက်နေတာ တစ်လလောက်ရှိပါပြီ။ ပြည်သူလူထုလည်း မှတ်မိပါလိမ့်မယ်။ ဒီတိုက်ပွဲတွေဖြစ်ပြီး မကြာသေးဘူး နမ့်ခမ်းမြို့တစ်မြို့လုံးကို သူတို့ထိန်းချုပ်လိုက်ပြီဆိုပြီး ဓာတ်ပုံတွေနဲ့ တက်လာတာတွေ့လိမ့်မယ်။ ဒါက လွန်ခဲ့တဲ့ အောက်တိုဘာလလောက်ကတည်းက တက်လာတာ ဖြစ်ပါတယ်။ သူတို့ ထိန်းချုပ်နိုင်ပြီဆိုရင် နမ့်ခမ်းကို ဘာကြောင့် အခုချိန်အထိ တိုက်နေသေးတာလဲ။ ဒါတွေက သူတို့ရဲ့အပြောနဲ့အလုပ်ပဲဖြစ်ပါတယ်။ ဒီနမ့်ခမ်းဒေသမှာ စစ်ဆင်ရေး၊ လုံခြုံရေးတာဝန်ထမ်းဆောင်နေတဲ့ အရာရှိ/စစ်သည်တွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအားလုံးကို အသိအမှတ်ပြုဂုဏ်ယူကြောင်း ပြောကြားလိုပါတယ်။ လောက်ကိုင်မှာတော့ လောက်ကိုင်မြို့အနီးတစ်ဝိုက် နေရာနှစ်နေရာလောက်မှာ တိုက်ပွဲအနည်းငယ်ဖြစ်ပွားခဲ့တာရှိပါတယ်။ လွိုင်ကော်မှာတော့ ဒီနေ့မှာ ပြည်နယ်ရဲရုံးကို ၄/၅ ကြိမ်လောက် ဝင်ရောက်တိုက်ခိုက်တာ ရှိပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ ရှပ်ရှပ်ချွံချွံ ခုခံတိုက်ခိုက်ချေမှုန်းခဲ့တဲ့အတွက် ရန်သူထိခိုက်ကျဆုံးမှုများပြားကြောင်း သိရှိရပါတယ်။ ကရင်ပြည်နယ်ဘက်မှာတော့ ကော့ကရိတ်မြို့ဦးကျောင်းအနီးမှာ ထိတွေ့မှုအနည်းငယ်ရှိခဲ့ပါတယ်။ မနေ့က ညအချိန်မှာတော့ ရန်ကုန်-မန္တလေးလမ်း ကျွဲပွဲအနီးမှာ တံတားတစ်စင်းကို KNU၊ PDF အကြမ်းဖက်အဖွဲ့တွေအနေနဲ့ မိုင်းထောင်ဖောက်ခွဲခဲ့တာ ရှိပါတယ်။ တံတားကမ်းကပ်ခုံ အနည်းငယ်ပျက်စီးခဲ့ပါတယ်။ ဒီအဖွဲ့တွေအနေနဲ့ ကျွန်တော်ပြောခဲ့သလိုပဲ အများပြည်သူအသုံးပြုနေတဲ့ လမ်းတွေ၊ တံတားတွေ၊ လျှပ်စစ်တာဝါတိုင်တွေကိုပဲ အဓိကထားပြီး ဖျက်ဆီးနေတာဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးကသိရှိပြီးတော့ ပြည်သူ့အကျိုးကို တိုက်ရိုက်ထိပါးစော်ကားတဲ့ အကြမ်းဖက်သောင်းကျန်းသူမှန်သမျှကို ဆန့်ကျင်ချေမှုန်းဖို့ အစိုးရ၊ ပြည်သူ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအားလုံး လက်တွဲညီညီဆောင်ရွက်ပြီး ကျွန်တော်တို့ပြည်တွင်းမှာဖြစ်နေတဲ့ မငြိမ်မသက်မှုတွေ အမြန်ဆုံးချုပ်ငြိမ်းသွားအောင်လုပ်ဖို့၊ ပူးပေါင်းဆောင်ရွက်ကြဖို့ အားလုံးကို မေတ္တာရပ်ခံ ပြောကြားလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။



ဗိုလ်ချုပ်ဇော်မင်းထွန်း
(သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်)
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ကော်ဖီဆိုင်များလည်း တိုးလာနေကာ ခရီးသွားကဏ္ဍ ပိုမိုပွင့်လင်းလာပါက ကော်ဖီသောက်သုံးမှုကဏ္ဍနှင့် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုမြင့်တက်လာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၉**

ကော်ဖီဆိုင်များလည်း တိုးလာနေကာ ခရီးသွားကဏ္ဍ ပွင့်လင်းလာပါက ကော်ဖီသောက်သုံးမှုကဏ္ဍနှင့် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုတိုးမြင့်လာနိုင်ကြောင်း မြန်မာနိုင်ငံ ကော်ဖီအသင်းမှ နာယက ဦးရဲမြင့်က ပြောသည်။

မြန်မာနိုင်ငံတွင် ကော်ဖီကို နှစ်စဉ် နိုဝင်ဘာလမှ ဖေဖော်ဝါရီလအတွင်း ခူးဆွတ်၍ ဧပြီလမှ မေလအတွင်း မြန်မာနိုင်ငံမှ ကော်ဖီများကို တရုတ်၊ ထိုင်း၊ အမေရိကန်၊ နယ်သာလန်၊ ဩစတြေးလျ၊ ဂျပန်၊ ကိုရီးယား၊ ပြင်သစ်၊ ဂျာမနီ နိုင်ငံများ အပါအဝင် ပြည်ပ ၁၂ နိုင်ငံသို့ တင်ပို့ရောင်းချမှုရှိကြောင်း ၎င်းက ပြောသည်။

**အလုပ်အကိုင် အခွင့်အလမ်း မြင့်တက်လာနိုင်**

“အခု ကော်ဖီဆိုင်တွေလည်း တော်တော်များများ ပေါ်လာတာကိုတွေ့ရတယ်။ ခရီးသွားလုပ်ငန်းတွေ ပွင့်လာရင်လည်း ကော်ဖီသောက်သုံးမှုကဏ္ဍရော အလုပ်အကိုင် အခွင့်အလမ်းတွေရော ပိုမြင့်တက်လာနိုင်တယ်”ဟု ဦးရဲမြင့်က ပြောသည်။


The Speciality Coffee Association of Japan အသင်းအဖွဲ့က ကြီးမှူး၍ ဂျပန်နိုင်ငံ တိုကျိုမြို့၌ နှစ်စဉ် ကျင်းပမြဲဖြစ်သည့် World Speciality Coffee Conference & Exhibition တွင် မြန်မာနိုင်ငံ ကော်ဖီအသင်းမှ ကမ္ဘာ့အဆင့်မီ မြန်မာ့ကော်ဖီများကို ပါဝင်ပြသနေသည်။


မြန်မာတစ်နိုင်ငံလုံးတွင် ကော်ဖီစိုက်ပျိုးသည့် ဧက ၅၀၀၀၀ ခန့်ရှိပြီး ဧက ၃၈၀၀၀ ခန့်ကို ARABICA ကော်ဖီစိုက်ပျိုးပြီး ဧက ၁၂၀၀၀ ခန့်ကို ROBUSTA ကော်ဖီစိုက်ပျိုးကြောင်းသိရပြီး ARABICA ကော်ဖီကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့လျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် ကော်ဖီပင်များကို မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **MT**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ဒံပေါက်ထမင်းဘူးများ ပေးအပ်လှူဒါန်း







နေပြည်တော် ဒီဇင်ဘာ ၉

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင်အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှ တစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "နိုင်ငံတော်ရဲ့ ပိုင်နက်နယ်မြေများနဲ့ အမျိုးဘာသာ သာသနာတော်ကို စောင့်ရှောက်နေတဲ့ တပ်မတော်သားများ ဘေးအပေါင်း ရန်အပေါင်းကို နှိမ်နင်းအောင်မြင်ကြပါစေ၊ တိုင်းပြည်ရန်စွယ်ဟူသမျှကို အမြစ်ပါမကျန် ချေမှုန်းနိုင်ကြပါစေ"စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သိရသည်။

သတင်းစဉ်

# ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ရှိ ကွန်ကရစ်တံတားတစ်စင်းအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် ဒီဇင်ဘာ ၉

အကြမ်းဖက်သမားများ အနေဖြင့် ဒေသတွင်း လမ်းပန်းဆက်သွယ်မှုများ ပြတ်တောက်စေရန် ရည်ရွယ်၍ အများပြည်သူ သွားလာအသုံးပြုလျက်ရှိနေသော ကားလမ်းများ၊ တံတားများအား မီးရှို့ခြင်း၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အဖျက်အမှောင့်လုပ်ငန်းများအား လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၈ ရက် ည ၁၁ နာရီ မိနစ် ၅၀ တွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ထန်းကုန်း(တောင်)ကျေးရွာအနီး ရန်ကုန်-မန္တလေး လမ်းဟောင်း ကားလမ်းမိုင်တိုင်အမှတ် ၁၄၂ မိုင် ၂ ဖာလုံနှင့် ၃ ဖာလုံအကြားရှိ သရက်ဆိပ်တံတားအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးသွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် အလျား ၂၄ ပေ၊ အကျယ် ၃၈ ပေရှိ ကွန်ကရစ်တံတား၏ အနောက်ဘက်ခြမ်း၌ ၁၂ ပေခန့် ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ပျက်စီးသွားသော တံတားအား သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ပြုပြင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သူများအား အရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် လူသုံးကုန်ပစ္စည်းများနှင့် ယာဉ် သိမ်းဆည်းရမိ



နေပြည်တော် ဒီဇင်ဘာ ၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် Glacier Two Door ရေခဲသေတ္တာ ၁၅၁ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၆၅၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ လိုင်စင်မဲ့ Faw ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ နှစ်မှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၆၅၀၀၀၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ကွန်ဟိန်းမြို့နယ်၌ VDP စီမံကိန်းဖြင့် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

ကွန်ဟိန်း ဒီဇင်ဘာ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်လောကျေးရွာအုပ်စု ပန်ဝပ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကွန်ဟိန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများသည် ပန်ဝပ်ကျေးရွာတွင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးသည့် ကျောက်ချောလမ်းအား ရေရှည်တည့်တံ့အောင် ပြုပြင်ထိန်းသိမ်းမှုများ ဆက်လက်ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျောက်ချောလမ်းသည် အရှည် ပေ ၁၂၀၀၊ အကျယ် ၁၂ ပေ၊ ၃ ခုနစ်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၈ ရက်တွင် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစေပြီး ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

၂၂၂



# PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန်စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# မုံရွာမြို့၌ ကန်သာယာကန်ပတ်လမ်း နိုင်လွန်ကတ္တရာလမ်း၊ သာယာလှပရေးလုပ်ငန်းများနှင့် ပြည်ထောင်စုရင်ပြင် ဖွင့်ပွဲအခမ်းအနားကျင်းပ

မုံရွာ ဒီဇင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အနောက်ဘက် ကန်သာယာကန်ပတ်လမ်း နိုင်လွန်ကတ္တရာလမ်း၊ သာယာလှပရေးလုပ်ငန်းများနှင့် ပြည်ထောင်စုရင်ပြင်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကန်ဖွင့်ပွဲမုခ်ဦးရှေ့၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။ ယင်းနောက် မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးထွန်းထွန်းက မုံရွာမြို့အနောက်ဘက် ကန်သာယာကန်ပတ်လမ်း နိုင်လွန်ကတ္တရာလမ်း၊ သာယာလှပရေးလုပ်ငန်းများနှင့် ပြည်ထောင်စုရင်ပြင်ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်း၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်နှင့် မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်တင်မိုးတို့က မုံရွာမြို့ အနောက်ဘက် ကန်သာယာကန်ပတ်လမ်း နိုင်လွန်ကတ္တရာလမ်းနှင့် သာယာလှပရေးလုပ်ငန်းများအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ မုံရွာမြို့အနောက်ဘက် ကန်သာယာကန်ပတ်လမ်း နိုင်လွန်ကတ္တရာလမ်း အရှည်ပေ ၅၅၀၀၊ အကျယ် ၂၃ ပေ၊ ဒု သုံးလက်မခွဲဖြင့် ဆောင်ရွက်ခဲ့ပြီး ကန်ပတ်လမ်းတစ်လျှောက် စတီးလက်ရန်းများ၊ လျှပ်စစ်အလှမီးတိုင်များ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများနှင့် သာယာလှပရေးလုပ်ငန်းများကို မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အရှေ့ဘက်ကန်သာယာရှိ ပြည်ထောင်စုရင်ပြင်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်နှင့် မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်တင်မိုးတို့က မုံရွာမြို့ အရှေ့ဘက်ကန်သာယာကန်ရှိ ပြည်ထောင်စုရင်ပြင်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးတို့က မုံရွာမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း(အလုံ)မှ ဘင်ခရာ/ပန်းဖွားအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# စစ်တက္ကသိုလ်၏ (၆၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၉

စစ်တက္ကသိုလ်၏ (၆၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်တပ်နယ်ရှိ စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် စိုးမြတ်ထွဋ်၊ စစ်တက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်သိန်းလွင်နှင့် စစ်တက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ဖွင့်လှစ်**

ဦးစွာ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမရှိ သတ်မှတ်နေရာများတွင် ဝင်ရောက်နေရာယူကြပြီး နိုင်ငံတော်သီချင်း တီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်ကျင်းပကြောင်း ကြေညာပြီး ဘွဲ့ယူမည့်သူများ စောင့်ထိန်းရမည့်ကျင့်ဝတ်များကို လိုက်နာကျင့်သုံးရန် ကတိခံဝန်မှုပြုခြင်းကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က ဝိဇ္ဇာဘွဲ့ရရှိသူ ၆၁၊ ဝါဏိဇ္ဇဘွဲ့ရရှိသူ ၁၀ ဦး၊ စီးပွားရေးပညာဘွဲ့ရရှိသူ ၂၂ ဦး၊ သိပ္ပံဘွဲ့ရရှိသူ ၂၂၈ ဦး၊ ကွန်ပျူတာသိပ္ပံဘွဲ့ရရှိသူ ၈၂ ဦးနှင့် ကွန်ပျူတာနည်းပညာဘွဲ့ရရှိသူ ၈၁ ဦး စုစုပေါင်း ၄၈၃ ဦးတို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။



ယင်းနောက် ပါမောက္ခချုပ်က ဘွဲ့ရရှိသူများအား ဘွဲ့များနှင့်လျော်ညီသော အမှတ်လက္ခဏာဖြစ်သည့်ဝတ်စုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း ကြေညာကာ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

စစ်တက္ကသိုလ်အနေဖြင့် ပထမအကြိမ် ဘွဲ့နှင်းသဘင်မှ ယခု (၆၆) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အထိ ကျောင်းဆင်းအရာရှိပေါင်း ၃၃၉၉၅ ဦးကို အခြေခံဘွဲ့များ ပေးအပ်ချီးမြှင့်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၁၂-၂၀၁၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၆၅ | ၂၅၁၅ | ၂၅၁၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၃၅ | ၂၅၂၀ | ၂၅၀၀ | ၂၅၉၅ | ၂၆၁၀ | ၂၅၀၅ | ၂၅၁၅ | ၂၅၅၀ | ၂၅၅၀ | ၂၅၅၅ | ၂၇၈၅ | ၂၉၅၀ |
| 95 Ron | ၂၅၇၅ | ၂၆၂၅ | ၂၆၂၀ | ၂၅၈၅ | ၂၆၂၀ | ၂၆၄၅ | ၂၆၃၀ | ၂၆၀၅ | ၂၇၀၅ | ၂၇၂၀ | ၂၆၁၅ | ၂၆၃၀ | ၂၆၆၀ | ၂၆၆၀ | ၂၆၆၅ | ၂၈၉၀ | ၃၀၅၀ |
| HSD (500 ppm) | ၂၂၁၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၅၅ | ၂၂၆၀ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၀ | ၂၅၃၀ | ၃၂၉၀ |
| HSD (50 ppm) | ၂၂၇၀ | ၂၃၁၅ | ၂၃၁၅ | ၂၂၇၅ | ၂၃၁၅ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၀ | ၂၄၂၀ | ၂၄၁၅ | ၂၃၁၀ | ၂၃၂၀ | ၂၃၅၅ | ၂၃၅၅ | ၂၃၅၅ | ၂၅၈၅ | ၃၃၅၀ |
| HSD (10 ppm) | ၂၂၇၀ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၀ | ၂၃၂၀ | ၂၃၄၀ | ၂၃၄၀ | ၂၃၀၅ | ၂၄၂၅ | ၂၄၂၀ | ၂၃၁၀ | ၂၃၂၅ | ၂၃၅၅ | ၂၃၅၅ | ၂၃၆၀ | ၂၅၉၀ | ၃၃၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၄၈ | ၂၄၂၈ |
| 95 Ron | ၂၄၅၄ | ၂၅၃၆ |
| HSD (500 ppm) | ၂၁၀၄ | ၂၁၇၆ |
| HSD (50 ppm) | ၂၁၅၇ | ၂၂၃၀ |
| HSD (10 ppm) | ၂၁၆၀ | ၂၂၃၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ကျွန်းစုမြို့၌ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

ကျွန်းစု ဒီဇင်ဘာ ၉

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲကို ယမန်နေ့က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းသန္တာက အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းတွင် ဆုရရှိသူများနှင့် သင်တန်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းနှင့် တာဝန်ရှိသူများက ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်သည်။

သင်တန်းကို ဒီဇင်ဘာ ၄ ရက်မှ ၈ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသူ ၁၀ ဦးအား စာတွေ့လက်တွေ့ အခမဲ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် တောင်ငူခရိုင်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာဆောင်ရွက်လျက်ရှိသော မွေးမြူရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုအားပေး

တောင်ငူ ဒီဇင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ရုံး တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက တောင်ငူခရိုင်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသော မွေးမြူရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာအုပ်စုရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသော မွေးမြူရေးလုပ်ငန်းရှင် ဒေါ်သန္တာကျော်အေး၏ (DYL)အသားတိုးဝက်ကောင်ရေ ၁၇၀ မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ဝန်ကြီးချုပ်က တိရစ္ဆာန်ရောဂါကျရောက်မှုမရှိစေရေးနှင့် ဒေသတွင်းအသားစားသုံးမှုဖူလုံစေရေးအတွက် တစ်ပိုင်တစ်နိုင် ဝက်မွေးမြူရေးအဆင့်မှ စီးပွားဖြစ်မွေးမြူနိုင်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် အချိန်တိုကာလအတွင်း အသားအများဆုံး ထုတ်လုပ်ပေးနိုင်သည့် ဝက်မွေးမြူရေးအား တိုးချဲ့ဆောင်ရွက်ရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ငူမြို့သန့်ရှင်းသာယာလှပစေရေးရေးဟောင်းကျုံးအတွင်း ဗေဒါပင်များဆယ်ယူနေမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ဗေဒါပင်မှ လူသုံးကုန်လက်မှုပစ္စည်းထုတ်လုပ်သည့် သင်တန်းများပေး၍ ဒေသခံပြည်သူများအတွက် အကျိုးရှိရှိ ဆောင်ရွက်ပေးရန်၊ ဗေဒါပင်အား ခုတ်ပိုင်း၍ သဘာဝမြေသြဇာများ ထုတ်လုပ်နိုင်ရေး အသိပညာပေးရန်နှင့် ကျုံးအတွင်း ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေ့ဘတိုက်ငါး ဖမ်းဆီးမှုမရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရေတာရှည်မြို့နယ် မြောက်နန်ချွန်ကျေးရွာအုပ်စု၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် အောင်မြင်စွာဆောင်ရွက်လျက်ရှိသော မွေးမြူရေးလုပ်ငန်းရှင် ဦးဟန်မြင့်စော၏ ဥစားကြက်ကောင်ရေ ၇၀၀၀ မွေးမြူထားရှိမှုအား ကြည့်ရှုအားပေးခဲ့ရာ မွေးမြူရေးခြံတာဝန်ခံက ကြက်သေးမှ ကြက်ကြီးအဆင့်အထိ မွေးမြူမှုအဆင့်ဆင့်အား ရှင်းလင်းတင်ပြခဲ့မှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဥစားကြက်များအပြင် တိုင်းရင်းကြက်များလည်း တိုးချဲ့မွေးမြူရန်၊ မွေးမြူရေးတိရစ္ဆာန်အစာ ကိုယ်တိုင်ထုတ်လုပ်သုံးစွဲနိုင်ရေး အသိပညာပေးရန်၊ မွေးမြူရေးခြံများတွင် နေဗီယာမြက်စိုက်ပျိုးသွားရန်၊ ကြက်ဥများအား ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ တိုက်ရိုက်အရောင်းဆိုင်များတွင် ရောင်းချနိုင်ရေးတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)




# ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း ပြည်ထောင်စုနယ်မြေအတွင်းရှိ လယ်ဝေးမြို့နယ် စီမံကိန်းဦးစီးရုံးနှင့် ဒက္ခိဏသီရိမြို့နယ် စီမံကိန်းဦးစီးရုံးများစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၉

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းသည် စီမံကိန်း ရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေရှိ လယ်ဝေးမြို့နယ်စီမံကိန်းဦးစီးရုံးနှင့် ဒက္ခိဏသီရိမြို့နယ် စီမံကိန်းဦးစီးရုံးများကို သွားရောက်စစ်ဆေးသည်။

## မှာကြား

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက လယ်ဝေးမြို့နယ်စီမံကိန်းဦးစီးရုံးနှင့် ဒက္ခိဏသီရိမြို့နယ် စီမံကိန်းဦးစီးရုံးတို့တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မြို့နယ်စီမံကိန်း လျာထားချက်များ ပြည့်မီစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနအသီးသီးနှင့် ပေါင်းစပ်ညှိနှိုင်း၍ ကြိုးပမ်းဆောင်ရွက်ကြရန်၊ စီမံကိန်းအကောင်အထည်ဖော်မှုများအပေါ် စနစ်တကျ သုံးသပ်ဆောင်ရွက်သွားရန်နှင့် စာရင်းဇယားများ ပြည့်စုံမှန်ကန်ရေးကို အလေးပေးဆောင်ရွက်ရန်၊ လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် မြို့နယ်စီမံကိန်း ရေးဆွဲဆောင်ရွက်ရာတွင် နိုင်ငံတော်မှ အဓိကဆောင်ရွက်နေသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို စီမံကိန်းလျာထားချက်များတွင် စနစ်တကျ ထည့်သွင်းနိုင်ရေး စိစစ်ဆောင်ရွက်သွားရန်၊ စာရင်းအင်းအချက်အလက်များနှင့် ကိန်းဂဏန်း အချက်အလက်များ ခိုင်မာမှုကို စိစစ်ဆောင်ရွက်သွားရန်၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန်၊ နိုင်ငံ့ဘဏ္ဍာငွေကို စနစ်တကျသုံးစွဲရန်နှင့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ ပြုမူနေထိုင်သွားရန် မှာကြားပြီး ရုံးများ ဥပဓိရုပ်ကောင်းမွန်စေရေးနှင့် ဝန်ထမ်းများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီး၏ စိုက်ပျိုး၊ မွေးမြူရေးအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာစေရေး အားပေးဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၉

နိုင်ငံတစ်ဝန်း၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် မျိုးကောင်း မျိုးသန့် မျိုးစေ့များ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် မျိုးစေ့ကဏ္ဍတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အားပေးကူညီလျက်ရှိရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်တို့သည် ယမန်နေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြန်မာနယူးရော ကုမ္ပဏီလီမိတက်၏ မျိုးစေ့သန့်စင်စက်ရုံ၏ မျိုးစေ့သန့်စင်ခြင်းလုပ်ငန်းနှင့် သီးနှံအခြောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး မျိုးစေ့ထုတ်လုပ်ငန်းတွင် ပုဂ္ဂလိကနှင့် တောင်သူများ၏ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေး၊ ပြည်တွင်းမျိုးစေ့လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေးနှင့် မျိုးစေ့တင်ပို့ နိုင်ငံအဖြစ် ရပ်တည်နိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍ၏ ကြိုးပမ်းစွမ်းဆောင်မှု မြှင့်တင်နိုင်ရေး အခွင့်အလမ်းများကို တာဝန်ရှိသူများနှင့်ဆွေးနွေးခဲ့ကြသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် မြစ်သားမြို့နယ် တမာပင်ကျေးရွာရှိ ကြည်ပြာ ဥစားကြက် မွေးမြူရေးခြံ၏ ဥစားကြက်ကောင်ရေ ၉၀၀၀၀ ကျော် မွေးမြူထားရှိမှုနှင့် တစ်ရက်လျှင်ကြက်ဥ ၇၀၀၀၀ ကျော် ထွက်ရှိဖြန့်ဖြူးပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စွန်ရဲအင်းဒေသတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မွေးမြူရေးဇုန်သို့ ရောက်ရှိပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူက မွေးမြူရေးဇုန် မြေနေရာရှင်းလင်းထားရှိမှု၊ မွေးမြူရေးဇုန်အတွင်း နွားမွေးမြူရေးခြံ၊ ဆေးကုသရေးရုံ၊ အစာသိုလှောင်ရုံ၊ နွားစားမြက်စိုက်ပျိုးရေးလျာထားရှိမှု၊ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်နေမှုများ၊ ရေရရှိရေးအတွက် ရေခေါ်မြောင်းနှင့် ရေစစ်ကန်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြားပြီး စွန်ရဲအင်းဒေသ မွေးမြူရေးဇုန် မြေနေရာချထားမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ငါးသိုင်းချောင်းမြို့ အနော်ရထာလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်

ငါးသိုင်းချောင်း ဒီဇင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ငါးသိုင်းချောင်းမြို့သစ်ရပ်ကွက် အနော်ရထာလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၇ ရက်က ကျင်းပသည်။

အဆိုပါလမ်းအား ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ပေးအပ်ကာ လမ်းအားဖြတ်သန်းကြည့်ရှုခဲ့ကြသည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်သည် အရှည် ၄၄၅ ပေ၊ အကျယ် ၁၀ ပေ၊ ၃ ရစ် လက်မဖြစ်ပြီး ငါးသိုင်းချောင်းမြို့စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၁၆ ဒသမ ၈ သန်းဖြင့် BILLION PAING ကုမ္ပဏီမှ တင်ဒါအောင်မြင်ပြီး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ် (ပြန်/ဆက်)

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၉

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

# ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ပါဝင်ဆင်နွှဲ

ထားဝယ် ဒီဇင်ဘာ ၉

ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေး အားကစားလေ့ကျင့်သည့် အလေ့အကျင့်ကောင်းများ ရှိလာစေရေးနှင့် ကိုယ်လက်လှုပ်ရှားအားစားပြုလုပ်၍ ကျန်းမာကြံ့ခိုင်လာစေရန်ရည်ရွယ်၍ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော တိုင်းဒေသကြီး ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ (ဒုတိယပတ်)ကို ယနေ့နံနက် ၆ နာရီက ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားကွင်း၌ ကျင်းပသည်။

ထို့နောက် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက တာလွှတ်၍ဖွင့်လှစ်ပေးပြီး လမ်းလျှောက်ပွဲပါဝင်ဆင်နွှဲသူများက ရွှေဝယ်သီရိအားကစားကွင်းအတွင်း ဝိုင်းပတ်၍ တစ်မိုင်ခွဲ စုပေါင်းလမ်းလျှောက်ခဲ့ကြကာ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲ(၂)ကို စုပေါင်း၍ ပြုလုပ်ကြသည်။



ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ (ဒုတိယပတ်)တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးကောလိပ်မှ ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာ ကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၁၆၀၀ ခန့်ပါဝင်ဆင်နွှဲခဲ့ကြပြီး ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို အပတ်စဉ် စနေနေ့တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒီဇင်ဘာအားကစားလ အထိမ်းအမှတ်အဖြစ် ပညာရေးဒီဂရီကောလိပ်မှကျောင်းသား ကျောင်းသူများက လွန်ဆွဲပြိုင်ပွဲများတွင် ပါဝင်ဆင်နွှဲရာ ပြိုင်ပွဲများတွင် (ပထမ၊ ဒုတိယ)ဆုရရှိသောအသင်းများအား တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ကျိုက်ထိုမြို့နယ်၌ ဒီဇင်ဘာလ(ဒုတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကျင်းပ

ကျိုက်ထို ဒီဇင်ဘာ ၉

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ကဦးဆောင်၍ ဒီဇင်ဘာလ(ဒုတိယပတ်)အားကစားလှုပ်ရှားမှုအဖြစ် လူထုလမ်းလျှောက်ပွဲ ကို ယနေ့နံနက် ၅ နာရီခွဲတွင် ကျင်းပသည်။

အဆိုပါလမ်းလျှောက်ပွဲပြုလုပ်ရာသို့ ကျိုက်ထိုမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းစိုးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှ မြို့နယ်ဂေါက်ကွင်းသို့ စုပေါင်းလမ်းလျှောက်ကြပြီး ဂေါက်ကွင်းတွင် ကိုယ်လက်လေ့ကျင့်ခန်းအတွဲ (၁)၊ (၂)တို့ကို ပြုလုပ်ကြကာအားကစားပြိုင်ပွဲများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# သထုံမြို့နယ်၌ ဒီဇင်ဘာလ(ဒုတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကျင်းပ

သထုံ ဒီဇင်ဘာ ၉

မွန်ပြည်နယ် သထုံမြို့နယ်၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ(ဒုတိယပတ်) အားကစားလှုပ်ရှားမှုအဖြစ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

စုပေါင်းလမ်းလျှောက်ပွဲတွင် သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးမင်းစိုး၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ စုစုပေါင်းအင်အား ၂၅၀ ကျော်တို့က အောက်ကျင်းရပ်ကွက် ခရိုင်မီးသတ်ဦးစီးမှူးရုံးရှေ့မှ နန်းခဲရပ်ကွက်ရှိ ခရိုင်အားကစားကွင်းအတွင်းသို့ စုပေါင်းလမ်းလျှောက်ကြကာ အားကစားကွင်း၌ ကိုယ်လက်ကျန်းမာရေးလေ့ကျင့်ခန်းနှင့် အားကစားအစီအစဉ်များ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# မှော်ဘီမြို့နယ်၌ လူထုလမ်းလျှောက်ပွဲ ကျင်းပ

မှော်ဘီ ဒီဇင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် ဒီဇင်ဘာလ(ဒုတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

လမ်းလျှောက်ပွဲတွင် မှော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မှော်ဘီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၂၉၃ ဦးခန့်က စုရပ်အဖြစ်သတ်မှတ်ထားသော မှော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှစတင်ကာ မှော်ဘီမြို့နယ် G.T.U ကျောင်းရှေ့သို့ သတ်မှတ်လမ်းကြောင်းအတိုင်း စုပေါင်းလမ်းလျှောက်ပြီး မှော်ဘီမြို့နယ်အားကစားကွင်းအတွင်း၌ Physical Fitness Dance Exercises များ စုပေါင်းပါဝင်ဆင်နွှဲခဲ့ကြသည်။

လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများအား ကောက်ညှင်းပေါင်းနှင့် အကြော်များ ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

**ဝင်းဇော်(မှော်ဘီ)**

# ကော့သောင်းမြို့၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ



**ကော့သောင်း ဒီဇင်ဘာ ၉**

ပြည်သူလူထု တစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေး အားကစားလေ့ကျင့်သည့် အလေ့အကျင့်ကောင်းများ ရှိလာစေရေးနှင့် ပြည်သူလူထု တစ်ရပ်လုံး ကိုယ်လက်ကြံ့ခိုင်ရန် ပါဝင်ဆင်နွှဲရေးတို့အတွက် ဒီဇင်ဘာ အားကစားလ (ဒုတိယပတ်) လူထုစုပေါင်း လမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီက ကော့သောင်းမြို့တွင် ကျင်းပသည်။

**စတင်တာလွှတ်**

အဆိုပါ လမ်းလျှောက်ပွဲကို ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက မဥ္ဇူသကခန်းမရှေ့မှ စတင်တာလွှတ်၍ ဖွင့်လှစ်ပေးပြီး ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အားကစားဝါသနာရှင် ၁၂၀၀ ခန့်က ကော့သောင်းမြို့တွင်း အကွာအဝေး သုံးမိုင်ခန့် စုပေါင်းလမ်းလျှောက်ပွဲကို ပါဝင်ဆင်နွှဲခဲ့ကြသည်။

စုပေါင်းလမ်းလျှောက်ပွဲအပြီးတွင် ကော့သောင်းမြို့ လွတ်လပ်ရေး ကျောက်တိုင်အားကစားကွင်းတွင် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းနှင့် Fitness Dance ကိုယ်ကာယ လေ့ကျင့်ခန်းများ စုပေါင်းပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လှည်းကူးမြို့နယ်၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ (ဒုတိယပတ်) ကျင်းပ

**လှည်းကူး ဒီဇင်ဘာ ၉**

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် ပြည်သူများ ကျန်းမာကြံ့ခိုင်ပြီး အားကစားစိတ်ဓာတ်များ တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ ဒီဇင်ဘာ အားကစားလ (ဒုတိယပတ်) လူထုစုပေါင်း လမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီက ကျင်းပသည်။

လမ်းလျှောက်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နန်းထက်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လှည်းကူးပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက စုရပ်အဖြစ် သတ်မှတ်ထားသော လှည်းကူးမြို့မဈေးခန်းမရှေ့မှ စတင်ကာ သတ်မှတ်ထားသည့်လမ်းကြောင်းအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ကြပြီး မြို့နယ်အားကစားကွင်း၌ ကျန်းမာရေးအတွက် ကိုယ်လက်ကြံ့ခိုင်ရေး သွေးပူလေ့ကျင့်ခန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**မြင့်ဦး**

# ထူးကဲပေစွ နတ်တော်လ

## နေခြည်လှသိန်းထွေး

နှင်းဝေမြူး၍ ညင်းလေရူးသည့်အချိန်ကား “နတ်တော်လ” အချိန် ဖြစ်တော့သည်။ နတ်တော်လသည် ဆောင်းရာသီ၏ ဒုတိယရင်သွေးဟုဆိုရပေမည်။ မိုးစက်၊ မိုးနံ့ကင်းစင်ခြောက်သွေ့ပြီး မြူခိုးမြူငွေ့ ဝေ့သန်းလာသော အေးမြစပြုသည့် အခါသမယဖြစ်သည်။ နတ်တော်လသည် ဓနုရာသီဖြစ်သည်။ စန်းယှဉ်နက္ခတ်မှာ မိဂသီနက္ခတ်ဖြစ်သည်။ ရာသီရုပ်မှာ လေးစွဲယောကျ်ားရုပ်ဖြစ်သည်။ ရာသီပန်းကား သဇင်ပန်း လေးများပွင့်ပါသည်။ စာဆိုတော်ပွဲကို နတ်တော်လဆန်း(၁)ရက်နေ့တွင် ကျင်းပကြသည်။ ကျင်းပရခြင်း၏ရည်ရွယ်ချက်မှာ စာပေပညာရှင်များကို ဂုဏ်ပြုလို၍ဖြစ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲအခမ်းအနားတွင် ဆုရရှိသည့် စာပေပညာရှင်ကြီးများ၏ ကိုယ်ရေးအကျဉ်းနှင့် ဓာတ်ပုံပြသထားမှုကို လှည့်လည်ကြည့်ရှုစဉ်။

### စာ၊ ဆို၊ တော် သုံးမျိုးတွဲစပ်

စာဆိုတော်ဆိုသည်မှာ နာမ်စား သုံးမျိုးကို တွဲစပ်ထားခြင်းဖြစ်သည်။ အသားညိုပါက ဖိုးညို၊ အကြွားသန်ပါက ဖိုးကြွားဟုခေါ်သကဲ့သို့ စာဆိုတော်တွင်လည်း စာ၊ ဆို၊ တော် သုံးမျိုးတွဲစပ်ရာ “စာ” မှာ စကားပြေကို မဆိုလို၊ ကဗျာ စည်းမျဉ်း၊ ကဗျာရေးထုံးများနှင့်အညီ သီကုံးထားသည့်အရာ ဖြစ်သည်။ “ဆို” ဟူသည် ကဗျာ၊ လင်္ကာကို အက္ခရာတင်၍ မရေးဘဲ အလွတ်လက်တန်းရွတ်သွားသည်ကို အနက်ဖွင့်ခြင်းဖြစ်သည်။ “တော်”မှာကား အလွတ်လက်တန်း ရွတ်သွားသောအရာတွင် အကျော်အမော် ဖြစ်ခြင်းကို ဆိုလိုသည်။ ထို့ကြောင့် စာဆိုတော်ဆိုသည်မှာ ကဗျာ၊ လင်္ကာကို စည်းမျဉ်းရေးထုံးနှင့်အညီ အက္ခရာမတင်ဘဲ အလွတ်လက်တန်းရွတ်ရာ၌ အကျော်အမော်ဖြစ်သည်ဟု ဆိုလိုရင်းဖြစ်သည်။

ရှေးက ကဝိပုဂ္ဂိုလ်များသည် စကားပရိယာယ်အလွန်ကြွယ်လှသည်။ ကဗျာ၊ လင်္ကာတစ်ပုဒ်ကို ရေးကြီးခွင်ကျယ် စာဖြင့်မရေးဘဲ နှုတ်တိုက်လက်တန်း ရွတ်နိုင်ကြသည်။ စာဆိုတော်ဟူသည် ဤသို့သော် ပညာရှိကဝိကြီးများအား ပေးသော ဘွဲ့အမည်ပင်ဖြစ်သည်။ စာဆိုတော်ပွဲသည် ဘိုးတော်ဘုရားလက်ထက်ကပင် စတင်ပေါ်ပေါက်လာခဲ့သည်။ စာဆိုတော်ဟူသော ဝေါဟာရသည် ရှေးအခါ ကဗျာခေတ်ကပင် အမြစ်တွယ်ခဲ့သည်။ အနော်ရထာ၊ ပုဂံမင်းလက်ထက်မှစ၍ ပါဠိနှင့် မြန်မာ ဒွန်တွဲရောယှက် အသုံးပြုလာရာမှတစ်ဆင့် အင်းဝခေတ်သို့ရောက်သောအခါ မြန်မာစာပေသည် အထွတ်အထိပ်သို့ ရောက်လာသည်။ မြန်မာဘာသာဖြင့် စပ်ဆိုသောကဗျာများ ထွန်းကားလာသည်။ အင်းဝခေတ်သည် ကဗျာ၏ရေသောက်မြစ် ပင်မခေတ်ဖြစ်သည်။ ရှေးမြန်မာမင်းများလက်ထက်တွင် လက်ရုံးရည်၊ နှလုံးရည်ဘက်၌ ထူးချွန်သူများကို နတ်တော်လ၌ အခမ်းအနားဖြင့် အဆောင်အယောင်များ ချီးမြှင့်ပေးအပ်လေ့ရှိသည်။ နိုင်ငံတော်အတွက် အလွန်အကျိုးများစေသော ပွဲတော်မျိုးဖြစ်သည်။

ယနေ့ခေတ်စာဆိုတော်နေ့ပေါ်ပေါက်လာပုံမှာ စာဆိုတော်များ၏ စာပေကျေးဇူး၊ စာပေဂုဏ်ကို ချီးကျူးပူဇော်ပွဲ ကျင်းပရာမှ အစပြုခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းကာလများတွင် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲများ၊ ကဗျာရွတ်ဆိုပွဲများ၊ စာပေဆုနှင်းသဘင်ပွဲများ၊ သက်ကြီးစာပေပညာရှင်ကြီးများ ကန်တော့ပွဲများကို နိုင်ငံတစ်ဝန်း ခြိမ့်ခြိမ့်သဲကျင်းပလာခဲ့ကြသည်။ စာပေပညာရှင်များက နတ်တော်လ၏ အဦးဆုံးရက်ဖြစ်သော လဆန်း(၁)ရက်နေ့ကို စာဆိုတော်နေ့အဖြစ် အားလုံးက တညီတညွတ်တည်း ဆုံးဖြတ်လိုက်ကြသည်။ ထို့ကြောင့် နတ်တော်လရာသီသည် စာဆိုတော်ရာသီဖြစ်လာသည်။

### စာပေမြင့်မှ လူမျိုးတင့်မည်

စာပေသည်လူမျိုးတစ်မျိုး၏အသက်ဖြစ်သည်။ စာပေမရှိလျှင် လူမျိုးမရှိနိုင်ပါ။ စာပေပျောက်လျှင် လူမျိုးပါပျောက်ကွယ်သွားပေမည်။ ထို့ကြောင့် လူမျိုးတိုင်း စာပေကို မြတ်မြတ်နိုးနိုး ထိန်းသိမ်းထားသင့်သည်။ ထို့အတူ မြန်မာနိုင်ငံတွင်လည်း “စာပေမြင့်မှ လူမျိုးတင့်မည်”ဟု အလေးအနက်ခံယူထားပါသည်။ မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် ပုဂံခေတ်မှယနေ့တိုင် စာပေပညာရှင်များ ပေါ်ထွန်းခဲ့သည်။ ၎င်းတို့၏ အားထုတ်မှုကြောင့် စာပေမျိုးစုံပေါ်ထွန်းခဲ့သည်။ လေ့လာဖတ်ရှုရသူတို့အဖို့ အသိပညာ အလိမ္မာများတိုး၍ နိုင်ငံအကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်နိုင်ခဲ့ကြပါသည်။ စာပေရေးသားမှု တစ်စ တစ်စ မြင့်မားလာသည်နှင့်အမျှ လူမျိုးဂုဏ်လည်း တင့်တယ်လာခဲ့ပါသည်။ ထို့ကြောင့် စာပေပညာရှင်တို့၏ ဂုဏ်ကျေးဇူးကား အထူးဆိုဖွယ်ရာမရှိတော့ပါ။ ဂျပန်ခေတ် (၁၉၄၂-၁၉၄၃) ခုနှစ်တွင် စာပေပညာရှင်များက မြန်မာနိုင်ငံစာရေးဆရာအသင်းကို တည်ထောင်ပြီး ရှေးစာဆိုများကို ဂုဏ်ပြုသည့်အနေဖြင့် နတ်တော်လဆန်း (၁)ရက်နေ့ကို “စာဆိုတော်နေ့”ဟု သတ်မှတ်ခဲ့ပါသည်။

### “ဓမ္မစာဆိုတော်နေ့” ဟုလည်း သတ်မှတ်

နတ်တော်လသည် ဗုဒ္ဓဝင်အခါတော်နေ့များနှင့် ထူးထူးခြားခြား ကင်းလွတ်နေသော လတစ်လဖြစ်ပါသည်။ ထိုသို့ ဗုဒ္ဓအခါတော်နေ့များနှင့် တိုက်ရိုက်မသက်ဆိုင်သော်လည်း နတ်တော်လပြည့်နေ့သည် ဗုဒ္ဓမြတ်စွာဘုရား၏ တရားဓမ္မများကို အဆင့်ဆင့် လက်ဆင့်ကမ်း ရေးသားပို့ချလာကြသည့် ရှေးပညာရှိဆရာတော်ကြီးများ၊ ဗုဒ္ဓစာပေဆိုင်ရာ စာဆိုတော်ကြီးများကို ဂုဏ်ပြုပူဇော်သည့် လပြည့်နေ့ ဖြစ်ပါသည်။ ထို့ကြောင့် နတ်တော်လပြည့်နေ့ကို “ဓမ္မစာဆိုတော်နေ့”ဟုလည်း သတ်မှတ်ထားကြပါသည်။ ထိုကဲ့သို့ မွန်မြတ်လှသော နတ်တော်လပြည့်နေ့တွင် ဗုဒ္ဓဘာသာဝင်သူတော်ကောင်းအပေါင်းတို့လည်း မိမိတတ်စွမ်းသမျှ ကုသိုလ်ဘာဝနာများ ပွားများအားထုတ်နိုင်ကြမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးက မျိုးစေ့ချပေးခဲ့သော စာဆိုတော်နေ့ကို နှစ်စဉ်မပြတ် ကျင်းပခဲ့ပါသည်။ ဗဟို၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ကျင်းပရေးကော်မတီများ ဖွဲ့စည်းကျင်းပ၍ စာပေဆုများကို ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ၁၉၄၉ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ ချီးမြှင့်ခဲ့သော စာပေဆုများကို စာပေဗိမာန်ဆုဟုသာ ခေါ်တွင်ခဲ့သည်။ ၁၉၆၂ ခုနှစ်သို့ရောက်သောအခါ အနုပညာစာပေဆုဟူ၍ ပြောင်းလဲခဲ့သည်။ ယခုအခါ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများအဖြစ်သို့ တိုးတက်ချီးမြှင့်ပေးလျက်ရှိသည်။ ဂုဏ်ယူဝမ်းမြောက်ဖွယ်ကောင်းလှပေသည်။ စာဆိုတော်နေ့မတိုင်မီ ထိုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောင်းများ၊ ရပ်ကွက်များတွင် ဟောပြောပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများနှင့် ပုံပြောပြိုင်ပွဲများ ကျင်းပကြပါသည်။ ထို့အပြင် စာပေလုပ်သားအစည်းအရုံးမှ ဦးဆောင်ကာ သက်ကြီးစာပေပညာရှင်များကို ကန်တော့သည့်ပွဲကိုလည်း ကျင်းပပါသည်။ ထိုနေ့တွင် စာပေဆုနှင်းသဘင်အခမ်းအနားကိုလည်း ခမ်းနားစွာ ကျင်းပကြပါသည်။

### လိုအပ်သည့် အာဟာရမှာ စာပေရတနာပင်ဖြစ်


အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရာတွင် စွမ်းရည်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များ၏ ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများ၊ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သည့် အာဟာရမှာ စာပေရတနာပင်ဖြစ်သည်။ စာပေရတနာအာဟာရ ဖြည့်ဆည်းကြမှသာ ကမ္ဘာလောကကို မျက်ခြည်မပြတ်ဘဲ တန်ဖိုးမြင့်လာမည်ဖြစ်သည်။ နိုင်ငံသားတိုင်း စာပေပညာရှင်၊ စာဆိုတော်များ၏ စာကောင်းပေမွန်များ လေ့လာရမည်ဖြစ်သည်။ စာပေပညာရှင်များ၊ စာပေကို တန်ဖိုးထားသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါသည်။

“လနတ်တော် မုန့်ဆန်းလှော်” ဟူသော လင်္ကာစာသားနှင့်အညီ နတ်တော်လတွင် မုန့်ဆန်းလှော်၍ နတ်ပွဲအပြီး စားလေ့ရှိကြသည်။ ပျော်ရွှင်ဆင်နွှဲ နတ်ပွဲများကိုလည်း ကျင်းပကြသည်။ ခြိမ့်ခြိမ့်သဲသဲ “စာဆိုတော်ပွဲ” ကိုလည်း ကျင်းပကြသည်။ ဂမုန်း၊ သဇင်ပန်းတို့ အလှချင်းယှဉ်၍ ပွင့်ကြသည်။ ထို့ကြောင့် ထူးကဲပေစွ“နတ်တော်လ”ဟု ဆိုရပေတော့မည်။ ။

> နတ်တော်လသည် ဗုဒ္ဓဝင်အခါတော်နေ့များနှင့် ထူးထူးခြားခြား ကင်းလွတ်နေသော လတစ်လဖြစ်ပါသည်။ ထိုသို့ ဗုဒ္ဓအခါတော်နေ့များနှင့် တိုက်ရိုက်မသက်ဆိုင်သော်လည်း နတ်တော်လပြည့်နေ့သည် ဗုဒ္ဓမြတ်စွာဘုရား၏ တရားဓမ္မများကို အဆင့်ဆင့် လက်ဆင့်ကမ်းရေးသားပို့ချလာကြသည့် ရှေးပညာရှိဆရာတော်ကြီးများ၊ ဗုဒ္ဓစာပေဆိုင်ရာ စာဆိုတော်ကြီးများကို ဂုဏ်ပြုပူဇော်သည့် လပြည့်နေ့ဖြစ်ပါသည်။ ထို့ကြောင့် နတ်တော်လပြည့်နေ့ကို “ဓမ္မစာဆိုတော်နေ့”ဟုလည်း သတ်မှတ်ထားကြပါသည်။ “လနတ်တော် မုန့်ဆန်းလှော်” ဟူသော လင်္ကာစာသားနှင့်အညီ နတ်တော်လတွင် မုန့်ဆန်းလှော်၍ နတ်ပွဲအပြီး စားလေ့ရှိကြသည်။ ပျော်ရွှင်ဆင်နွှဲ နတ်ပွဲများကိုလည်း ကျင်းပကြသည်။ ခြိမ့်ခြိမ့်သဲသဲ “စာဆိုတော်ပွဲ” ကိုလည်း ကျင်းပကြ

ဝတ္ထုတို

## ယုယုငယ်




( ၁)

"သမီး ဒီမှာခဏလာထိုင်ပါဦး မေမေ သမီးကို မေးစရာရှိလို့"

ခိုင်ဝါ အလုပ်မှပြန်ရောက်ရောက်ခြင်း မေမေခေါ်သဖြင့် အခန်းထဲသို့ မဝင်သေးဘဲ မေမေ့နံဘေးမှ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

"သမီးအနောက်လမ်းထဲကို အသစ်ပြောင်းလာတဲ့ ဒေါ်ညွန့်တင်သားနဲ့ ကြိုက်နေကြတယ်ဆို"

"ဟုတ်တယ်မေမေ၊ မေမေကိုလမ်းထိပ်အသုပ်စုံဆိုင်က မတူးပြောလိုက်တာမလား"

မတူးအသုပ်ဆိုင်က လူစုံသလို အတင်းလည်း စုံသည်မို့ မနက်က မေမေ အသုပ်သွားစားရင်းဖြင့် ခိုင်ဝါနှင့် ကိုသူရိန်စိုးတို့ ကြိုက်နေသည်ကို ကြားလာခြင်းဖြစ်မည်။ ထို့ကြောင့် ခိုင်ဝါငြင်းမနေတော့ဘဲ ဝန်ခံလိုက်တော့သည်။

"အဲဒီကောင်လေးက တစ်ခုလပ်ဆို အရင်မိန်းမနဲ့ကွဲနေတာတဲ့"

လူတွေများနော် ကိုယ့်ထမင်းကိုယ်စားပြီး သူများအကြောင်းကို အားအားယားယား ပြောနေလိုက်ကြတာဟု ခိုင်ဝါ စိတ်ထဲမှ တွေးလိုက်သည်။

"ဟုတ်တယ် မေမေ ကိုသူရိန်စိုးက မိန်းမနဲ့ကွဲနေတဲ့ တစ်ခုလပ်၊ အဲဒါဘာဖြစ်လို့လဲမေမေ အိမ်ထောင်ရှိ ယောကျ်ားမှ မဟုတ်တာ၊ တစ်ခုလပ်ကိုမကြိုက်ရဘူးလား"

"မကြိုက်ရဘူးလို့ မပြောပါဘူးအေ အရင်မိန်းမနဲ့ ကင်းကင်းရှင်းရှင်းရှိရဲ့လားလို့ သိချင်လို့ပါ။ တော်ကြာ အရင်မိန်းမကို မပြတ်နိုင်ဘူးဆိုရင် မေမေ့သမီးလေး ဒုက္ခရောက်မှာစိုးလို့ပါ"

"ကင်းရှင်းပါတယ်မေမေ သူတို့ တရားဝင်ပြတ်ပြတ်သားသား ကွာထားကြတာပါ။ အရင်မိန်းမကို စိတ်နာနေတော့ ပြန်ပေါင်းမယ့်ပုံလည်း မပေါ်ပါဘူး"

"အေးပါ အဲဒါဆို အမေစိတ်အေးရပါပြီ ဒါနဲ့အရင်မိန်းမနဲ့ ဘာကြောင့်ကွဲရတာတဲ့လဲ သူကကွဲတာလား ဒါမှမဟုတ်သူ့မှာ မပေါင်းနိုင်စရာ အပြစ်တွေရှိနေလို့ သူ့မိန်းမက သူ့ကိုကွာလိုက်တာလား"

"အရင်မိန်းမက ချမ်းသာတဲ့သူဌေးသမီးတဲ့ သူ့အမေနဲ့ သူ့ညီမကိုမကြည်ဖြူလို့ ကွာလိုက်တာတဲ့လေ ပိုက်ဆံတွေရှိပြီးတော့ ကပ်စေးနဲလိုက်တာအမေရယ် ယောက္ခမလည်း ကိုယ့်အမေပဲကို ကျွေးထားရတာ မသဒ္ဓါတဲ့ပုံဘဲ"

"ကလေးတွေဘာတွေရော မရှိကြဘူးလား"

"ကလေးတော့မရှိဘူး မေမေရဲ့"

ဒါနဲ့သူ့အမေနဲ့ ညီမကရော စိတ်ဓာတ်ကောင်းရဲ့လား"

"ကောင်းပါတယ်မေမေရယ် သူ့အမေကအသက် ၆၀ ကျော်နေပြီ။ အသက်ကြီးတော့ တရားရှိမှာပါ သူ့ညီမနဲ့ သမီးက အလုပ်အတူတူလုပ်နေတာလေ၊ သူ့ညီမမှာအလုပ်မရှိလို့ မမစန်းကသမီးတို့ စက်ရုံမှာ အလုပ်သွင်းပေးထားတာ။ မမစန်းကို မေမေသိတယ်မဟုတ်လား၊ အနောက်လမ်းက ဒေါ်စန်းမြင့်ရဲ့သမီး မစန်းဝေလေ၊ သူတို့အိမ်ခေါင်းရင်းကပေါ့ သူ့ညီမနဲ့ ခင်ပြီးမှ သူနဲ့ကြိုက်တာ။ သူ့ညီမက သဘောကောင်းပါတယ် မေမေရဲ့"

"ဒါဆိုအရင်မိန်းမ မကောင်းကြောင်းကို အပြင်လူဆီက သိတာမဟုတ်ဘဲ သူ့ညီမဆီက သိတာပေါ့ဟုတ်လား"

"ဟုတ်ကဲ့"

"မေမေကတော့ သမီးရည်းစားထားတာကို မတားချင်ပါဘူး သမီးလည်း အသက်သုံးဆယ်နီးနေတော့ ကိုယ့်ဘာသာ ဆုံးဖြတ်ပေါ့ကွယ် တစ်ခုလပ်ဆိုတာ အိမ်ထောင်မရှိတော့လို့ လူပျိုသဘောပါပဲကွယ်။ သူများအိမ်ထောင်ဖျက်ဆီးတာ မဟုတ်လို့ တစ်ခုလပ်ကို ယူသင့်ပါတယ်"

မေမေသည် ခိုင်ဝါ့ကို စိုးရိမ်သဖြင့် ဆုံးမစကား ပြောလေတော့သည်။

"ဒါပေမဲ့သေချာအောင်တော့ စုံစမ်းရမယ် သမီးသူတို့ဘာကြောင့်ကွဲလဲဆိုတဲ့ အကြောင်းအရင်းကိုတော့ မှန်မှန်ကန်ကန် သိအောင်တော့ လုပ်ရမယ်သမီး မိန်းမဘက်က မကောင်းလို့ကွဲတယ်ဆို ပြဿနာမရှိပေမဲ့ အဲဒီလူဘက်က အရက်သောက်ပြီး နှိပ်စက်လို့လား၊ ဖောက်ပြန်လို့လား၊ ယုတ်မာတဲ့သူမို့လား၊ သူ့ရဲ့ဆွေမျိုးသားချင်းတွေက မကောင်းလို့ မိန်းမကကွဲလိုက်တာလားဆိုတာ သိအောင်လုပ်ရမယ်"

"အဲဒီလူအပြောနဲ့ သူ့မိသားစုရဲ့ အပြောတွေကိုပဲ မယုံဘဲ အရင်မိန်းမနဲ့ တကယ်ကင်းရှင်းရဲ့လားဆိုတာ စုံစမ်းရမယ်။ စုံစမ်းပြီးမှဆုံးဖြတ်ပေါ့ တော်ကြာ အရင်လူက ဝဋ်ကျွတ်သွားပြီး သမီးက ဝဋ်ခံနေရမှာစိုးလို့ပါကွယ်"

"စိတ်ချပါမေမေရဲ့ မေမေ့သမီးခိုင်ဝါက ထင်သလောက်လည်း မအပါဘူး သေချာစုံစမ်းပြီးမှ ယူမှာပါ"

( ၂)

မေမေ့ကိုပြောပြီး ခိုင်ဝါအိပ်ခန်းထဲသို့ ဝင်လာခဲ့သည်။ မေမေစိုးရိမ်သလောက်လည်း သူရိန်စိုးတို့ မိသားစုက ဆိုးမည်ဟု ခိုင်ဝါမထင်ပါ။ သူရိန်စိုး၏ ယခင်မိန်းမ ဝေဝေနွယ်သည် သူဌေးသမီးဖြစ်ပြီး သူရိန်စိုးက သူတို့အိမ်မှာ ကားမောင်းသည့် ဒရိုင်ဘာ တစ်ဦးဖြစ်သည်။ ဝေဝေနွယ်ကို ကျောင်းပို့၊ ကျောင်းကြို လုပ်ပေးရင်းမှ ချစ်ကြိုက်ပြီး ခိုးပြေးကြခြင်းဖြစ်သည်။ သူရိန်စိုး၏ ညီမမီမီစိုး ပြောစကားအရဆိုလျှင်

"သူက သူဌေးသမီးဆိုတော့ အိမ်အလုပ်လည်း မလုပ်တတ်ဘူး။ ပိုက်ဆံလည်း မတရားသုံးတာ အစ်မရဲ့။ အစ်ကို့ရှာစာနဲ့မလောက်တော့ သူ့အိမ်က ထောက်ပံ့ရတာကို အမေနဲ့မီမီကပ်စားနေလို့ဆိုပြီး ပြဿနာရှာတာ။ အဲဒီအချိန်တုန်းက မီမီကလည်း အလုပ်မရှိသေးဘူးလေ။ မီမီကိုလည်း စည်းကမ်းမရှိဘူးတို့၊ သူ့ပစ္စည်းတွေ ကိုင်တာ မကြိုက်ဘူးတို့နဲ့ မတူမတန်သလိုဆက်ဆံတာ"

"အစ်ကိုနဲ့ကွဲပြီး အိမ်ပြန်မယ်ချည်းလုပ်နေတာ အစ်ကိုက သူ့ကိုချစ်လို့မကွာပေးတာကို သူဌေးသမီးဆီက ငွေချူစားနေရလို့ဆိုပြီး သူ့မိသားစုတွေက ဝိုင်းပြောကြတာ တခြားပိုက်ဆံရှိတဲ့ကောင်နဲ့ ပေးစားချင်လို့ အစ်ကိုနဲ့ရတဲ့ကိုယ်ဝန်ကို ဖျက်ချပြီး အစ်ကို့ကြောင့် ပျက်တယ်ဆိုပြီး အမှုလုပ်လို့ ကွာပေးလိုက်ရတာ"

"သူကအဲဒီလောက်တောင် ဆိုးလားဟင်"

"တော်တော်ဆိုးတဲ့မိန်းမပါ မမခိုင်ဝါရယ်၊ မီမီအစ်ကိုဆိုတာ သူ့ကြောင့် စိတ်ဒုက္ခတွေ ရောက်လိုက်တာ။ မမခိုင်ဝါနဲ့တွေ့မှ လူလိုသူလိုပြန်ဖြစ်လာရတာပါ"

ဒါကသူရိန်စိုး၏ညီမမီမီစိုးပြောပြ၍ သိရခြင်းပါ။ မီမီစိုးပြောသည်မှာ အမှန်တွေဟု ခိုင်ဝါယုံပါသည်။ သူရိန်စိုးက အရက်မူးပြီး ရမ်းသည်ဟု မကြားမိပေ။ အကယ်၍ သူရိန်စိုးမကောင်းပါက သူတို့ ခေါင်းရင်းအိမ်မှာနေသော မမစန်းက ခိုင်ဝါကို ပြောပြမှာဖြစ်သည်။ သူရိန်စိုးအမေကြီးကတော့ ပါးစပ်ဖွာတတ်သည်။ မတူးအသုပ်စုံဆိုင်မှာ အမြဲထိုင်တတ်ပြီး စကားကျယ်ကျယ်ပြောတတ်သည်။ ဤသည်ကလည်း သားနှင့်သမီးက အလုပ်သွားနေ၍ အိမ်မှာ တစ်ယောက်တည်းပျင်းပြီး သူများတွေနှင့် စကားပြောခြင်းဖြစ်ပါလိမ့်မည်။ လူတွေက တစ်ခုလပ်ဆို ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် နှိမ်ချင်ကြသည်ဟု ခိုင်ဝါထင်သည်။ ခိုင်ဝါကတော့ သူများ ယောကျ်ားမဟုတ်လျှင်ပြီးရော ကိုယ်ချစ်တဲ့သူကို လူပျို၊ အအိုမခွဲခြားချင်ပေ။ သူရိန်စိုး၏ပထမမိန်းမက သူဌေးသမီးမို့ ဘာမှမလုပ်တတ်ပေမဲ့ ခိုင်ဝါကတော့ ထမင်း၊ ဟင်း အကုန်ချက်တတ်သည်။

ခိုင်ဝါ အစ်ကိုနှစ်ယောက်လည်း မိန်းမရပြီးတာတောင် မေမေသုံးချင်ရာ သုံးဖို့ လစဉ်စရိတ် ထောက်ပံ့ပေးကြသည်။ သူတို့မိန်းမတွေတောင် ကြည်ဖြူနေသေးတာပဲ ယောက္ခမလည်း မိဘလို သဘောထားပါက ကုသိုလ်ရသည်မို့ သူရိန်စိုးအမေကို ကျွေးထားရ၍ ငြိုငြင်မှာမဟုတ်ပေ။ မီမီစိုးမှာလည်း အလုပ်ရှိနေပြီဖြစ်သဖြင့် လူသုံးယောက်လစာမို့ ပိုက်ဆံမလောက်၍ မိဘအိမ်ပြန်တောင်းရသည့်အဖြစ်လည်း ရောက်မှာမဟုတ်ဟု ထင်သည်။ မီမီနှင့်လည်း စက်ရုံထဲမှာ အလုပ်အတူတူလုပ်ရင်း ခင်မင်နေသောကြောင့် မတည့်စရာ အကြောင်းမရှိပေ။ မီမီက ခိုင်ဝါ့ကိုသဘောကျသဖြင့် သူကိုယ်တိုင်ပဲ သူရိန်စိုးနှင့်ခိုင်ဝါကို အောင်သွယ်ပေးခဲ့ခြင်းဖြစ်သည်။ အဓိကအချက်မှာ သူရိန်စိုးကို ချစ်မိနေပြီဖြစ်သောကြောင့် စဉ်းစားမနေတော့ဘဲ လက်ထပ်လိုက်လေတော့သည်။

( ၃)

သူရိန်စိုးနှင့်လက်ထပ်ပြီး တစ်နှစ်အကြာမှာပင် သူရိန်စိုးတို့သားအမိသုံးဦး၏ စရိုက်ဆိုးများကို သိလာရသည်။ သူရိန်စိုးသည် အရက်မသောက်၊ လူကိုမူးပြီး မနှိပ်စက်သော်လည်း နှစ်လုံး၊ သုံးလုံးထိုးရာတွင် ဝါသနာကြီးလှသည်။ ပေါက်တာက နည်းနည်း၊ မပေါက်၍ အကြွေးတင်နေသည်က များနေသဖြင့် အိမ်စရိတ်ပေးဖို့တောင် အနိုင်နိုင်မို့ ခိုင်ဝါလစာဖြင့် မိသားစုလေးယောက်အတွက် ဖြေရှင်းခဲ့ရသည်။ မီမီစိုး၏လစာမှာ သူ့အသုံးစရိတ်နှင့်သူတောင် မလောက်သဖြင့် အိမ်စရိတ် မပေးနိုင်ပေ။ နှစ်လုံး၊ သုံးလုံးထိုး၍ ပြောလျှင်လည်း ရန်ဖြစ်ရသည်။ လင်မယားရန်ဖြစ်ပါကလည်း ဒေါ်ညွန့်တင်က သူ့သားဘက်မှဝင်ပါ၍ ခိုင်ဝါကို ရန်တွေ့တတ်သည်။

သူရိန်စိုးက အိမ်စရိတ်ကို ပုံမှန်မပေးသော်လည်း ဒေါ်ညွန့်တင်က ဟင်းမကောင်းလျှင် ခွေးမကို အပြစ်ရှာသည်။ မနက်တိုင်းလည်းအသုပ်ဆိုင်၊ လက်ဖက်ရည်ဆိုင်ထိုင်ဖို့ ပိုက်ဆံလိုချင်သည်။ ပေးသည့်ရက်များဆို မျက်နှာရွှင်ပျနေပြီး မပေးပါက ခိုင်ဝါကို တစ်ခုမဟုတ်တစ်ခု အပြစ်ပြောတော့သည်။ အဆိုးဆုံးက လမ်းထဲတွင် ခိုင်ဝါ့အတင်းပြောခြင်းဖြစ်သည်။ ခိုင်ဝါမေမေ့အိမ်နှင့် အရှေ့လမ်း၊ အနောက်လမ်း အိမ်ချင်းနီးနေသော်လည်း မေမေ့အိမ်သို့မပြန်ရဲပေ။ မေမေ့အိမ်သွားသည်နှင့် ပိုက်ဆံသွားပေးသလိုလို ဘာလိုလိုပြောတတ်သည်။ မေမေက ခိုင်ဝါ အစ်ကိုကြီးနှစ်ယောက် ထောက်ပံ့တာဖြင့် ပြည့်စုံနေ၏။

ခိုင်ဝါအလုပ်တစ်ဖက်နှင့် မနက်တိုင်း ထမင်း၊ ဟင်း ထချက်ရသည်။ အလုပ်ဘယ်လောက်များများ ဒေါ်ညွန့်တင်ရော မီမီပါ ဝိုင်းမကူညီကြပေ။ ခိုင်ဝါချက်ပြီး သားကိုသာ အဆင်သင့်စားကြသည်။ မီမီသည် အိမ်အလုပ် အပျင်းထူသည့်အပြင် သူ့အဝတ်အစားတောင် မလျှော်ချင်ပေ၊ ဝတ်ပြီးသားအဝတ်တွေကို ပုံထားပြီး ခိုင်ဝါအဝတ်တွေကို ယူဝတ်တတ်သည်။ သူ့ပစ္စည်း၊ ကိုယ့်ပစ္စည်းမခွဲခြားဘဲ သူတို့အိမ်ပေါ်ရောက် သူတို့ပစ္စည်းဟု သဘောထားသည်။ ခိုင်ဝါတို့လင်မယားအခန်းသို့ စိတ်ကြိုက်ဝင်ပြီး ခိုင်ဝါ့ပစ္စည်းတွေကို ယူသုံးသည်။ ပြောပါကလည်း အဖြစ်သည်းသည်ဟု အမေနဲ့သမီးပေါင်း၍ ရန်တွေ့ကြသည်။

ခိုင်ဝါ့ လက်ဝတ်လက်စားများကို အလှူဝတ်ချင်၍ ငှားပါဆိုသဖြင့် ငှားပေးလိုက်ရာ လက်စွပ်တစ်ကွင်းကို ဖျောက်ပစ်ခဲ့သည်။ အလျော်လည်း မပေးကြချေ။ ခိုင်ဝါကတော့ပျောက်သည် မထင်ပါ။ ပျောက်သည်ဟုလိမ်လည်ပြီး သားအမိနှစ်ယောက် ရောင်းစား၍ သုံးပစ်လိုက်ပုံရသည်။ နောက်တစ်ခါလာငှား၍ မငှားနိုင်တော့ကြောင်းငြင်းရာမှ ခိုင်ဝါ့ကို မီမီစိုးက အငြိုးထားလာသည်။ အိမ်မှာပြဿနာပေါ်၍ မကျေနပ်ချက်ရှိတိုင်း သူ့အစ်ကိုကို ခိုင်ဝါကစက်ရုံထဲမှာ ရှုပ်ပွေနေသယောင်ယောင် မှန်မကန်ကုန်းချောတတ်သည်။ သူရိန်စိုးသည် သူ့အမေ၊ သူ့ညီမပြောသမျှကိုယုံပြီး ခိုင်ဝါ့ကို ပြဿနာရှာတတ်သည်။

ခိုင်ဝါသည် ယခင်က မီမီစိုး သဘောကောင်းသည်ဟု ထင်ခဲ့မိသမျှ အတူနေမှ စိတ်ထားပုပ်မှန်း သိလာရသည်။ သူရိန်စိုးမှာလည်း သူများသားသမီးယူထားပြီး ဝမ်းဝအောင် ကျွေးဖို့ဝေး၍ မိဘအိမ်ကနေပါလာသော ခိုင်ဝါလက်ဝတ်လက်စားများကိုပါ ဖြုန်းတီးရန် ကြံရွယ်နေသည်။ ဒေါ်ညွန့်တင်သည် မိဘဖြစ်သော်လည်း သားသမီးချင်း ကိုယ်ချင်းစာစိတ်မရှိပါ။ သူတို့သားအမိသုံးယောက် မယူခင်ကောင်းပြသည်မှာ အတုအယောင်တွေသာ ဖြစ်နေလေတော့သည်။

( ၄)

ယခုတော့သူတို့အကြောင်းကို ခိုင်ဝါ သိခဲ့ရလေပြီ။ သူရိန်စိုး၏ ယခင်မိန်းမ ဝေဝေနွယ်သည် သူဌေးသမီး ဘာမှမချက်တတ်ဘူးဆိုသော်လည်း အိမ်ထောင်ကျပြီးနောက် ကြိုးစား၍ အိမ်အလုပ်များကို လုပ်ကိုင်ပေးခဲ့သည်။ အိမ်အလုပ်ကို ဘာတစ်ခုမှမလုပ်သူက ဒေါ်ညွန့်တင်နှင့် မီမီစိုးတို့ သားအမိဖြစ်သည်။ သူဌေးသမီး ဝေဝေနွယ်က အသုံးအဖြုန်းကြီး၍ သူရိန်စိုးရှာပေးတာကို မလောက်တာမဟုတ်ဘဲ သူရိန်စိုးက အိမ်စရိတ်လောက်အောင် မပေးသဖြင့် သူ့မိဘအိမ်က ပြန်တောင်းနေရခြင်းဖြစ်သည်။ ဝေဝေနွယ်က သူရိန်စိုး၏ အမေနှင့်ညီမကို ကျွေးထားရ၍ ငြိုငြင်နေခြင်းမဟုတ်ဘဲ သူတို့သားအမိကသာ ဝေဝေနွယ်ဆီက ရလျှင်တစ်မျိုး၊ မရလျှင်တစ်မျိုး အမျိုးမျိုးပြဿနာရှာခဲ့ခြင်းဖြစ်သည်။

ဝေဝေနွယ်၏ ကိုယ်ဝန်သည် ဝေဝေနွယ်နှင့် သူ့မိဘတွေက ဖျက်ချတာမဟုတ်ဘဲ သူတို့သားအမိ မဟုတ်မမှန် ကုန်းချောသဖြင့် သူရိန်စိုးနှင့်ရန်ဖြစ်ရာ သူရိန်စိုးတွန်းလိုက်၍ ပျက်ကျရခြင်းဖြစ်သည်။ ဝေဝေနွယ်၏ မိဘများက အကြောင်းစုံသိသွားပြီး အမှုလုပ်သဖြင့် ဝေဝေနွယ်အား ကွာရှင်းပေးခဲ့ခြင်းဖြစ်သည်။ ထိုအကြောင်းများကို ခိုင်ဝါ နောက်မှသိခဲ့ရခြင်းဖြစ်သည်။ ခိုင်ဝါသည် သူရိန်စိုးနှင့်ကြိုက်နေစဉ်က အမေဆုံးမခဲ့သည်များကို ပြန်ကြားယောင်နေမိသည်။

မေမေစိုးရိမ်စွာ ဆုံးမစဉ်တုန်းကတော့

" အမေ့သမီး ဒီလောက်မအပါဘူး"

ပြန်ပြောခဲ့မိသည်။ ယခုတော့သေချာမစုံစမ်းဘဲ သူတို့ပြောသမျှ နားယောင်ပြီး လက်ထပ်မိခဲ့သောကြောင့် ဒုက္ခရောက်ရပြီဖြစ်သည်။ နောင်တတို့သည် နောင်မှရလေပြီ။ မိဘဆုံးမစကားကိုအလေးမထားခဲ့မိ၍ ခိုင်ဝါ မေမေကိုသာတ၍ အော်ငိုနေရပြီဖြစ်ပါသည်။

"မေမေ့သမီး အတယ်မေမေရေ အတယ် အခုတော့ မေမေပြောသလိုပဲ အရင်လူဖြစ်တဲ့ဝေဝေနွယ်က ဝဋ်ကျွတ်သွားပြီး သမီးကဝဋ်တွေခံနေရတယ် အဲဒါ သမီးအလို့ မေမေရေ အလို့ အဟီး......ဟီး.......ဟီး......." ။ ။

❖ ❖ ❖

## ကျန်းမာစေဖို့ လမ်းလျှောက်စို့

လင်းကြက်ကလေး တွန်လေပြီ
မိုးသောက်လင်းရောင်ခြည်၊
ကျေးငှက်တေးသီ ပန်းစုံမွှေး
မြောက်ပြန်လေကအေး။
နှင်းမှုန်ဖွေးဖွေး ဆောင်းရာသီ
ဒီဇင်ဘာရောက်ပြီ၊
စုပေါင်းစုံညီ လမ်းလျှောက်ဖို့
စောစောထကြစို့။
ကျန်းမာရေးမို့ အလေးထားကာ
အားမာန်အပြည့်ပါ
ညီညီညာညာ ပေါင်းစုလို့
လမ်းလျှောက်ကြပါစို့။
ပျော်လို့ရွှင်လို့ သူ့သူငါ
ရင်းနှီးချစ်ကြည်စွာ၊
ဒီဇင်ဘာ လမ်းလျှောက်ပွဲ
အားလုံးပါဝင်လို့ဆင်နွှဲ
ကျန်းမာစေဖို့ပဲ။ ။

ချစ်စု(ပညာရေး)

## ဂုဏ်

လူ့လောက သဘာဝ
ဂုဏ်ရှိမှ လူရာဝင်၊
ဂုဏ် ဟူသည် အဘယ်ပြား
ဘာများလို့ထင်။
ရုပ်အလှနဲ့ ဓနဂုဏ်အင်
ပြည့်စုံလျှင် ထိုသူအား
ဂုဏ်ရှိသူ လူ့အကြိုက်
ခေါ်ထိုက်သလား။
ဗုဒ္ဓအရှင် ဟောညွှန်ကြား
တို့လူသား ပုထုဇဉ်
သီလ၊ သမာဓိ၊ ပညာ သုံးပါး
အားထုတ်ဂုဏ်တင်။
ဒါမှသာ လူထဲတွင်
ပုထုဇဉ်ကလျာဏ၊
အဖိုးတန်အကျိုးများတဲ့
လူသားပီသ။
လူ့ပြည်ဘုံ ရောက်တုန်းခဏ
တရားမျှတ ကိုယ်ချင်းစာ
လဲနေသူ တွဲထူမနှေး
ဖေးမပေးပါ။
ရိုးသားမှုနဲ့ ချစ်ခြင်းမေတ္တာ
ဒီဂုဏ်သာ အလှဆုံး
လူတိုင်းကိုယ်စီ နှလုံးသားမှာ
ဆွဲထားလို့ပြုံး။ ။

မောင်စိုးငွေ (ကသစ်မြေ)

ဆောင်းပါး

# မြန်မာစာ၊ မြန်မာစကား အလေးထား၍ထိန်းသိမ်းပါ

■ ခင်မောင်မြင့်

ဝေါဟာရတို့ ပေါကြွယ်ဝလာသော ယနေ့ခေတ်ကာလအခြေအနေသည် မီဒီယာစနစ်ကြောင့် အလွန်လျင်မြန်စွာ ရွေ့လျားလာကြသည်။ ခေတ်တစ်ခေတ်စီတိုင်းတွင် အသုံးပြုကြသော ဘာသာစကားအပြင် တီထွင်ထားသည့် “ဗန်းစကား” များကိုလည်း ဖန်တီး၍အသုံးပြုလာကြသည်။

သို့သော် ထိုဗန်းစကားသည် အရပ်သုံး၊ သူငယ်ချင်းသုံးအဖြစ်သာ သုံးကြသည်။ မိခင်ပင်မစကားလုံးများကို ကျော်ဖြတ်၊ ချေဖျက်၍ မရစကောင်းပါ။ စကားလုံးမှ စာသားအဖြစ်သို့ ရေးသားလာသည့်အခါ အန္တရာယ်ရှိလာပြီဖြစ်သည်။ သတ်ပုံ၊ သဒ္ဒါ၊ ဝါကျအထားအသို၊ ဝိဘတ်ဆက်များ၊ ကံနောက်ဆက်၊ ကတ္တားနောက်ဆက်၊ သမ္ဗန္ဓဆက်စပ်အသုံးများ လွဲမှားလာကြသည့် အန္တရာယ်များမြင်တွေ့လာရသည်။

### သာဓကတစ်ခု

မြန်မာနိုင်ငံသည် ဘာသာ၊ ယဉ်ကျေးမှုတို့ဖြင့် ဆက်စပ်သော စကား၊ စာ၊ ကဗျာလင်္ကာ၊ တေးဂီတတို့ဖြင့် ကမ္ဘာ့အလယ်တွင် ရပ်တည်နေသော နိုင်ငံဖြစ်ပါသည်။ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်စံဖြင့် ဂုဏ်သိက္ခာအစဉ်အလာကြီးမားသော နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ ပုဂံခေတ်တွင် ကောက်စိုက်သမပင် ပျို့ကဗျာများဖြင့် ပဋိသန္ဓာရစကား ပြောကြသည်။ သမိုင်းစာမျက်နှာများတွင် မှတ်တမ်းပြုထားသော ကောက်စိုက်တေးများကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါသည်။ ဆောမြို့စား ဦးစီးရေးသားသော “ကောက်စိုက်သမဖွဲ့-ဗုံကြီးသံ”သည် မြန်မာ့အသံ၊ မြန်မာစာလင်္ကာတို့၏ ကိုယ်ပိုင်ဟန်ကို ဖော်ပြကြောင်း သာဓကတစ်ခုဖြစ်ပါသည်။ မြန်မာ့သမိုင်းရာဇဝင်များကို လေ့လာကြည့်လျှင် ခေတ်တစ်ခေတ်စီတိုင်းတွင် ပေါ်ထွန်းခဲ့ကြသော စာဆိုရှင်ကဝိအကျော်အမော်များ မြောက်မြားစွာရှိကြသည်။ နတ်သျှင်နောင်၊ နဝဒေး၊ ရှင်နှောင်း၊ ရှင်အုန်းညို အစရှိသော စာဆိုများ၏အမည်များကို ချရေးရလျှင် စာမျက်နှာပေါင်းများစွာပင် ရှိလေသည်။ ထိုစာဆိုသူရဲကောင်းများတွင် ၁၁၂၆ ခုနှစ်တွင် ဆင်ဖြူရှင်မင်းတရားချီးမြှင့်မြှောက်စားသော “ဘယရန္တမိတ်ဘွဲ့”ခံ အမတ်ကြီးဦးမြတ်စံ(ခေါ်)လက်ဝဲသုန္ဒရအမတ်ကြီးသည် ထင်ရှားသည့်စာဆိုအဖြစ် ပါဝင်သည်။ စာအလင်္ကာတို့၏ အစွမ်းသတ္တိကိုဖော်ပြရာ၌ စာဆိုရှင် လက်ဝဲသုန္ဒရအမတ်ကြီးရေးသားစပ်ဆိုသော “မဲဇာတောင်ခြေရတုပိုဒ်စုံနှင့် ဝေဠုန်းစန္ဒာချီပိုဒ်စုံရတု၏ အစွမ်းကြောင့် ပြည်နှင်ဒဏ်အပြစ်ကိုပင် ပြေပျောက်စေသည်အထိ ဂုဏ်သတ္တိကြီးမားခဲ့ပေသည်။

စကားထဲမှ စာ၊ စာထဲမှလင်္ကာ၊ လင်္ကာမှသည် ဂီတစသည်တို့မှာ အစွမ်းသတ္တိကိုယ်စီရှိကြသည်။ ပျို့ကဗျာများ၏အစွမ်းကြောင့် ဂုဏ်သိက္ခာကြီးမားသကဲ့သို့ စကားတို့၏အဆိပ်ကြောင့် ဝမ်းနည်းကြေကွဲရသော ဇာတ်ပုံဝတ္ထုများလည်း များစွာရှိကြသည်။ လူဆိုသည်မှာ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်အသိပေးရာတွင် စာ(သို့မဟုတ်)စကားကို အသုံးပြုကြရသည်။ ထိုသို့အသုံးပြုရာတွင် အခမ်းအနားစသည်တို့တွင် လေးလေးနက်နက် ခန့်ခန့်ငြားငြားအသုံးပြုကြသော်လည်း အရပ်သုံး ဈေးသည်သုံးတို့တွင်မူ ပေါ့ပေါ့ပါးပါးစကားလုံးများဖြင့်သာ ပြောဆိုလေ့ရှိကြသည်။ ထိုအထဲတွင် တီထွင်ဖန်တီးထားသော “ဗန်းစကား” ဆိုသည်မှာလည်း ခေတ်တိုင်း ခေတ်တိုင်းတွင် ပေါ်ထွက်လာစမြဲပင်ဖြစ်သည်။ လူငယ်လူရွယ်များအချင်းချင်း ပေါ့ပေါ့ပါးပါးပြောဆိုကြသော ဗန်းစကားများရှိသကဲ့သို့၊ နယ်ပယ်အသီးသီးတွင် လောကသားအချင်းချင်း အသုံးပြုသော ဗန်းစကားများလည်း ရှိကြပါသည်။ ဥပမာ-ဇာတ်သဘင်လောကသားများအချင်းချင်း၊ စီးပွားရေးလောကသားများ အချင်းချင်း၊ အားကစားလောကသားအချင်းချင်း၊ နိုင်ငံရေးလောကသားအချင်းချင်း အသုံးပြုကြသော ဗန်းစကားများလည်း ရှိကြသည်။

ယနေ့မျက်မှောက်ခေတ်တွင် “ညေး”-“ခေး”-“ကွိး”-“အာ့က”-“ရှိသယ်”-“တေ p”-“B လိုလုပ်”-“သိပု”စသည်အားဖြင့် တီထွင်အသုံးပြုလာကြသည်။ “ဗန်းစကားတွေဆိုတာ ခေတ်တိုင်းခေတ်တိုင်းမှာ ပေါ်နေမှာပဲ။ ဒီဗန်းစကားတွေကို မသုံးပါနဲ့လို့တော့ ပိတ်ပင်လို့မရဘူး။ ခေတ်အရ ပေါ်လာတာလို့ပဲ မှတ်ယူရမှာပါ။ သို့သော် သူ့နေရာနဲ့သူပေါ့။ နေရာတိုင်းမှာ ဝင်စွက်ဖက်လို့တော့ မရဘူးပေါ့”-ဟူ၍ သဘင်ကောင်စီဥက္ကဋ္ဌဟောင်း တစ်ယောက်မှ အင်တာဗျူးတစ်ခုတွင် ဖြေဆိုခဲ့ဖူးသည်။

### ဗန်းစကားများ

ထိုထို့သော ဗန်းစကားများကို ပျော်ရွှင်စွာ သုံးရင်းသုံးရင်းဖြင့် စကားလုံးများသည် အမှတ်တမဲ့ နှုတ်ကျိုးလက်ယဉ်သွားသည်ထင်အံ့။ စာပေနယ်ထဲသို့ မသိမသာကျူးကျော် ဝင်ရောက်လာကြသည်။ ယနေ့ခေတ်တွင် အွန်လိုင်းစာပေကို စမ်းသပ်ရာမှ တစ်စတစ်စ အောင်မြင်လာကြသည့် သဘောသို့ ရောက်ရှိလာသည်။ မျိုးဆက်သစ်ဝါသနာရှင်များ လက်ရည်သွေးလာကြသည်။ ထိုအခါ ဗန်းစကားများကို အမှုမဲ့အမှတ်မဲ့ ထည့်သွင်းအသုံးပြုလာကြသည်။ ဤတွင် ဦးဆောင်ဦးရွက်ပြုကြသော Facebook Group ခေါင်းဆောင်များအနေဖြင့် လိုက်လံထိန်းသိမ်းရပြန်သည်။ဗန်းစကားဆိုသည်က ပေါ့ပေါ့ပါးပါးနှင့်ချစ်စရာကောင်းသော်လည်း မြန်မာစာပေ၏ဂုဏ်ကို ဖျက်ဆီးနိုင်သောကြောင့် ဆရာများက ခွင့်မပြုပေ။ တားမြစ်ပိတ်ပင်ပေးကြလေသည်။

ထို့ထက်ပို၍ဆိုးသည်ကား စာပေဂုဏ်သိက္ခာကို ပျက်စီးစေသော သတ်ပုံ၊ သဒ္ဒါ၊ ဝါကျအသုံးအနှုန်းများကို မှားယွင်းစွာအသုံးပြုလာကြခြင်းပင်ဖြစ်သည်။ မျိုးဆက်သစ်ဝါသနာရှင်များက မသိမှု၍မှားကြသကဲ့သို့ စီးပွားဖြစ်လုပ်ကိုင်နေကြသော သတင်းစာ၊ ဂျာနယ်များတွင်လည်း အမှားများကို တွေ့မြင်လာရသည်။ “က သတ်နှင့် ပသတ်”မှားသည်။ “ယာနှင့်ရာ” မှားသည်။ “စနှင့်ဆ”မှားသည်။ “တနှင့်တစ်” မှားသည်။ “မှ နှင့် က”မှားသည်။ “ထွက်ခွာရာပြ နှင့် ကြိယာပုဒ်” မှားသည်။ မြန်မာစာပေအတွက် အလွန်မဖြစ်သင့်သောအရာဟု ထင်မြင်မိပါသည်။

“ဝိဘတ်”အသုံးများဖြစ်ကြသော- “သည်၊ က၊ ကို၊ အား၊ သို့၊ မှ၊ ဖြင့်၊ နှင့်၊ ၌၊ မှာ၊ တွင်၊ ဝယ်၊ အတွက်၊ ၏၊ ပြီ၊ မည်”တို့ကို နေရာမှန်အောင် အသုံးမပြုနိုင်ခြင်းကြောင့် ဝါကျ၏ ဆိုလိုရင်းအဓိပ္ပာယ်များ မှားယွင်းကုန်ကြသည်။ ပြုလုပ်သူနှင့် နစ်နာသူ မကွဲပြားနိုင်တော့။ တရားခံနှင့် တရားလို ရောထွေးလာကြသည်။ ဝါကျ၏ဆိုလိုရင်းအဓိပ္ပာယ် ဝေဝါးလာသည်

ထိုအကြောင်းနှင့်ပတ်သက်၍ ဆရာမောင်ခင်မင်(ဓနုဖြူ)ရေးသားသော “သတ်ပုံ၏နေရာ”စာအုပ်ဆောင်းပါးတွင် ရှင်းလင်းရေးသားဖော်ပြထားပါသည်။ ဆရာမောင်ခင်မင်က ဝါကျတစ်ကြောင်းတည်းကို သုံးမျိုးရေးပြသည်။

(၁) ကြက်သည် ဆိတ်ကို ခြံထဲမှကြည့်နေ၏။
(၂) ကြက်သည် ခြံထဲမှ ဆိတ်ကိုကြည့်နေ၏။
(၃) ကြက်ကို ဆိတ်သည် ခြံထဲမှ ကြည့်နေ၏။

ဝါကျ(၁)သည်မူရင်းဖြစ်သည်။ ခြံထဲတွင်ရှိနေသောကြက်သည် နေရာပြမထားသော ဆိတ်ကို ကြည့်ခြင်း အလုပ်လုပ်နေ၏။

ဝါကျ(၂)တွင် “ခြံထဲမှ”ဟူသောပုဒ်နှင့် “ဆိတ်ကို”ဟူသောပုဒ်ကို နေရာပြောင်းလိုက်သည်။ မူလဝါကျအတိုင်းမဟုတ်တော့ဘဲ ကြက်နှင့်ဆိတ်တို့၏ တည်ရှိရာနေရာပြောင်းသွားသည်။ ဝါကျ(၃)မှာ- ကြက်သည် အကြည့်ခံသူဖြစ်သွားပြီး ဆိတ်သည် ကြည့်သူဖြစ်သွားတော့သည်။ ဤကား “သည်” ဟူသော ကတ္တားနောက်ဆက်နှင့် “ကို”ဟူသော ကံနောက်ဆက် စကားလုံးလေးနှစ်လုံး နေရာပြောင်းထားရုံမျှနှင့် အဓိပ္ပာယ်တစ်ခုလုံး ပြောင်းပြန်ဖြစ်သွားတော့သည်

“အမှားကြာလျှင် အမှန်ဖြစ်”“လူညီလျှင် ဤကိုကျွဲဟုဖတ်”ဟူသောဆိုရိုးစကားသည် အမှားကို တွန်းအားပေးနိုင်သကဲ့သို့ သတိပြုရန် မီးမောင်းထိုးပြသည်နှင့်လည်းတူသည်။ “ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်”ဟူသော ဆိုရိုးစကားအရ ကျွန်ုပ်တို့ကိုယ်တိုင်ကအစ ပြုပြင်ရပေမည်။ အမှားပြင်ရမည်ကို ကြောက်စရာမလို အမှားတွင်သွားမည်ကိုသာ ကြောက်ရန်လိုပါသည်။ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိတွင် ညောင်ရမ်းဆရာတော်ဘုရားကြီး ပျံလွန်တော်မူ၍ ဆဋ္ဌမသင်္ဂါယနာတင်ရန် ဥက္ကဋ္ဌလိုအပ်လာသည်။

မစိုးရိမ်ဆရာတော်အား ရွေးချယ်ရန် အများကသဘောတူကြသည်။ ရွေးချယ်ပွဲထုံးစံအရ တချို့ကသဘောမတူချင်ကြပေ။

“မစိုးရိမ်ဆရာတော်က စကားကို ခဏခဏပြင်တတ်တယ်၊ ဥက္ကဋ္ဌမတင်ထိုက်ဘူး”ဟု ကန့်ကွက်သူများလည်း ပေါ်ထွက်လာ၏။ထိုအခါဆရာတော်က “ပုထုဇဉ်ဆိုတာ အမှားနဲ့မကင်းနိုင်ဘူး။ ကိုယ်မှားတာကို သိသိကြီးနဲ့မပြင်တာမှ အပြစ်ဖြစ်တယ်။ ရွေးချင်ရွေး မရွေးချင်နေ တပည့်တော်က တော့မှားမှန်းသိတာနဲ့ ပြင်ရမှာပဲ”ဟု ပြတ်သားစွာမိန့်တော်မူခဲ့လေသည်။

ကျွန်ုပ်တို့၏စာ၊ ကျွန်ုပ်တို့၏စကားသည် ကျွန်ုပ်တို့၏ ဂုဏ်သိက္ခာပင်ဖြစ်ပါသည်။ ထိုကဲ့သို့ ဂုဏ်သိက္ခာရှိသော မြန်မာတို့၏ စာ၊ စကား၊ အလင်္ကာတို့ကို မပျောက်ပျက် မတိမ်ကောမပျက်စီးစေရန် ထိမ်းသိမ်းစောင့်ရန်တာဝန်သည် မြန်မာလူမျိုးတို့၏ တာဝန်ပင်ဖြစ်သည်။ ရှေးပညာရှင်ကြီးများ ရေးသားစပ်ဆိုခဲ့သော ပျို့၊ ကဗျာ၊ လင်္ကာစသည်တို့ကိုလည်း နှောင်းလူများအနေဖြင့် ပြင်ဆင်တည်းဖြတ်၍ ပြန်လည်ပို့ချခြင်းသည် အလွန်မဖြစ်သင့်၊ မပြုလုပ်သင့်ဟု ယူဆမိပါသည်။ ရှေးစာဆိုပညာရှိကြီးများ၏ခေတ်ကဲ့သို့ ပြန်မဖြစ်နိုင်လျှင်သော်မှ ထိုထိုသောစာဆိုပညာရှိတို့၏ လက်ဆင့်ကမ်းပေးခဲ့ကြသော စာပေများကို ယုတ်လျော့ခြင်းမဖြစ်စေရန် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။ ။

## သံသရာအတွက်

တွေ့ဆုံကြုံကွဲ လူတို့ဘုံ
မေတ္တာလွှမ်းလို့ခြုံ။
ရေစက်မကုန် ညှော်သည်ချင်း
ရန်ငြိုးမာန်တွေကင်း။
ချမ်းသာဆင်းရဲ မခွဲပါ
ထားရှိစေတနာ။
မုဒိတာကို ရင်မှာပွား
ဖြူစင်နှလုံးသား။
မေတ္တာထားလို့ ရှေ့ဆက်ကွယ်
လောဘမောဟပယ်။
လူ့ဘုံအလယ် ဂုဏ်သတင်း
ပန်းလိုရနံ့သင်း။
ကူညီရိုင်းပင်း စိတ်ထားဖြူ
များကျိုးသယ်ပိုးယူ။
တွဲလို့ထူပါ နိုင်သလောက်
မှန်သောလမ်းပေါ်လျှောက်။

မင်းဝေအောင်(ရဲကျွန်း)

# (၁၀၅)ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာပြန်ကျော်မေးပွဲဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၉

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၁၀၅)ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာပြန်ကျော်မေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် စေတီတော်ရင်ပြင် ရာဟုထောင့်အောင်မြေရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။



အခမ်းအနားသို့ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ စေတိယင်္ဂဏနာယက ဩဝါဒါစရိယဆရာတော်ကြီးများ၊ စာထောက်၊ စာမဆရာတော်များ၊ နိဗဒ္ဓသံဃာတော်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့မှ စာဖြေသံဃာတော်များ ကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဒါယကာ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ဩဝါဒါစရိယ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒွိပိဋကဓရဝိနယဒီဃနိကာယပါဠိပါရဂူ ဘဒ္ဒန္တနာဂိတထံမှ ဒါယကာ ဒါယိကာမများက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာပြန်ကျော်မေးပွဲကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဦးငွေးလှိုင်က အဖွင့်စကားပြောကြားပြီး ဩဝါဒါစရိယဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာပြန်ကျော်မေးပွဲဩဝါဒါစရိယ၊ တိပိဋက ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သ.စ.အ ဓမ္မာစရိယ (ဝဋံသကာ) ပါဠိပါရဂူ ဘဒ္ဒန္တနာရဒါဘိဝံသထံမှ စာပြန်ကျော်မေးပွဲနှင့် စပ်လျဉ်း၍ ဩဝါဒခံယူကြသည်။ စေတိယင်္ဂဏ စာပြန်ကျော်မေးပွဲကို ၁၃၄၅ ခုနှစ် (၆၇)ကြိမ်မြောက်ကာလမှစ၍ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က တာဝန်ယူကျင်းပခဲ့ရာ ယခုဆိုလျှင် (၁၀၅)ကြိမ်မြောက်အထိ ရှိပြီဖြစ်သည်။

ယခင် (၁၀၄)ကြိမ်မြောက် စာပြန်ကျော်မေးပွဲတွင် သီးခြားစာချတန်းမှ သံဃာလေးပါးနှင့် သီးခြားစာသင်တန်းမှ သံဃာ ၁၁ ပါး စုစုပေါင်းသံဃာတော် ၁၅ ပါးတို့ အောင်မြင်တော်မူခဲ့ကြသည်။ ယခုနှစ် (၁၀၅)ကြိမ်မြောက် စာပြန်ကျော်မေးပွဲတွင် သီးခြားစာချတန်း၌ ၃၇ ပါး၊ သီးခြားစာသင်တန်း၌ ၂၁၂ ပါး စုစုပေါင်း ၂၄၉ ပါးတို့ စာရင်းပေးသွင်းထားကြပြီး ယနေ့မှစ၍ သီးခြားစာသင်တန်း ၁၉၁ ပါး အာဂုံပြန်ဆိုကြမည်ဖြစ်သည်။

နံနက် ၁၀ နာရီခွဲတွင်လည်း ရွှေတိဂုံစေတီတော်ရင်ပြင် ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းနှင့် ရောင်တော်ပွင့်တန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စေတိယင်္ဂဏနာယက ဩဝါဒါစရိယဆရာတော်ကြီးများ၊ စာထောက်၊ စာမဆရာတော်များ၊ နိဗဒ္ဓသံဃာတော်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ စာဖြေသံဃာတော်များအား ဂေါပကအဖွဲ့ဝင်က နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## အဖြူဆုံးနှင့် အမည်းဆုံး




စာရေးသူမေတ္တာရှင်(ရွှေပြည်သာ)ရေးသားသည့် အဖြူဆုံးနှင့် အမည်းဆုံး စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်၌ လိုရင်းတိုရှင်းဟောခြင်းခေါင်းစဉ်တွင် စာလုံး ၁၀၀ ဖြင့် ရေးရမည့်နေရာတွင် စာလုံး ၁၀ လုံးဖြင့် ပြီးအောင်ရေးနိုင်သူကို စာရေးဆရာကောင်းဟုခေါ်သကဲ့သို့ စကားလုံး ၁၀၀ ဖြင့် ပြောရမည့်နေရာတွင်စကားလုံး ၁၀ လုံးဖြင့်ပြီးအောင် ဟောနိုင်သူကို တရားဟောကောင်း၊ ဓမ္မကထိကကောင်းဟုခေါ်ပေသည်။အကျယ်ကိုအကျဉ်းချုပ်နိုင်ခြင်းသည် ဩဇဂုဏ်ပင်ဖြစ်သည်။ တရားတိုသည်ကို လူတိုင်းက ကြိုက်ကြသည်မှာ အကြောင်းမဲ့မဟုတ်။ ထိုဩဇဂုဏ်ကြောင့်ပင်ဖြစ်သည်။ တရားပွဲများတွင် မိမိသိစေလိုသောရည်ရွယ်ချက်ကို ပရိသတ်ရင်ထဲရောက်သွားပြီဟု ယူဆသောအချိန်တွင် တရားပွဲကို ချက်ချင်းရပ်သင့်သည်။

ဟောပြောသောရည်ရွယ်ချက်ပြီးနေပါလျက် ညတရားပွဲကြီးဟောနေတာ ၄၅ မိနစ်ပဲ ရှိသေးတယ် တရားကသိပ်တိုနေလို့မဖြစ်သေးပါဘူး။ နောက်ထပ်နာရီဝက်လောက်ဆက်ဟောလိုက်ဦး မယ်ဟူသောအတွေးသည် အောင်မြင်သောဓမ္မကထိကဘဝသို့ မရောက်အောင် တားဆီးပိတ်ပင်တတ်သော အတွေးပင်ဖြစ်သည်။ မိမိပြောလိုသော ရည်ရွယ်ချက်ပြီးဆုံးချိန်တွင် ဟောနေသောတရားကို ချက်ချင်းသိမ်းတတ်ခြင်းသည် အောင်မြင်သော ဓမ္မကထိကဘဝသို့ရောက်စေရန်မျိုးစေ့ကို စတင်စိုက်ပျိုးလိုက်ခြင်းပင် ဖြစ်ပေသည်။ အကျဉ်းကို အကျယ်ချဲ့ဟောမှ ပိုပြီးစိတ်ဝင်စားမည်။ ပိုပြီးနားလည် မည်ဆိုလျှင်ကား အကျယ်ချဲ့ ဟောသင့်တာကို အကျယ်ချဲ့ ဟောရပါမည်။ တကယ်လိုအပ်၍ အကျဉ်းကို အကျယ်ချဲ့ဟောခြင်းသည် ဩဇဂုဏ်တစ်ပျိုးပင် ဖြစ်သည်။

စာအုပ်ကို ရွှေပြည်သာစာပေ၊ ဖုန်း-၀၉ ၇၉၄၁၂၀၂၁၂နှင့် ၀၉ ၄၄၃၃၅၉၀၆၀မှ တန်ဖိုးငွေကျပ် ၄၀၀၀ဖြင့် ဖြန့်ချိသည်။

## ထောက်ကြံ့သမိုင်းနှင့် မနုဿဗေဒအမြင်




စာရေးသူ ငွေးကျော်(မဟာဝိဇ္ဇာ) စီစဉ်ရေးသားသည့် ထောက်ကြံ့သမိုင်းနှင့် မနုဿဗေဒအမြင် စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကုန်းဘောင်ခေတ်မှ မျက်မှောက်ခေတ် ကာလ (ခရစ် ၁၇၅၂-၂၀၂၀)အထိ ထောက်ကြံ့ရွာ၏ ရာဇဝင်သမိုင်း ဖြစ်စဉ်ဖြစ်ရပ်များနှင့် ထောက်ကြံ့ရွာဖြစ်ပေါ်လာပုံ၊ စံပြကျေးရွာအဖြစ် တိုးတက်လာပုံ၊ မြို့အဖြစ်ဖွံ့ဖြိုးတိုးတက်လာပုံများကို မြန်မာရာဇဝင်သမိုင်းအထောက်အထားများကိုးကား၍ လေ့လာဆန်းစစ် တင်ပြထားသည်။ ထိုစာအုပ်၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ မြို့ရွာများအနက် သမိုင်းမှတ်တမ်းမတင်ရသေးသော မြို့ရွာများအတွက် သမိုင်းဖော်ထုတ်ရေးသားရာတွင် အထောက်အကူရရှိစေရန်၊ နောင်လာနောက်သားများအတွက် သိရှိမှတ်သား ဗဟုသုတများရရှိစေရန်နှင့် မြို့ရွာအုပ်ချုပ်ရေးကဏ္ဍအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ထောက်ကြံ့သမိုင်းကို အသေးစိတ်မြို့နယ်မှတ်တမ်းပမာ ထဲထဲဝင်ဝင်လေ့လာပြီး ဘက်စုံရေးသားတင်ပြထားသည့်အပြင် မနုဿဗေဒအမြင်ကိုပါ ထပ်မံထည့်သွင်းထားသဖြင့် ပြီးပြည့်စုံသော ကျမ်းတစ်စောင်ကဲ့သို့ ဖြစ်သွားသည်။

မြန်မာ့ယဉ်ကျေးမှုတန်ဖိုးထားပုံစနစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ၊ မြန်မာ့ဒြပ်ရှိ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို သမိုင်းတန်ဖိုး၊ ရှေးဟောင်းယဉ်ကျေးမှုစံတန်ဖိုး၊ အမွေအနှစ်စံတန်ဖိုးများဖြင့် ဖော်ပြထားသောကြောင့် ပညာရပ်လောက၊ သုတေသီလောက၊ သမိုင်းကို ချစ်မြတ်နိုးတန်ဖိုးထားသောသူများ၊ ဗဟုသုတရှာမှီးလိုသူများ လေ့လာနိုင်စေရန် ရေးသားထားသည်။

စာအုပ်ကို ရွှေအိမ်စံစာပေ၊ အမှတ်(၃)၊ ဦးဘသင်းလမ်း၊ ပဲခူးလမ်းရပ်ကွက်၊ ထောက်ကြံ့မြို့။ ဖုန်း-၀၉ ၇၉၅၇၀၇၂၈၇မှ တန်ဖိုးငွေကျပ် ၅၀၀၀၀ဖြင့် ဖြန့်ချိသည်။

## ညိုပေါ်နှင့် စစ်အချစ် ဘဝသရုပ်ဖော်စာစုများ




စာရေးသူ ကျော်ထွဋ်ခေါင်၊ ခွန်သက်တင်ဆန်း၊ ရဲကျော်နှင့် မင်းထက်ကျော်ဇောတို့ စုစည်းရေးသားထားသည့် ညိုပေါ်နှင့် စစ်အချစ် ဘဝသရုပ်ဖော်စာစုများစာအုပ် ထွက်ရှိလာသည်။

ညိုပေါ်ရေ ဒီစာလေးကို ငါအချိန်လေးရတုန်း ရေးလိုက်ပေမယ့် နင့်ဆီကို ဒီစာပေးဖြစ်ပဲ့မလား မသိဘူး။ ငါလေ ညိုပေါ်အတွက် ရေးထားပေမယ့် ငါကိုယ်တိုင်လည်း နင့်ဆီကို ဒီစာပေးဖြစ်ဖို့တော့ သိပ်မသေချာလှပါဘူး။ ဘာပဲဖြစ်ဖြစ် ဒီစစ်ဆင်ရေးကအပြန်မှာ ညိုပေါ်တစ်ယောက် ချစ်ရတဲ့သူနဲ့ လက်ထပ်ရတော့မှာဖြစ်တဲ့အတွက် ငါ နင့်အတွက် ဝမ်းသာပေးပါတယ် ညိုပေါ်ရယ်။ နင်အိမ်ထောင်ပြုသွားလို့ နင့်ရဲအရိပ်တွေအောက်က တဖြည်းဖြည်း ဝေးသွားရတော့မယ့် ငါ့ရဲ့ခံစားမှုတွေကိုတော့ နင်သိအောင် ငါမပြောရက်တော့ပါဘူး။ ဘာပဲဖြစ်ဖြစ် နင်ပျော်နေရင်ပြီးတာပါပဲ ညိုပေါ်ရယ်။ ညိုပေါ်ကို ချစ်တဲ့တို့။

ကျဆုံးသွားခဲ့သည့် ညိုပေါ်တစ်ယောက်အတွက် နာကျင်နာကျည်းစွာဖြင့် ညိုပေါ်ကိုယ်စား ရန်သူ့ဘန်ကာအတွင်းသို့ ရဲရဲဝံ့ဝံ့ဖြင့် ဝင်ရောက်၍ ရန်သူ့ထံ အတင်းပြေးဝင် ကျားတက်ထိုး ပစ်ခတ်ရင်း ရန်သူ့ပစ်ခတ်မှုများအောက်တွင် ကျဆုံးသွားခဲ့သည့် စစ်မြေပြင်သူနာပြုစစ်သည်လေး ခင်မောင်မြင့်၏ အင်္ကျီအိတ်အတွင်းမှ သွေးအလူးလူးစွန်းပေနေသည့် စာလေးတစ်စောင်ကို ကြေကွဲဆို့နင့်စွာ ဖတ်ရှုရင်း တပ်ခွဲအရာခံဗိုလ်ကြီး တစ်ယောက် အမြင်အာရုံများက မှုန်ဝါးရီဝေလျက်ရှိတော့သည်။

စာအုပ်ကို အော်ကျူးမီဒီယာ၊ ဖုန်း-၀၉ ၅၁၇၆၉၃၆နှင့် မိုးကျော်စာပေ၊ ဖုန်း-၀၉၂၅၀၀၂၂၃၀တို့မှ တန်ဖိုးငွေကျပ် ၆၀၀၀ဖြင့် ဖြန့်ချိသည်။

## ရုပ်ဆိုးပေးတဲ့ ဝေဒနာနှင့် အခြားဝတ္ထုတိုများ




စာရေးသူ မေတ္တာရှင်(ရွှေပြည်သာ) ရေးသားသည့် ရုပ်ဆိုးပေးတဲ့ ဝေဒနာနှင့် အခြားဝတ္ထုတိုများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် နောက်ဆုံးပေါ်ရောဂါ ခေါင်းစဉ်ဖြင့် တစ်ရပ်ကွက်လုံးသို့ မီးအားပေးသော ထရန်စဖော်မာကြီး၏ အထက်ပိုင်း ဓာတ်ကြိုးများမှ မီးစတွေတဖွားဖွားထွက်ကျနေသည်ကို အခမဲ့ FB သတင်းသမားတစ်ယောက်က ဖုန်းဖြင့် ဗီဒီယိုရိုက်ပြီး လိုက်လွှင့်နေသည်။ သူ့နှုတ်မှလည်း ရှေ့ဖြစ်နိုင်ခြေများကို ပြောပြနေသည်။

"အခုဆိုရင် ဓာတ်ကြိုးတွေက မီးပွားတွေ ထွက်ကျနေပါပြီ။ သေချာပါတယ်။ ဓာတ်ကြိုးမှာ ရှော့ဝင်နေတာပါ။ ခဏကြာရင် ထရန်စဖော်မာပုံးကြီး ပေါက်ကွဲတော့မှာပါ။ ဒီလိုပေါက်ကွဲသွားတာကို တိုက်ရိုက်ကြည့်ခွင့်ရဖို့ဆိုတာ မလွယ်ပါဘူး။ ဒါကြောင့် ကျွန်တော့်ရဲ့ FB မိတ်ဆွေတွေ တိုက်ရိုက်ကြည့်ခွင့်ရအောင် ကျွန်တော် ဘေးအကုန်ခံပြီး တိုက်ရိုက် လွှင့်ပေးနေတာပါ"

ခဏကြာလျှင် ဝုန်းဟူသော အသံကြီးနှင့်အတူ ထရန်စဖော်မာကြီးသည် ထပြီး ပေါက်ကွဲသွားပါတော့သည်။ မီးရှူးမီးပန်းများ ဖောက်လိုက်သကဲ့သို့ ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်သွားသည်။ မီးတောက်များက ပတ်ဝန်းကျင် အရပ် ၁၀ မျက်နှာသို့ ထိုးထွက်သွားတော့သည်။

ထို့အပြင် အကြောင်းအရာ ၁၀ ပုဒ်ကျော်ကို စိတ်ဝင်စားဖွယ် ရေးသားထားသည်။

စာအုပ်ကို ရွှေပြည်သာစာပေ၊ ဖုန်း-၀၉ ၇၉၄၁၂၀၂၁၂ နှင့် ၀၉ ၄၄၃၃၅၉၀၆၀ မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။

# အာမေးနီးယား-အဇာဘိုင်ဂျန်ဆက်ဆံရေးမြှင့်တင်မည့် သဘောတူညီချက်ကို ကုလသမဂ္ဂအကြီးအကဲ ကြိုဆို

ကုလသမဂ္ဂ ဒီဇင်ဘာ ၉

အာမေးနီးယားနှင့် အဇာဘိုင်ဂျန်တို့အကြား ဆက်ဆံရေးမြှင့်တင်မည့် သဘောတူညီချက်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ကြိုဆိုကြောင်း ၎င်း၏ပြောရေးဆိုခွင့်ရှိသူ ဒူဂျာရစ်က ဒီဇင်ဘာ ၈ ရက်တွင် ပြောကြားခဲ့သည်။

"အာမေးနီးယားနဲ့ အဇာဘိုင်ဂျန်တို့ရဲ့ ယုံကြည်မှုတည်ဆောက်ရေး ဆောင်ရွက်ချက်တွေကို ပုံမှန်ဖြစ်အောင် လုပ်မယ်ဆိုတဲ့ ကတိကဝတ်တွေကို ထပ်လောင်းအတည်ပြုကြောင်း အတွင်းရေးမှူးချုပ်က ကြိုဆိုပါတယ်" ဟု ပြောရေးဆိုခွင့်ရှိသူ ဒူဂျာရစ်က ပြောကြားခဲ့သည်။

နှစ်နိုင်ငံအကြား အပြန်အလှန်ယုံကြည်မှု မြှင့်တင်ရန်နှင့် ဒေသအကျိုးအတွက် ရေရှည်ငြိမ်းချမ်းရေးရရှိရန် သဘောတူညီချက်ကို တည်ဆောက်ရေး အဆိုပါနှစ်နိုင်ငံအား ကုလသမဂ္ဂက တိုက်တွန်းခဲ့ကြောင်းလည်း ဒူဂျာရစ်က နေ့စဉ်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။


အာမေးနီးယားနှင့် အဇာဘိုင်ဂျန်နိုင်ငံတို့သည် စစ်သုံ့ပန်းများကို လွှတ်ပေးခြင်းဖြင့် ယုံကြည်မှုတည်ဆောက်ရေး ခြေလှမ်းများကို အကောင်အထည်ဖော်ဆောင်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း ဒီဇင်ဘာ ၈ ရက်တွင် ပြောကြားခဲ့သည်။

ထို့ပြင် ယင်းနှစ်နိုင်ငံက အပြန်အလှန်ဆက်ဆံရေးကို ပုံမှန်ဖြစ်စေရန် ရည်ရွယ်သည့် ငြိမ်းချမ်းရေးစာချုပ်ကို ချုပ်ဆိုရန် ရည်ရွယ်ထားကြောင်း သိရသည်။

အာမေးနီးယားနှင့် အဇာဘိုင်ဂျန်တို့သည် ၁၉၈၈ ခုနှစ်ကတည်းက နိုင်ငံတကာက အသိအမှတ်ပြုထားသော နာဂါနို-ကာရာဘက်ဒေသတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီထားချိန်မှ စတင်ကာ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို စတင်ခဲ့ခြင်းဖြစ်သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အလင်းသစ်





# သီရိလင်္ကာနိုင်ငံ၌ ယခုနှစ် ပထမ ၁၁ လအတွင်း ခရီးသွားလုပ်ငန်းမှရရှိသည့် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံရှိ

ကိုလံဘို ဒီဇင်ဘာ ၉

သီရိလင်္ကာနိုင်ငံ၌ ခရီးသွားလုပ်ငန်းမှ ရရှိသည့်ဝင်ငွေမှာ ဇန်နဝါရီမှ နိုဝင်ဘာလကုန်အထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံအထိ မြင့်တက်ပြီး အဆိုပါပမာဏသည် ၂၀၂၂ ခုနှစ် အလားတူ ကာလထက် ၇၈ ဒသမ ၃ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း သီရိလင်္ကာဗဟိုဘဏ်၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ခရီးသွားလုပ်ငန်းမှ ရရှိသောဝင်ငွေသည် ယခုနှစ် နိုဝင်ဘာလတွင် ဒေါ်လာ ၂၀၅ ဒသမ ၃ သန်းအထိတိုးလာပြီး ယမန်နှစ် နိုဝင်ဘာလတွင် ရရှိသောဝင်ငွေ၏ နှစ်ဆကျော်ရှိကြောင်း သိရသည်။

နိုင်ငံတွင်းသို့ လေကြောင်းလိုင်းများ ပိုမိုဝင်ရောက်လာကာ ၂၀၂၄ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု ပိုမိုတိုးမြင့်လာဖွယ်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီး အလီဆာဘရီက ဒီဇင်ဘာ ၇ ရက်တွင် ပြောကြားသည်။

သီရိလင်္ကာနိုင်ငံသည် နိုဝင်ဘာလတွင် နိုင်ငံတကာ ခရီးသွား ၁၅၁၄၉၆ ဦးကို ကြိုဆိုခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် လစဉ်လာရောက်လည်ပတ်သူ အများဆုံးဖြစ်ကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

သီရိလင်္ကာနိုင်ငံ၏ ယခုနှစ် ပထမ ၁၁ လအတွင်း ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုမှာ ၁ ဒသမ ၂၇ သန်းရှိကြောင်း သီရိလင်္ကာခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့က ဆိုသည်။

ခရီးသွားလုပ်ငန်းသည် သီရိလင်္ကာနိုင်ငံ၏ ထိပ်တန်းနိုင်ငံခြားဝင်ငွေရရှိစေသော လုပ်ငန်းတစ်ခုဖြစ်သည်။ လာမည့်ခရီးသွားရာသီတွင် နိုင်ငံခြားသားခရီးသွားများ ပိုမိုလာရောက်စေရန်ရည်ရွယ်ပြီး အစိုးရက နိုဝင်ဘာလနှောင်းပိုင်းမှစပြီး တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ရုရှား၊ ထိုင်း၊ မလေးရှားနှင့် ဂျပန်နိုင်ငံတို့မှ နိုင်ငံသားများအတွက် ဗီဇာကင်းလွတ်ခွင့်ပေးခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

# ပါလက်စတိုင်းပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများပို့ဆောင်ရန် ဂါဇာကမ်းမြောင်နှင့် အစ္စရေးကြားရှိ ကီရီရမ်ရှာလွမ်နယ်စပ်ဖြတ်ကျော်ဂိတ်ကို မကြာမီ ဖွင့်လှစ်နိုင်ဖွယ်ရှိ

ဂျေရုဆလင် ဒီဇင်ဘာ ၉

စစ်ဘေးသင့် ပါလက်စတိုင်းပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ရန် ဂါဇာကမ်းမြောင်နှင့် အစ္စရေးကြားရှိ ကီရီရမ်ရှာလွမ်နယ်စပ်ဖြတ်ကျော်ဂိတ်ကို မကြာမီ ဖွင့်လှစ်နိုင်ဖွယ်ရှိကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ကို ဖြတ်ကျော်ဝင်ရောက်ပြီး အကူအညီများ ပို့ဆောင်ရန် ညှိနှိုင်းမှုများ လုပ်ဆောင်နေကြောင်း ကုလသမဂ္ဂကယ်ဆယ်ရေးအဖွဲ့ အကြီးအကဲက ယမန်နေ့တွင် ပြောကြားသည်။

အစ္စရေးတပ်မတော်က ဆက်လက်ထိုးစစ်ဆင်လျက်ရှိသည့်အတွက် နယ်မြေအတွင်း အခြေအနေသည် ပိုမိုဆိုးရွားလျက်ရှိသည်။

ဂါဇာကမ်းမြောင်နှင့် အစ္စရေးကြားရှိ ကီရီရမ်ရှာလွမ်နယ်စပ်ဖြတ်ကျော်ဂိတ်ကို မကြာမီ ဖွင့်လှစ်နိုင်ဖွယ်ရှိပြီး ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းစဉ်အတွက် ကြီးမားသော တွန်းအားပေးမှုတစ်ခု ဖြစ်လာနိုင်သည်ဟု လူသားချင်းစာနာထောက်ထားမှုရေးရာဆိုင်ရာ လက်ထောက်အထွေထွေအတွင်းရေးမှူး မာတင်ဂရီဖစ်က ပြောကြားသည်။

အစ္စရေးတပ်မတော်သည် ၎င်းတို့၏ တိုက်ခိုက်မှုများကို ပြင်းထန်စွာလုပ်ဆောင်လျက်ရှိသည်။

ဒီဇင်ဘာ ၇ ရက်နှင့် ၈ ရက်တွင် တောင်ပိုင်း Khan Younis အပါအဝင် ဂါဇာကမ်းမြောင်ဒေသရှိ အဓိကပစ်မှတ် ၄၅၀ ခန့်ကို အစ္စရေးတပ်မတော်က တိုက်ခိုက်ခဲ့သည်။ ဟားမတ်စ်ခေါင်းဆောင် Yahya Sinwar သည် ဂါဇာဒေသတွင် ပုန်းအောင်းလျက်ရှိသည်ဟု အစ္စရေးတပ်မတော်က ယုံကြည်သည်။

လွန်ခဲ့သည့် ၄၈ နာရီအတွင်း အစ္စရေးတပ်ဖွဲ့ဝင်များသည် လူ ၂၀၀ ကျော်ကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဒယ်နီရယ်ဟာဂါရီက သတင်းထောက်များအား ဒီဇင်ဘာ ၈ ရက်တွင် ပြောကြားခဲ့သည်။

ဟားမတ်စ်တပ်မှူးများ အပါအဝင် လူပေါင်းများစွာကို စစ်ဆေးမေးမြန်းရန်အတွက် အစ္စရေးနိုင်ငံသို့ ခေါ်ဆောင်သွားခဲ့ကြောင်း ၎င်းက ဆိုသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်



# သီရိလင်္ကာနိုင်ငံတွင် ငွေကြေးတည်ငြိမ်စေရန်အတွက် ADB က အမေရိကန်ဒေါ်လာ သန်း ၂၀၀ ထုတ်ချေးမည်




ကိုလံဘို ဒီဇင်ဘာ ၉

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) သည် သီရိလင်္ကာနိုင်ငံသို့ ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ တည်ငြိမ်မှုရှိစေရေး ကူညီဆောင်ရွက်ပေးသည့်အနေဖြင့် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ထုတ်ချေးမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၈ ရက်တွင် ပြောကြားခဲ့သည်။

ADB ၏ ထုတ်ပြန်ချက်တွင် ဘဏ္ဍာရေးကဏ္ဍ တည်ငြိမ်ရေးနှင့် ပြုပြင်ပြောင်းလဲရေး အစီအစဉ်အတွက် ဒေါ်လာ သန်း ၂၀၀ ကို ထုတ်ချေးမည်ဖြစ်ကြောင်းနှင့် သီရိလင်္ကာနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာ အကျပ်အတည်း ရေတိုတည်ငြိမ်မှုနှင့် စီမံခန့်ခွဲမှုအစီအမံများ ဆောင်ရွက်ရန် ချေးငွေထုတ်ချေးမည့် အစီအစဉ်ကို ယခုနှစ်အတွင်း စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် သီရိလင်္ကာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍတွင် တိုးတက်မှုပြန်လည်ရရှိရန်အတွက် ပြုပြင်ပြောင်းလဲမှုများနှင့် ရေရှည်လုပ်ဆောင်မှုများအပေါ် အာရုံစိုက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ပြောကြားခဲ့သည်။

အဆိုပါ အစီအစဉ်သည် သီရိလင်္ကာနိုင်ငံ ဘဏ်လုပ်ငန်းကဏ္ဍ၏ တည်ငြိမ်မှုနှင့် အုပ်ချုပ်မှုစနစ်ကို အားကောင်းစေမည်ဖြစ်သည်။ ဘဏ်လုပ်ငန်းကဏ္ဍ အရည်အသွေးကို မြှင့်တင်ရန်၊ အထူးသဖြင့် အမျိုးသမီးများ ဦးဆောင်သော အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ရေရှည်တည်တံ့ပြီး အားလုံးပါဝင်နိုင်သည့် ဘဏ္ဍာရေးကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အလင်းသစ်

# အမေရိကန်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့ အပါအဝင် နိုင်ငံ ၁၂ နိုင်ငံသို့ မြန်မာ့အထည်အလိပ်ကို အဓိက တင်ပို့

နေပြည်တော် ဒီဇင်ဘာ ၉

အမေရိကန်၊ ဂျပန်၊ ကိုရီးယားနိုင်ငံ အပါအဝင် နိုင်ငံ ၁၂ နိုင်ငံသို့ မြန်မာ့အထည်အလိပ်ကို အဓိက တင်ပို့နေကြောင်းစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၏ ပြောကြားချက်အရ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် အထည်ချုပ် ကဏ္ဍမှ ပြည်ပတင်ပို့ရာတွင် CMP စနစ်ဖြင့်ဆောင်ရွက်သည့်လုပ်ငန်းဆောင်ရွက်မှုမှာ အများဆုံးဖြစ်ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အထည်ချုပ်လုပ်ငန်းမှ နိုင်ငံပေါင်း ၁၀၀ ကျော်ကို အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံကိုတင်ပို့နိုင်ခဲ့သည်။

"လက်ရှိ ဘဏ္ဍာနှစ်မှာလည်း နိုင်ငံပေါင်း ၈၀ ကျော်ကို အဓိကထားတင်ပို့လျက်ရှိပါတယ်။ ဂျပန်၊ ပိုလန်၊ စပိန်၊ ဂျာမနီ၊ ကိုရီးယား၊ ယူကေ၊ နယ်သာလန်၊ အီတလီ၊ အမေရိကန်၊ ပြင်သစ်၊ ဒိန်းမတ်နဲ့ ဘယ်လ်ဂျီယံတို့ဟာ အဓိကတင်ပို့တဲ့ ဈေးကွက်များ ဖြစ်ပါတယ်"ဟု ဦးမင်းမင်းက ဆိုသည်။

CMPစက်ရုံများမှ လိုအပ်နေသည့် အထည်အလိပ်ကုန်ကြမ်းများကိုလည်း လုပ်ငန်းအပ်နှံသည့် နိုင်ငံများက တရုတ်နိုင်ငံဈေးကွက်မှ တစ်ဆင့် ကုန်အဓိကတင်သွင်းလျက်ရှိပြီး ယခုနှစ်အထည်အလိပ်ကုန်ကြမ်းတန်ဖိုးအမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်တင်သွင်းခဲ့ရာတွင်လည်း တရုတ်နိုင်ငံမှတင်သွင်းမှုရာခိုင်နှုန်း ၉၀ ရာခိုင်နှုန်းကျော် ရှိခဲ့ကြောင်း ဒုတိယဝန်ကြီးက ဆိုသည်။

"မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့ဟာ ကုန်သွယ်မှုလုပ်ငန်းများကိုနှစ်ပေါင်းများစွာဆောင်ရွက်ခဲ့ကြတဲ့အိမ်နီးချင်းနိုင်ငံတွေ ဖြစ်ပါတယ်။ နှစ်နိုင်ငံအနေနဲ့ ပင်လယ်ရေကြောင်းကုန်သွယ်မှုရော၊ နယ်စပ်ကုန်သွယ်မှုပါ လက်တွဲညီညီဆောင်ရွက်ခဲ့ကြတဲ့အတွက်ကြောင့် ကုန်သွယ်မှုပမာဏဟာ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာတာကိုတွေ့ရမှာဖြစ်ပါတယ်"ဟုလည်း ဦးမင်းမင်းက ဆိုသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် CMP လုပ်ငန်းများ၏ကုန်ကြမ်းပစ္စည်းတင်သွင်းမှုနှင့် ကုန်ချောပစ္စည်းတင်ပို့မှုကို အဆင်ပြေစေရေး Myanmar Tradenet 2.0 online system ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ MT

# ခရစ္စတယ်ပဲလေ့စ်အသင်းကို အနိုင်ရပြီး လီဗာပူးအသင်း အမှတ်ပေးဇယားထိပ်ဆုံး၌ ယာယီဦးဆောင်ခွင့်ရရှိ



ပရီမီယာလိဂ်ပွဲစဉ်(၁၆)ရဲ့ ဒီဇင်ဘာ ၉ ရက် ညပိုင်း အစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ လီဗာပူးအသင်းတို့ ပွဲစဉ်မှာ လီဗာပူးအသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးမှာ ယာယီဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အိမ်ရှင်ဖြစ်တဲ့ ခရစ္စတယ် ပဲလေ့စ်အသင်းက ဒုတိယပိုင်းပွဲကစားချိန် ၅၇ မိနစ်မှာ မာတီတာရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင် ရရှိခဲ့ပြီး လီဗာပူးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို တော့ ပွဲစားချိန် ၇၆ မိနစ်မှာ တိုက်စစ်မှူး မိုဟာမက်ဆာလာကတစ်ဂိုးနဲ့ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို တစ်မိနစ်မှာ အီလီယော့ကတစ် ဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ လီဗာပူးအသင်းအတွက် သွင်း ဂိုးတစ်ဂိုးသွင်းယူပေးခဲ့တဲ့ တိုက်စစ်မှူး ဆာလာ ဟာ ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ ယှဉ်ပြိုင်ကစား ခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် ၁၃ ပွဲမှာ သွင်းဂိုး ၁၃ ဂိုး အထိ တိုက်ရိုက်ပတ်သက်မှုရှိခဲ့ပြီဖြစ်ပါတယ်။

ဒါ့ပြင် တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ လီဗာပူးအသင်းနဲ့အတူ သွင်းဂိုး ၂၀၀ ပြည့်မြောက် ခဲ့တာလည်းဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ ခရစ္စတယ်ပဲလေ့စ်အသင်းကို အနိုင်ရရှိခဲ့တာ ကြောင့် ပရီမီယာလိဂ်ပွဲစဉ် ၁၆ ပွဲယှဉ်ပြိုင်ကစားပြီး ချိန်မှာ ၁၁ ပွဲနိုင်၊ လေးပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၃၇ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင် ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

○ ရှမ်းယူနိုက်တက်မှ

ခြောက်မှတ်အသာရထားပြီး ယခုပွဲတွင် တစ်မှတ်ရရုံဖြင့် ဗိုလ်စွဲမည်ဖြစ်သော်လည်း အနိုင်ရလဒ်နှင့်အတူ လက်ကျန်တစ်ပွဲအလိုတွင် ချန်ပီယံဆုရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် ဗိုလ်စွဲခဲ့သဖြင့် MNLပြိုင်ပွဲသမိုင်းတစ်လျှောက် ပထမဆုံးအဖြစ် စံချိန်တင် လေးရာသီဆက် ဗိုလ်စွဲခဲ့ပြီး ၂၀၁၁၊ ၂၀၁၂ နှင့် ၂၀၁၃ ရာသီတွင် ရန်ကုန်အသင်းတင်ရှိထားသည့် သုံးရာသီဆက်ချန်ပီယံဆုကို ၂၀၁၉၊ ၂၀၂၀၊ ၂၀၂၂၊ ၂၀၂၃ (၂၀၂၁ တွင် ပြိုင်ပွဲမကျင်းပဖြစ်) ရာသီတို့တွင် လေးရာသီဆက် ဗိုလ်စွဲခဲ့ပြီး စံချိန်သစ် တင်နိုင်ခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် နောက်ဆုံးခြောက်ရာသီအတွင်း ငါးကြိမ်မြောက် ချန်ပီယံဆုရခဲ့ခြင်းဖြစ်ပြီး ရန်ကုန်အသင်းရရှိထားသည့် ချန်ပီယံဆု ငါးကြိမ်ကိုလည်း လိုက်မီခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ကာ ပွဲထွက်ခဲ့ပြီး ကချင်ယူနိုက်တက်အသင်းသည် တန်းဆင်းရပြီဖြစ်သော်လည်း ရလဒ်ကောင်းရယူနိုင်ရန် လူစုံအသုံးပြုခဲ့သည်။ ကချင်ယူနိုက်တက်အသင်းသည် ရှမ်းယူနိုက်တက်ကို အကောင်းဆုံးတုံ့ပြန်ခဲ့ပြီး ဦးဆောင်ဂိုးသွင်းယူနိုင်သည့်အပြင် အခက်တွေ့အောင် ကစားနိုင်ခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကိုရှမ်းယူနိုက်တက်အသင်း ခေါင်းဆောင် နန္ဒကျော်က ရရှိသည်။ ယခုပွဲ အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၂၁ ပွဲကစား ၅၉ မှတ်ဖြင့် ချန်ပီယံဖြစ်ခဲ့ပြီး ကချင်ယူနိုက်တက်အသင်းက ၂၁ ပွဲကစား ၁၀ မှတ်ရရှိထားသည်။

ရှမ်းယူနိုက်တက်အသင်းသည် ၂၀၂၀ ပြည့်နှစ်ကတည်းကရရှိထားသော ရှုံးပွဲမရှိစံချိန်မှာ ၅၅ ပွဲဆက်ဖြစ်လာပြီး ဒီဇင်ဘာ ၁၈ ရက်တွင်ကစားမည့် ရန်ကုန်နှင့်ပွဲတွင် အနိမ့်ဆုံးသရေကစားနိုင်ပါက တစ်ရာသီလုံး ရှုံးပွဲမရှိစံချိန်ကိုပါ ထပ်မံရရှိမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ၂၀၁၉ နှင့် ၂၀၂၂ ရာသီတွင်လည်း တစ်ရာသီလုံးရှုံးပွဲမရှိ စံချိန်ဖြင့် အမှတ်ပေးချန်ပီယံဆုရရှိထားသည်။

ပွဲစဉ် (၁၆) နောက်ဆုံးနေ့အဖြစ် ဒီဇင်ဘာ ၁၀ ရက်တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး မဟာယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-သော်ကြီး


သက်ရှည်ကျန်းမာဖို့
စားသုံးဆီကို
တတ်နိုင်သမျှ
လျှော့စားစို့

မိတ္တာမေတ္တာ
ဒဂုံမြို့သစ်ဆိပ်ကမ်း အင်ရှော့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း
ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ
ဈေးကောင်းပေးဝယ်လိုသည်။
09 422 848 224


## ပတ်စ်ပို့ပျောက်

(ဘ) ဦးမောင်မောင်ဝင်း၏သား မောင်မျိုးအောင်ဝင်း [၁၂/တကန(နိုင်)၂၄၄၀၄၆]၏ နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၃၀၈၄၁၃၁

## ပျောက်ဆုံးကြောင်း

(ဘ) ဦးဝင်းအောင်၏ သား ကျော်ဇင်အောင် [၈/ဆပဝ(နိုင်)၁၀၂၃၆၂]၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၇၈၉၈၄၈၂

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် သ-၄၊ ဦးပိုင်အမှတ်(၇၇)/၇၀ x ၇၁ ကြား၊ ၁၁၅ x ၁၁၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လောဆုံ[၉/မရတ(ပြု)၀၀၀၀၀၁]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ်-၅၉၀/၁၅၊ ဦးပိုင်အမှတ်(၅၀)/၇၃ x ၇၄ ကြား၊ MITC နှင့် မင်္ဂလာလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်ကျော်ဝင်း (ခ) ရန်ကွေ့ယုံ [၁၃/တယန(နိုင်)၀၀၀၃၀၅]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးခင်မောင်ဦး၏ သမီး မခင်သန္တာဦး[၁၂/မဂဒ(နိုင်)၁၈၃၉၉၁]၏ နိုင်ငံကူးလက်မှတ် (M.D- 980266)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၅၀၆၀၈၇၄၈

## အမှားပြင်ဆင်ချက်

(၈-၁၂-၂၀၂၃)ရက် ကြေးမုံသတင်းစာ၊ စာမျက်နှာ-၂၁ ရှိ တရားလွှတ်တော်ရှေ့နေ ဒေါ်မြသက်ဝေ၏ အများသိစေရန် ကြေညာချက်တွင် မချစ်ယုထွေး (Grade-4)၏ မိခင် ဒေါ်ခင်မာထွေး (ကွယ်လွန်)အား ဒေါ်ဇင်မာထွေးဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သ. က. မ-၁၀)၊ (၁၂)ရပ်ကွက်၊ ရွှေဝါထွန်း(၆)လမ်း၊ မြေကွက်အမှတ်-၄၂၀(ခ)ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀x၆၀)ပေရှိ ဦးထွန်းဝေ အမည်ပေါက် ပါမစ်မြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းဘက်ခြမ်းရှိ (၁၀ x ၆၀)ပေ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးနိုင်ထူး [၁၂/လသယ(နိုင်)၀၉၉၅၅၄] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးအောင် [၁၂/လယန(နိုင်)၀၀၅၁၃၄] မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ်(၈၄၆)၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အောင်ချမ်းသာရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်(ခ/၃၁၀)ဟုခေါ်တွင်သော သန်လျင်မြို့၊ အောင်ချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ်( ၃ )၊ မြေကွက်အမှတ်(ခ/၃၁၀)၊ ဧရိယာ(၀.၀၅၈)ဧက၊ မ. ဝ. တ မှ ဌာနေဦးအုန်းကြည်သို့ ချထားပေးသော မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်အရပ်ကတိစာချုပ် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ပိုင်ရှင်ဖြစ်ပြီး၊ လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဒေါ်ဥမ္မာအောင် (ဘ)ဦးသန်းအောင် [၁၂/စခန(နိုင်)၀၂၅၂၄၃] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေး ချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း၊ အရောင်းအဝယ် ကတိစာချုပ်မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၈၅၁၆၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က)ရပ်ကွက်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်-၈/၁၀၊ A-5၊ တိုက်ခန်း၏ ပိုင်ဆိုင်သူ ဒေါ်ဝင်းဝင်းလှိုင်[၁၂/မရက(နိုင်)၁၁၃၂၉၄)]ထံမှ ကျွန်ုပ်ဒေါ်ချိုမီမီဝင်း[၁၂/သဃက(နိုင်)၁၇၁၈၅၄]မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် (၆-၁၂-၂၀၂၃နှင့် ၇-၁၂-၂၀၂၃)ရက်နေ့များတွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်ပြီး ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့အား လူကိုယ်တိုင်လာရောက် ဆက်သွယ်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူ မရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည် အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ချိုမီမီဝင်း[၁၂/သဃက(နိုင်)၁၇၁၈၅၄]**

**ဖုန်း-၀၉-၇၉၉၈၄၄၂၆၅၊ ၀၉-၅၃၀၂၀၇၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၀/ဘီ၊ မြေကွက်အမှတ်- II Class ၃ ဝိုင်/၂ အေ၊ ဧရိယာ(၀.၀၃၁) ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၆၊ ဘိုးရာဇာလမ်း၊ (ယခင် ဦးဘာဝါလမ်း)၊ (၉)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး**ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးနှင့် မြို့ပြနှင့်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် အမည်ပေါက်ပြီး၊ ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော (ဖခင်) ဦးသန်းစိန်၏ သားသမီးများဖြစ်ကြသည့် ၁။ ဦးကြည်ဝင်း [၁၂/လမတ(နိုင်)၀၀၆၁၁၄]၊ ၂။ ဦးအောင်ဝင်း [၁၂/လမတ(နိုင်)၀၃၅၂၇၄]၊ ၃။ ဒေါ်တင်တင်ဌေး [၈/မကန(နိုင်)၀၀၉၁၆၆]၊ ၄။ ဒေါ်ချိုချို [၁၂/ပဇတ(နိုင်)၀၂၅၀၅၂]၊ ၅။ ဒေါ်ရီရီ [၁၂/ဗဟန(နိုင်)၀၄၆၉၇၆]၊ ၆။ ဒေါ်သန်းသန်းမြင့် [၁၂/လမတ(နိုင်)၀၀၇၁၂၇] တို့ထံမှဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက သတင်းစာကြော်ငြာပါသည့်နေ့မှ စ၍ (၁၄)ရက်အတွင်း ခိုင်မာသည့်အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်အတည်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဦးမောင်မောင်သန်း** | **ဦးသိန်းနိုင်** | **ဒေါ်ချိုချိုခိုင်** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၀၈၂)** | **(စဉ်-၁၄၀၅၃)** | **(စဉ်-၁၀၇၁၅)** |

**အမှတ်-၉/၁၁၊ အခန်း(၃၀၁)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၄၈၀၂၂၉၀၀၊ ၀၉-၄၄၃၁၅၁၂၈၅**

## "ကန့်ကွက်နိုင်ပါကြောင်း" အများသိစေရန် ကြေညာခြင်း


ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ အင်ကြင်းမြိုင်လမ်း၊ အမှတ်(၁၈၉)၊ (၄၀ပေ x ၆၀ပေ)၊ ဧရိယာအကျယ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးချစ်ကြည် TKA-019609 အမည်ဖြင့် မှတ်သားတည်ရှိပြီး၊ ယင်းမြေကွက်ပေါ်ရှိ တရားဝင်မခွဲစိတ်ရသေးသည့် အမှတ်(၁၉၀)နှင့်ကပ်လျက်(၂၀ပေx၆၀ပေ)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အရောင်းအဝယ် အရပ်ကတိဆက်စပ်စာချုပ်ဖြင့် ဝယ်ယူထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဦးကျော်မျိုးဇင်[၁၂/ပဇတ(နိုင်)၀၃၀၂၇၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချယ်ရီထွန်း(ခ)ဒေါ်အေးပပထွန်း[၁၂/လကန(နိုင်)၀၂၇၂၂၀]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချမှုကိုကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်အောင်(LL.B) အထက်တန်းရှေ့နေ(စဉ်-၂၂၅၅၅)**
**အမှတ်(၁၆၄၃)၊ သိပ္ပံမောင်ဝလမ်း၊ (၄၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၅၀၆၀၄၃**














## ပျောက်ဆုံးကြောင်း

မောင်အောင်ကျော်စိုး[၉/နထက(နိုင်)၂၁၈၀၇၇]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ Ph:09-963875822

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် လ-ဂ၊ ဦးပိုင်အမှတ်(၃၉)/၆၈ x ၆၉ ကြား၊ ၁၁၃ x ၁၁၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစန်းဝင်း [၁၂/ဥကမ(နိုင်)၀၅၉၀၂၀]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၃၀၀/၂၀၀၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဖြူဖြူခိုင်(ခ) ဒေါ်နန်းယဉ်ထွန်း[၁၃/တယက(နိုင်)၀၂၅၇၇၀]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်-ထထ-၃၄၊ ဦးပိုင်အမှတ်(၂၇)/ ၅၆ x ၅၇ ကြား၊ ကျွန်စစ်သားနှင့် ဗန္ဓုလလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်မြင့်ရီ(ခ)ရင်ဟုန်[၁၃/သပန(နိုင်)၀၀၀၇၉၉]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၁၃၁/၂၀၁၉) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမိုးသူ[၁၃/နခတ(နိုင်)၀၇၆၈၉၀]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်- အ-၁၈၊ ဦးပိုင်အမှတ် (၇၁)/၇၂x ၇၃ လမ်းကြား၊ ရတနာလမ်းနှင့် မင်းကြီးရန်နောင်လမ်းကြား မြေကွက်အား တောဂရန်အမှတ်တွဲ အမှတ်-(၂၅၇၂/ ၉၀-၉၁) အရ ဒေါ်ခင်သန်းနွဲ့ [၉/မနမ (နိုင်)၀၃၀၃၇၄] အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဦးသိန်းရွှေ(ခ)ဂျူးချောင် [၉/အမရ(နိုင်)၀၄၅၄၁၆]မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-( ၁/ထူပါရုံ )၊ မြေကွက်အမှတ်-( ၉ )အရ မြေဧရိယာ-( ၀. ၀၄၁ )ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-( ၉ )၊ မြင်တော်သာလမ်း၊ (၁/ထူပါရုံ)-ရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးခိုင်ဝင်း (ခ) ဖူလဟာ ( ၁၂/ကတတ(ပြု)၀၀၀၁၈၇ )အမည်ပေါက်ပိုင်ဆိုင်ပြီး၊ ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို အပြီးချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ခိုင်ဇင်လတ်(ဥပဒေဘွဲ့)
အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၀)
အမှတ်-(၁၇၆)၊ ပထမထပ်၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၁-၈၃၉၇၂၃၄၊ ၈၃၉၇၂၃၅၊၈၂၉၆၁၃၂။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀)တောင်ရပ်ကွက်၊ ရှုခင်းသာလမ်း၊ အမှတ်(၈၃၂/က) အကျယ်အဝန်းပေ(၂၀x၆၀)ရှိ ဦးမောင်ငွေး (ဘ)ဦးမန်းအေးမောင်(MMA ၁၀၉၆၆၇)၊ ဒေါ်ငြိမ်းအေး (ဘ)ဦးလှမောင် [၁၂/သကတ(နိုင်)၀၆၉၄၈၄] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်အဆက်ဆက်ဖြင့် လက်ရှိထား ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဦးသန်းရွှေ [၁၂/သကတ(နိုင်)၀၆၅၆၆၉] ထံမှကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းမိုင် (LL.B, D.M.L)** **ဒေါ်ပြုံးရီ(LL.B, D.M.L, D.I.L,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၄၂) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၀၁)**
**အမှတ်-၅၅၇/၅၆၇၊ အခန်း(၉၀၃)၊ ဇလွှာ(MACTower)၊ မဟာဗန္ဓုလ ပန်းခြံလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၉၉၄၇၅၈၆၀၊ ၀၉-၄၃၁၅၈၀၆၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၀၊ မြေကွက်အမှတ်-၁၂၄၅၊ မြေကွက်တည်နေရာအမှတ်- ၁၂၄၅၊ ၁၃၀ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒေါ်တင်နွဲ့ (CG-၀၅၃၁၆၅) အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်စာချုပ် အဆက်အစပ်များဖြင့် ဝယ်ယူထားသူ ဦးရန်နိုင်ဇင်ဦး [၁၂/ဥကတ(နိုင်)၁၆၂၂၀၀] မှ ပါမစ်မူရင်းအရပ်စာချုပ်အဆက်စပ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား မြေစာရင်းမှတ်ချက်ရှိ ၂၀၂၂ ခုနှစ်တွင် ဒေါ်ခင်နွယ်အောင်မှ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားခြင်းအား ပိတ်သိမ်းခဲ့သော်လည်း ဦးမြင့်အောင်မှ ကန့်ကွက်ထားခြင်းအား ရှင်းလင်းစေခဲ့ရာ လျှောက်ထားသူမှ ဝင်စာအမှတ် ၁၂၅၆၅/၁၆-၁၀-၂၀၂၃တွင် ကန့်ကွက်သူ ဦးမြင့်အောင်ဆိုသူအား လုံးဝမသိရှိပါကြောင်း၊ မြေကွက်နှင့်ပတ်သက်၍ မည်သည့်အတွက်ကြောင့် ကန့်ကွက်သည်ကိုလည်းမသိကြောင်း ယခုတင်ပြသောပါမစ်မူရင်းနှင့်ဆက်စပ်စာချုပ်များအား လက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် ပြဿနာအရှုပ်အရှင်းပေါ်ပေါက်ပါက တာဝန်ယူကြောင်း၊ အမည်ပေါက်၏ မှတ်ပုံတင်အမှတ်အား တင်ပြပါမစ်နှင့်စာချုပ်မတူညီရခြင်းမှာ ပါမစ်တွင် မှတ်ပုံတင်အမှတ်ရေးသွင်းထားပြီး၊ စာချုပ်တွင် နိုင်ငံသားကတ်ဖြင့် ဖျက်သိမ်းချုပ်ဆိုထားခြင်းဖြစ်ကြောင်း၊ အမည်ပေါက်အား မည်သို့မျှဆက်သွယ်၍မရခဲ့ပါသဖြင့် ပါမစ်ဝယ်ယူစဉ်က ရရှိခဲ့သော ပါမစ်ပါမှတ်ပုံတင်အမှတ်ပါဝင်သော နိုင်ငံသားစိစစ်ရေးကတ်မိတ္တူရရှိခဲ့သဖြင့် ပူးတွဲတင်ပြပြီး လျှောက်ထားမြေကွက်နှင့်ပတ်သက်၍ အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူပါကြောင်း ထပ်မံဝန်ခံကတိပြု၍ ရှင်းလင်းတင်ပြထားပါသည်။ လျှောက်ထားမှုအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်ပြီး ကွင်းဆင်းသည်ကို သိရှိကြောင်း လျှောက်ထားသူမှ လက်မှတ်ရေးထိုးပေးပါသည်။ သို့ပါ၍ ဦးရန်နိုင်ဇင်ဦးမှ ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/ဒက္ခိဏသီရိအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၂၉)၊ မြေဧရိယာ(၃.၇၅)ဧကရှိ ဣန္ဒြိတံကုမ္ပဏီလီမိတက် အမည်ပေါက်(ပါမစ်)မြေကွက်ကို ဣန္ဒြိတံကုမ္ပဏီလီမိတက်အမည်ဖြင့် မြေငှားစာချုပ် ထုတ်ယူခွင့်ပြုပါရန် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၀၇၀၉/၂၀၂၂)(၃-၁၁-၂၀၂၃)ရရှိထားသူ ဒေါ်မီမီသက်ဦးခင်(ဘ)ဦးသက်ဦး [၉/ပမန(နိုင်)၂၁၈၄၅၀]မှ အထွေထွေကိုယ်စားလှယ်လွှဲစာမူရင်း၊ ဆောက်လုပ်ခွင့်ပြုမိန့်မူရင်း၊ မြေဖိုးငွေသွင်းချလန်မိတ္တူများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၂-စီ^ခ)၊ ကာယရပ်ကွက်၊ ကာယ (၉)လမ်း၊ မြေကွက်အမှတ် (၃/၆၄-ဃ) ဟုခေါ်တွင်သော အကျယ်အဝန်း (၀.၂၄၆) ဧကရှိ ဦးသန်းထွန်းအမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်ကြီးနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးသန်းထွန်း [၁၂/စခန(နိုင်)၀၂၅၀၆၇] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကတ- ၁)၊ လူနေရပ်ကွက်အမှတ် (၁၁/၇)၊ တေးဥယျာဉ် (၇) လမ်း၊ မြေကွက်အမှတ် (၆၁၆/ခ) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀x၆၀) ပေ၊ (၀. ၀၂၇၅) ဧက၊ ၁၂၀၀ စတုရန်းပေရှိ ဦးစိုးပိုင်အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးစိုးပိုင် [၁၂/အစန(နိုင်)၀၂၅၃၃၁]၊ (SDY-၀၇၃၆၉၉) ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## "အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မေတ္တာ(၄)လမ်း၊ အမှတ်(၂၇၂)နေ ဒေါ်သော်ယမင်းထွန်း (ဘ)ဦးထွန်းလွင် [၁၃/ရစန(နိုင်)၀၈၅၅၅၃] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သော်ယမင်းထွန်းသည် **A Thout Ta Line/ အသောက်တလိုင်း** အမည်ဖြင့် Page ဖွင့်ကာ မိမိတတ်ကျွမ်းထားသော အတတ်ပညာများကို အသုံးပြုပြီး စီးပွားရေးလုပ်ငန်းကို ကောင်းမွန်သောဂုဏ်သတင်းဖြင့် မှန်ကန်စွာလုပ်ကိုင်ဆောင်ရွက်နေသူဖြစ်ပါသည်။

အချို့သောသူများသည် ကျွန်ုပ်မိတ်ဆွေအသုံးပြုနေသော Facebook Page အမည်နှင့်လုပ်ငန်းတို့ကို ထိခိုက်စေလိုသော ရည်ရွယ်ချက်ဖြင့် Facebook နှင့် ဆက်သွယ်ရေးကွန်ရက်များကို အသုံးပြုကာ ကျွန်ုပ်မိတ်ဆွေ၏ Facebook Page စာမျက်နှာအောက်တွင် Page နှင့် မသက်ဆိုင်သော ပုတ်ခတ်စော်ကားသည့် အရေးအသားများ ရေးသားဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ကျွန်ုပ်မိတ်ဆွေ၏ Facebook Page အမည်ဂုဏ်သတင်းနှင့် လုပ်ငန်းတို့ကို မမှန်မကန်ရေးသားခြင်း၊ Page နှင့်မသက်ဆိုင်သော အကြောင်းအရာများ Comment မန့်ခြင်း၊ ပုဂ္ဂိုလ်ရေးထိပါးစော်ကားရေးသားခြင်း၊ အသရေဖျက်နှောင့်ယှက်ခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို ကျွန်ုပ်မိတ်ဆွေ၏ ညွှန်ကြားချက်အရ သိရှိရပါသည်။

သို့ပါ၍ ကျွန်ုပ်မိတ်ဆွေတစ်ဦးတည်း (Admin)အသုံးပြုနေသော **A Thout Ta Line/ အသောက်တလိုင်း** အမည်ဖြင့် Facebook Page ကိုလည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေ၏ လုပ်ငန်းတို့ကိုလည်းကောင်း ပုတ်ခတ်ရေးသားခြင်း၊ Page နှင့်မသက်ဆိုင်သော အကြောင်းအရာများ Comment မန့်ခြင်း၊ မမှန်မကန်ရေးသားခြင်း စသည့်မည်သည့်ဆောင်ရွက်မှုကိုမျှ မပြုပါရန်နှင့် ဆောင်ရွက်ထားမှုများရှိပါက ဤကြေညာစာပါသည့်နေ့မှစ၍ (၃)ရက်အတွင်း ပယ်ဖျက်ပေးရန် တားမြစ်တောင်းဆိုလိုက်ပါသည်။ အကယ်၍ ဆက်လက်ပြုမူလုပ်ဆောင်မှုများ တွေ့ရှိပါက ဆောင်ရွက်သူ မည်သူကိုမဆို သက်ဆိုင်ရာ တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ညွှန်ကြားချက်အရ**
**ဦးနိုင်သူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၈၃၀)**
**အမှတ်(C/၆၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၇၈၅၀၇၈၁၉၁၊ ၀၉-၆၉၇၄၁၁၄၂၁**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

## မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း (ဗဟို) အလုပ်အမှုဆောင်အဖြစ် ရွေးကောက်ခံရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာချက်

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း အခြေခံစည်းမျဉ်း၊ အခန်း (၉)၊ အပိုဒ် (ခ) အရ အလုပ်အမှုဆောင်အဖွဲ့ (၂၀၂၄-၂၀၂၆) ဖွဲ့စည်းရန် အဖွဲ့ဝင် (၁၈) ဦး ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် အောက်ပါတို့ကို အသိပေး ကြေညာအပ်ပါသည် -

(၁) အလုပ်အမှုဆောင်အဖွဲ့ (၂၀၂၄-၂၀၂၆) ကို ဖွဲ့စည်းမည့် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များ ညီလာခံကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း ကျင်းပပါမည်။

(၂) အလုပ်အမှုဆောင်အဖြစ် ရွေးကောက်တင်မြှောက်ခံရန် ဆန္ဒရှိသော တိရစ္ဆာန်ဆေးကုဆရာဝန်သည် အောက်ပါအချက်နှင့် ညီညွတ်ပါက မြန်မာနိုင်ငံ တိရစ္ဆာန် ဆေးကုဆရာဝန်များအသင်း (ဗဟို)က ထုတ်ပေးမည့် အမည်စာရင်း တင်သွင်းလွှာတွင် ရေးသွင်း၍ အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ရေးကော်မတီသို့ စာရင်းအဆိုပြု တင်သွင်းနိုင်ပါသည်။

(က) နိုင်ငံသားဖြစ်ခြင်း။
(ခ) ဘီအက်(စ်)စီ (တိရစ္ဆာန်ဆေးပညာ)၊ ဘီဗွီအက်(စ်)၊ ဘီဗွီအက်(စ်)စီ ဘွဲ့ရ (သို့မဟုတ်) ပြည်ပတက္ကသိုလ် တစ်ခုခုပေးအပ်ပြီး မြန်မာနိုင်ငံ တိရစ္ဆာန် ဆေးပညာကောင်စီကလည်း အသိအမှတ်ပြုထားသည့် အလားတူ တိရစ္ဆာန်ဆေးပညာဘွဲ့ကို ရရှိပြီးသူဖြစ်ခြင်း။
(ဂ) တိရစ္ဆာန်ဆေးပညာကောင်စီတွင် မှတ်ပုံတင်ခွင့်ရရှိထားသူ တိရစ္ဆာန်ဆေးကုဆရာဝန်ဖြစ်ပြီး ကောင်စီ စည်းကမ်းထိန်းသိမ်းရေးကော်မတီက မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်းမခံရသူ ဖြစ်ခြင်း။
(ဃ) မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း (ဗဟို) အသင်းဝင် ဖြစ်ခြင်း။
(င) ဝန်ထမ်းမဟုတ်သူဖြစ်ခြင်း။
(စ) အလုပ်အမှုဆောင်အဖွဲ့တွင် တစ်ဆက်တည်း သက်တမ်း (၃) ကြိမ်အထိ ဆောင်ရွက်ခဲ့သူ မဟုတ်ခြင်း။
(ဆ) အသင်းဝင် သက်တမ်း အနည်းဆုံး တစ်ဆက်တည်း (၃)နှစ်ရှိသူ ဖြစ်ခြင်း။
(ဇ) မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်း (ဗဟို)၏ အလုပ်အမှုဆောင်အဖြစ် ရွေးချယ်ခံရန် လျှောက်ထားသည့် တိရစ္ဆာန်ဆေးကု ဆရာဝန်များသည် အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ထ) ပါ တာဝန်ကို အသင်းအဖွဲ့က လိုက်နာရန် ပျက်ကွက်ပါက အသင်း၏ မှတ်ပုံတင်လက်မှတ်အား ပယ်ဖျက်ခံရမည်ဖြစ်သဖြင့် ပုဒ်မ ၃၈ ပါ တားမြစ်ချက်များ၊ ပုဒ်မ ၅၇ နှင့် နည်းဥပဒေ ပုဒ်မ ၅ နှင့် ၆ပါ အမှုဆောင်၏ အရည်အချင်းများနှင့် ကိုက်ညီသူ ဖြစ်ရပါမည်။

(၃) အလုပ်အမှုဆောင်လောင်း အမည်စာရင်းတင်သွင်းမည့်ပုံစံများကို မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း အခြေခံစည်းမျဉ်း (၂၀၁၈ ခုနှစ်)၊ အခန်း (၁၀)၊ အမှတ်စဉ် ၂၂၊ စာပိုဒ်ခွဲ (ခ) ပါ အချိန်ပိုင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ ဖြစ်သော ပြည်ထောင်စု နယ်မြေ (နေပြည်တော်)အပါ တိုင်းဒေသကြီး / ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးများ၌ အခမဲ့ ရယူနိုင်ပါသည်။

(၄) အမည်စာရင်းတင်သွင်းလွှာပုံစံကို လူကိုယ်တိုင် လက်မှတ်ထိုး၍ မြန်မာနိုင်ငံ တိရစ္ဆာန် ဆေးကုဆရာဝန်များအသင်း (ဗဟို) တတိယထပ်၊ မြန်မာနိုင်ငံငါး လုပ်ငန်း အဖွဲ့ချုပ် အဆောက်အဦ၊ ဘုရင့်နောင်လမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 09-775452872 သို့ လူကိုယ်တိုင်ဖြစ်စေ၊ မှတ်ပုံတင်စာဖြင့် စာတိုက်မှဖြစ်စေ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်း (ဗဟို)၏ Email လိပ်စာ **mvaelection@gmail.com** သို့ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၉)ရက် သောကြာနေ့ (၁၆:၃၀) နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။ သတ်မှတ်သည့် နေ့ရက်၊ အချိန်ထက်နောက်ကျရောက်ရှိလာသော အမည်စာရင်းတင်သွင်းလွှာကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

(၅) သိရှိလိုသော အချက်များရှိပါက 09-5188298 ကို ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ရေးကော်မတီ**

## လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊ အမှတ် (၆၃/ဘီ)၊ ပထမထပ် (၃၊ ၄)လွှာ တိုက်ခန်းတစ်စုံ၌နေထိုင်နေသူ ဒေါ်မြင့်မြင့်ခိုင်နှင့် အများသိစေရန်ကြေညာခြင်း

